# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်၊ သောကြာနေ့ အတွဲ (၅၇)၊ အမှတ် (၀၉၇)


# ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် နှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဇနီး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ ဘွဲ့တံဆိပ်ရရှိကြသူများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့က လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညစာစားပွဲ တည်ခင်း

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးတို့သည် ညနေ ၆ နာရီခွဲတွင် အခမ်းအနားကျင်းပမည့် နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်သို့ ရောက်ရှိကြပြီး ညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး ဒေါ်နန်းကြင်ကြည်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာ၊

*စာမျက်နှာ ၄ ကော်လံ ၁* ◆



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

သတင်းစဉ်


KBZ BANK

STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by FinanceAsia 2017

မြန်မာ့အလင်း

# ကျယ်ကျယ်ပြန့်ပြန့် ပညာပေး ထိထိရောက်ရောက် အရေးယူ

ပြီးခဲ့သည့်နှစ် ၂၀၁၇ ခုနှစ်အတွင်း ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် ယာဉ်မတော်တဆဖြစ်ပွားမှုနှုန်း လျော့ကျခဲ့ရာထိခိုက်ဒဏ်ရာရမှုနှင့် လူသေဆုံး မှုနှုန်းလည်းလျော့နည်းခဲ့သည်။ ၂၀၁၆ ခုနှစ်ကမူ အမြန်လမ်းမကြီးပေါ် ယာဉ် မတော်တဆ ဖြစ်ပွားမှုနှုန်းနှင့် လူသေဆုံးမှုနှုန်းမှာ ခြောက်နှစ်တာအတွင်း အမြင့် ဆုံးဖြစ်ခဲ့ပြီး ယာဉ်မတော်တဆမှု ၇၄၄မှု၊ သေဆုံးသူ ၁၇၀ ရှိခဲ့ကြောင်း အမြန် လမ်းရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့်နှစ်က အမြန်လမ်းမကြီးပေါ် ယာဉ်မတော်တဆမှု ၅၃၉ မှု၊ ထိခိုက် ဒဏ်ရာရသူ ၈၆၃ဦးနှင့် သေဆုံးသူ ၁၁၆ ဦးရှိခဲ့ရာ ယာဉ်မတော်တဆမှုလျော့ နည်းသွားသည်နှင့်အမျှ လူသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှု အရေအတွက်တို့လည်း လျော့ကျသွားရခြင်းဖြစ်သည်။ယင်းကဲ့သို့သော ရလဒ်ကောင်းများ ရရှိလာခဲ့ ခြင်းမှာ ပညာပေးမှုနှင့် ဖမ်းဆီးအရေးယူမှုများကို ပိုမိုပြုလုပ်ခဲ့ခြင်းကြောင့် ဟူသော အကြောင်းရင်းက အဓိကဖြစ်သည်ဟုလည်း သိရသည်။ အမြန်လမ်း ယာဉ်မတော်တဆမှု ဖြစ်စဉ်များတွင် အဖြစ်အများဆုံးမှာ ယာဉ်ကိုမဆင်မခြင် မောင်းနှင်ခြင်းနှင့် အရှိန်လွန်မောင်းနှင်ခြင်းတို့ကြောင့် ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားသည့်ဖြစ်စဉ်များက အများဆုံးဖြစ်ရာ လူတို့၏ အမှားကသာ အများဆုံး ဟု ဆိုရမည်ဖြစ်သည်။

ယာဉ်မတော်တဆမှုများ ဖြစ်ပွားရခြင်းတွင် ယာဉ်ကြံ့ခိုင်မှုအားနည်းခြင်း၊ ရာသီဥတုဆိုးရွားခြင်း၊ လမ်းတည်ဆောက်မှုတွင် ချွတ်ယွင်းအားနည်းချက်များ ရှိခြင်း၊ ယာဉ်မောင်း၏ကျွမ်းကျင်မှုနှင့် ရုပ်ပိုင်း၊ စိတ်ပိုင်း အခြေအနေ စသည် တို့က အဓိက အကြောင်းများအဖြစ် တစ်ခုမဟုတ် တစ်ခုတို့ ဖြစ်နေတတ် သည်။ မည်သို့ပင် ဆိုစေကာမူ “ အသက်ဉာဏ်စောင့်” ဟူသော စကားပုံနှင့် အညီ ယာဉ်မောင်းနှင်သူ၏ ဆင်ခြင်တုံတရားကသာ အဓိကဖြစ်သည်ဟု ဆိုရမည်။ ခရီးရှည် မသွားမီ မိမိမောင်းနှင်မည့် မော်တော်ယာဉ်၏ ကြံ့ခိုင်မှု များကို စစ်ဆေးပြင်ဆင်ခြင်း၊ မိမိယာဉ်တွင် အားနည်းချက်များရှိနေ သည့်တိုင် မဖြစ်မနေ သွားရမည်ဆိုပါကလည်း သတိတရားလက်ကိုင်ထားကာ ဆင်ဆင်ခြင်ခြင် မောင်းနှင်ခြင်း၊ ရာသီဥတုဆိုးရွားချိန်များဖြစ်သည့် မိုးရွာ သွန်းနေချိန်၊ မြူနှင်းများ ပိတ်ဆိုင်းနေချိန်၊ နေ့အပူချိန်အလွန်မြင့်မားနေချိန် များစသည်တို့တွင် အရှိန်လျှော့သင့်ပါက လျှော့၊ နားသင့်ပါကနား၊ သတိထား မောင်းသင့်ပါက မောင်း၍ ခရီးဆက်ကြရမည် ဖြစ်သည်။ လမ်းအကွေ့များ၊ အန္တရာယ်များသည့် နေရာများ၊ အမြန်နှုန်း ကန့်သတ်ထားသည့်နေရာများတွင် အမြန်နှုန်း ကန့်သတ်ချက်များအတိုင်း လိုက်နာမောင်းနှင်ကြခြင်းဖြင့် အန္တရာယ်ကင်းမည်ဖြစ်သည်။

အမြန်လမ်းပေါ် ယာဉ်မောင်းနှင်မှုများတွင် ယာဉ်အမျိုးအစားအလိုက် မိုင်နှုန်းကန့်သတ်ချက်များရှိရာ ယာဉ်မတော်တဆမှု အဖြစ်အများဆုံးမှာ လိုက်ထရပ်ယာဉ်များဖြစ်သည်ကိုကြည့်ခြင်းအားဖြင့် လိုက်နာမှုအားနည်း နေကြောင်း သာဓကအဖြစ် တွေ့ရမည်ဖြစ်သည်။ အမြန်လမ်းပေါ် ခရီးသွား နေစဉ် မယုံနိုင်လောက်စရာ အမြန်နှုန်းများဖြင့် မောင်းနှင်သောယာဉ်များ၊ လိုက်ထရပ်နှင့် ဟိုက်ဂျက်ကဲ့သို့သော မော်တော်ယာဉ်များကို မြန်နှုန်းမြင့် မောင်းနှင်နေကြခြင်းများကို မကြာခဏ တွေ့မြင်နေရာ အန္တရာယ်ကိုဖိတ်ခေါ် နေကြသည့် အလားပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ပညာပေးမှုများ ပိုမို ပြုလုပ်ခြင်းနှင့် ထိထိရောက်ရောက် စစ်ဆေးအရေးယူမှုများ ပြုလုပ်ခြင်း တို့၏ရလဒ်ကောင်းများအဖြစ် အမြန်လမ်းပေါ် ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းခြင်းနှင့် တစ်ဆက်တည်းမှာပင် ထိခိုက်ဒဏ်ရာရရှိမှု၊ လူသေဆုံးမှုတို့ လျော့နည်းကျဆင်းလာခြင်း ဟူသောရလဒ်ကို ရရှိခဲ့ပြီ ဖြစ်ရာ သည့်ထက်ပို၍ ပညာပေးမှု၊ စစ်ဆေးအရေးယူမှုတို့ကို အရှိန်အဟုန် မပျက် ဆက်လက်ပြုလုပ်သွားခြင်းဖြင့် လာမည့်နှစ်များတွင်လည်း သည့်ထက် ပိုမိုကောင်းမွန်သော ရလဒ်များကို ဆက်လက်ရရှိနိုင်ပါစေကြောင်း။ ။

## နေရာကွက်ကျား မိုးရွာမည်

နေပြည်တော် ဇန်နဝါရီ ၄

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ရွာရန်ရာနှုန်း ပြည့်ဖြစ်မည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်မည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိုးဆက်လက်ရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော် တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မိုး/၉လ

# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

**၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့လျက်ရှိကြသည်။**

### ကမ္ဘောဒီးယားနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်ပရယ်ဘတ်ဆမ်ဒက်ပရယ် ဘိုရိုနစ် နိုရိုဒွန်သီဟာမိုနီက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ကမ္ဘောဒီးယားပြည်သူများ၏ကိုယ်စား မိမိအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပျော်ရွှင်ဖွယ်ကောင်းသော နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အခါသမယအထိမ်းအမှတ်တွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အနေဖြင့် သိသာထင်ရှားသောတိုးတက်မှုများရှိသည့်အတွက် ကမ္ဘော ဒီးယားနိုင်ငံက လေးစားသမှုပြုပါကြောင်း၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလက ကမ္ဘော ဒီးယားနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်လာရောက်မှုကိုလည်း သတိတရ ရှိပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ရင်းနှီးချစ်ကြည်မှုများအတွက် ဂုဏ်ယူပါ ကြောင်း၊ အဆွေတော်အနေဖြင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး အောင်မြင်မှုသရဖူဆောင်းနိုင်ပါစေကြောင်းနှင့် မြန်မာပြည်သူများ ငြိမ်းချမ်းသာယာဝပြောစေရန် ဆန္ဒမွန်ကောင်းတောင်းလျက်ရှိပါကြောင်းဖြင့် ဖော်ပြပါရှိပါသည်။

### လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပျော်ရွှင်ဖွယ်ကောင်းသော နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယ အထိမ်းအမှတ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ပြည်သူများ၏ကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ ပြည်သူများကို ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရ သည်မှာ ကြည်နူးပီတိဖြစ်ရပါသည်။

လာအိုနှင့် မြန်မာနိုင်ငံတို့ကြား နှစ်နိုင်ငံ တည်ရှိနေသော ချစ်ကြည်ရင်းနှီးမှု များနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်အစွန့်ရှည်ဖြစ်ထွန်း စေရန်နှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားတိုးတက်လာမည်ဟု ယုံကြည်ပါ ကြောင်း၊ ၂၀၁၈ ခုနှစ် နှစ်သစ်အခါသမယတွင် အဆွေတော်အနေဖြင့် ကာယသုခနှင့် ပြည့်စုံပါစေကြောင်း၊ ပျော်ရွှင်မှုအပေါင်းခညောင်းပါစေကြောင်း၊ မွန်မြတ်သော လုပ်ငန်းများ ဆတက်ထမ်းပိုး အောင်မြင်ပါစေကြောင်းနှင့် မြန်မာပြည်သူများ ပြည့်စုံကြွယ်ဝစေရန် ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း ဖော်ပြပါရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ ထောင်လွန်း ဆီဆုလစ်က ဂုဏ်ယူဝမ်းမြောက် ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပျော်ရွှင်ဖွယ်ကောင်းသော နှစ် (၇၀)ပြည့် လွတ်လပ် ရေးနေ့အခါသမယအထိမ်းအမှတ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူများ၏ကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပြည်သူများကို ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရသည်မှာ ကြည်နူးပီတိဖြစ်ရပါသည်ဟု ဖော်ပြပါရှိသည်။

### စင်ကာပူသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လုံးက ဂုဏ်ယူဝမ်းမြောက် ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပျော်ရွှင်ဖွယ် ကောင်းသော နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယအထိမ်းအမှတ်တွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့အပ်ပါသည်။

စင်ကာပူနှင့် မြန်မာနိုင်ငံတို့သည် မိတ်ဆွေဟောင်းများ ဖြစ်ပါကြောင်းနှင့် အိမ်နီးချင်းများဖြစ်ပါကြောင်း၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေး၊ ယဉ်ကျေးမှု၊ အိမ်တွင်းသက်မွေးဝမ်းကျောင်းပညာရေး၊ ဥပဒေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် များပြားလှသည့် အရေးကိစ္စများတွင် အတူတကွပူးပေါင်းဆောင်ရွက် မှုများရှိကြောင်း၊ ညှိနှိုင်းလျက်ရှိသော နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် သည် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ဆက်သွယ်မှုများတွင် ပိုမိုအထောက်အကူဖြစ်လာ မည်ဖြစ်ကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကျိုးအမြတ်များအတွက် အားပေး ထောက်ခံမှုများ ဖြစ်လာမည်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် စင်ကာပူနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရမည်ဖြစ်ရာ စိန်ခေါ်မှုများ အခွင့် အရေးများနှင့် ပတ်သက်ပြီး အကောင်းဆုံးဖြစ်ရန် မြန်မာနိုင်ငံအပါအဝင် အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုပူးပေါင်းလုပ်ဆောင်သွားမည်ဟု မျှော်လင့်ပါကြောင်းဖော် ပြပါရှိပါသည်။

အဆွေတော် ကျန်းမာချမ်းသာပြီး အောင်မြင်မှုများ ရပါစေကြောင်းနှင့် စင်ကာပူ အာဆီယံ ထိပ်သီးအစည်းအဝေးမှ ဝမ်းမြောက်ဝမ်းသာ လက်ခံကြိုဆိုရန် မျှော်လင့်စောင့်စားလျက်ရှိပါကြောင်း ဆက်လက်ဖော်ပြထားသည်။

*ဆက်လက်ဖော်ပြပါမည်*

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၄-၁-၂၀၁၈

### ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၅၀၀ |

### စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် | (လက်လီဈေး) |

### နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၉ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၉ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၂၂ . ၁ |
| ထိုင်း | တစ်ဘတ် | ၄၁ . ၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၄ |
| တရုတ် | တစ်ယွမ် | ၂၀၉ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၇ . ၆ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းမှူးများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။




နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

✻ ရှေ့ဖုံးမှ

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက “အခမ်းအနားကို ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ထူးခြားလေးနက်တဲ့ နေ့တစ်နေ့**

“ဒီကနေ့ဟာ ကျွန်တော်တို့ မြန်မာနိုင်ငံတော်အတွက် မမေ့အပ်တဲ့ လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်ဖြစ်သလို နိုင်ငံတော်တည်ဆောက်ရာမှာ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားစွာနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ပုဂ္ဂိုလ်များ၊ မိမိကိုယ်ကျိုးကို မငဲ့ကွက်ဘဲ နိုင်ငံတော် အကျိုးအတွက် သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းမယ့် ထူးခြားလေးနက်တဲ့ နေ့တစ်နေ့လည်း ဖြစ်ပါတယ်။

“ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းများကို ယခုကဲ့သို့ လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်မှာ ပေးအပ်ချီးမြှင့်ခဲ့တဲ့ အစဉ်အလာများရှိခဲ့ပါတယ်။ ဒီကနေ့ဟာ ကျွန်တော်တို့ ပြည်ထောင်စုသားအားလုံးအတွက် ကျက်သရေမင်္ဂလာအပေါင်း ခညောင်းပြည့်စုံတဲ့ နေ့ထူးနေ့မြတ်ဖြစ်တာကြောင့် နိုင်ငံတော်အတွက် သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်များကို အခမ်းအနားဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းတာပဲဖြစ်ပါတယ်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့ဖြစ်သည့် သူရဘွဲ့ရရှိသူ အမှတ်(၃၈၆) ခြေမြန်တပ်ရင်းမှ ကြည်-၃၂၃၄၀ ဒုတိယဗိုလ်မှူးကြီး ဇော်လွင်စိုးအား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမှတ်(၃၄) ပုံးကြဲလေယာဉ်အုပ်မှ လေ-၃၀၉၃ ဗိုလ်မှူး ဇေယျာထွန်းအား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမှတ်(၃၈၆) ခြေမြန်တပ်ရင်းမှ တ/၄၃၂၅၈ တပ်ကြပ်ရဲနွမ်(ကျဆုံး)ကိုယ်စား အစ်ကိုဖြစ်သူ ဦးဟန်ကောင်းအား ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမှတ်(၃၈၆) ခြေမြန်တပ်ရင်းမှ တ/၄၅၁၁၀၉ ဒုတပ်ကြပ်မျိုးချစ်(ကျဆုံး)ကိုယ်စား ဖခင်ဖြစ်သူ ဦးဘိုသိန်းအား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမှတ်(၃၈၆) ခြေမြန်တပ်ရင်းမှ တ/၄၅၁၁၁၇ ဒုတိယတပ်ကြပ် ထွန်းထွန်းအား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

“ကျွန်တော်တို့ရဲ့ မိဘ ဘိုးဘွားများလက်ထက်မှာ နိုင်ငံရဲ့အချုပ်အခြာအာဏာကို ကြိုးပမ်းထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့ကြပေမယ့် ကြိုးပမ်းမှု မအောင်မြင်ခဲ့လို့ နိုင်ငံလွတ်လပ်ရေး ဆုံးရှုံးခဲ့ရပါတယ်၊ ကိုလိုနီနိုင်ငံတစ်ခုအဖြစ်ကနေ လွတ်မြောက်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာဖို့ ကြိုးပမ်းခဲ့ရာမှာ လွယ်လင့်တကူ ရရှိခဲ့တာ မဟုတ်ပါဘူး။ တိုင်းရင်းသားတွေ စည်းလုံးညီညွတ်မှုရလာအောင် ကြိုးပမ်းတည်ဆောက်ပြီး နှစ်ပေါင်းများစွာ ခက်ခဲပင်ပန်းစွာ ကြိုးပမ်းခဲ့ကြရတာ ဖြစ်ပါတယ်။

“ဒီလိုခက်ခဲစွာရယူခဲ့ရတဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာဟာ ပြည်ထောင်စု မြန်မာနိုင်ငံသားအားလုံးရဲ့ နှလုံးသည်းပွတ်ပမာဖြစ်တာကြောင့် လွတ်လပ်ရေးနဲ့ အချုပ်အခြာ တည်တံ့ခိုင်မြဲနေမှသာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာနိုင်မှာပဲ ဖြစ်ပါတယ်။

**ထိန်းသိမ်းစောင့်ရှောက်**

“လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ပေါ်ထွန်းလာခြင်းဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ခေါင်းဆောင်မှုအောက်မှာ နိုင်ငံသူ နိုင်ငံသားအားလုံး ဇွဲ၊ လုံ့လ၊ သတ္တိ၊ ညီညွတ်မှုအင်အားတို့ဖြင့် ဆွတ်ခူး ရယူနိုင်ခဲ့တဲ့ လွတ်လပ်ရေးအောင်ပန်း ဖြစ်ပါတယ်။ အဲဒီလို အမျိုးသားခေါင်းဆောင်ကြီးများနဲ့ မိဘဘိုးဘွားများ စွန့်စားအားထုတ်ကြိုးပမ်းရယူခဲ့ရတဲ့ လွတ်လပ်ရေးကို ကမ္ဘာတည်သရွေ့အစဉ်ထာဝရ တည်တံ့စေဖို့အတွက် ရှေးအစဉ်အလာအတိုင်း ယနေ့ မျက်မှောက်ကာလမှာ ကျွန်တော်တို့ဟာ ညီညီညွတ်ညွတ် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရမှာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်ဖို့အတွက် ဆောင်ရွက်ရမယ့် တာဝန်ဟာလည်း ကျွန်တော်တို့ မြန်မာနိုင်ငံသားအားလုံးရဲ့တာဝန်သာ ဖြစ်ပါတယ်။

**ကြိုးပမ်းတည်ဆောက်**

“ဒါ့ကြောင့်လည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံတော်ကြီး ဖြစ်လာစေဖို့ ရည်မှန်းပြီး နိုင်ငံတော် အချုပ်အခြာအာဏာတွေဖြစ်တဲ့ ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲပြီး အချင်းချင်း အပြန်အလှန် ထိန်းကျောင်းကာ ဘက်စုံထောင့်စုံကနေ ကြိုးပမ်းတည်ဆောက်လျက်ရှိပါတယ်။

“အဲဒီလို တည်ဆောက်လျက်ရှိရာမှာ နိုင်ငံတော်လုံခြုံရေး ၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့အတွက် မိမိအသက်နဲ့ခန္ဓာကို ပဓာနမထားဘဲ ကြံ့ခိုင်တဲ့စိတ်ဓာတ်၊ စံတင်ထိုက်တဲ့ စွမ်းရည်၊ ဂုဏ်ယူထိုက်တဲ့ အံ့ချီးဖွယ် စွန့်စားခြင်းမျိုးနဲ့ အများနဲ့မတူ ထူးကဲမွန်မြတ်စွာ တိုင်းကျိုးပြည်ပြု ဆောင်ရွက်ခဲ့ကြတဲ့ ပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းဖို့အတွက် ယခုလို ဂုဏ်ပြုချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ရခြင်း ဖြစ်ပါတယ်။ *စာမျက်နှာ ၄ သို့*

◆ရှေ့ဖုံးမှ

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး၊ ပြည်ထောင်စု လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စ ရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာ နိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ လွှတ်တော်ရေးရာ ကော်မတီ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီး အကဲများ၊ သံအမတ်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဂုဏ်ထူးဆောင်ဘွဲ့ ရရှိကြသူ များနှင့် ၎င်းတို့၏ မိသားစုများ၊ ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

**ဧည့်ခံဖျော်ဖြေ**

နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲတွင် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုကြပြီး ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ် အတွင်း တေးသံရှင်များက မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေ တင်ဆက်ကြသည်။

**ကြည့်ရှုအားပေး**

ညစာစားပွဲအပြီးတွင် နိုင်ငံတော် သမ္မတနှင့် ဇနီးနှင့် ဧည့်သည်တော်များ သည် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတ အဖွဲ့နှင့် တွဲဖက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီး ဌာနမှ အနုပညာရှင်များ၏ ဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေး ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလှမ်းတို့ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

စာမျက်နှာ ၃ မှ

စိစစ်ရေးအဖွဲ့ရဲ့ ထောက်ခံတင်ပြချက် အရ ဒီကနေ့မှာ သူရဘွဲ့တံဆိပ် ရရှိသူ ငါးဦးတို့ကို ဂုဏ်ယူစွာနဲ့ ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။

"ယခုပေးအပ်တဲ့ ဂုဏ်ထူးဆောင် ဘွဲ့များနဲ့ ဂုဏ်ထူးဆောင်တံဆိပ်များ ဟာ မိမိတို့ ဖြတ်သန်းခဲ့ရတဲ့ ခက်ခဲ ကြမ်းတမ်းတဲ့ဘဝကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြတဲ့ စွမ်းဆောင်ရည် သင်္ကေတ အမှတ်အသားတစ်ခုအဖြစ် နိုင်ငံတော်က မှတ်ကျောက်တင်ခြင်း ဖြစ်ပါတယ်။ အခုလို ချီးမြှင့်ဂုဏ်ပြုခြင်း ဟာ မိမိတို့ရဲ့ သားစဉ်မြေးဆက်တိုင် ဂုဏ်ယူဖွယ်ရာ အထိမ်းအမှတ်တစ်ခု ဖြစ်ရုံသာမက နိုင်ငံတော်ကြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်း တည်ဆောက်ရေး အတွက်လည်း တွန်းအားတစ်ရပ် ဖြစ်မယ်လို့လည်း ယုံကြည်ပါတယ်။ အခုလို ဂုဏ်ပြုချီးမြှင့် ထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းဟာ မင်္ဂလာတရားတော်နဲ့ ညီညွတ်တဲ့အပြင် တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက် ခဲ့မှုများအတွက် ထိုက်ထိုက်တန်တန် မှတ်တမ်းတင် ဂုဏ်ပြုချီးမြှင့်ခြင်းလည်း ဖြစ်ပါတယ်။

"နိဂုံးချုပ်အနေနဲ့ ပြောကြားလို တာကတော့ ကျွန်တော်တို့ နိုင်ငံတော် ကြီး ရေရှည်တည်တံ့ခိုင်မြဲပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် တရား ဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်း ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးနဲ့ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးမှာ ပြည်သူအားလုံး ဝိုင်းဝန်းပါဝင် ကူညီ ကြပါ။

"ဒေသစွဲ လူမျိုးစွဲ ဘာသာစွဲ ဝါဒစွဲ စသည်ဖြင့် စိတ်ဝမ်းမကွဲကြဘဲ သမိုင်း အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းရင်း နိုင်ငံရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြပါ။ မိမိတို့ရဲ့ သားစဉ်မြေးဆက်များကိုပါ မိမိတို့ကဲ့သို့ ကြိုးပမ်းဆောင်ရွက်စေဖို့ စံနမူနာ ကောင်းများပြကြပါလို့ နိုင်ငံသူ နိုင်ငံ သားအားလုံးကို တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါတယ်" ဟု ပြောကြား သည်။

ထို့နောက် နိုင်ငံတော်သမ္မတက ၂၀၁၇ ခုနှစ်အတွက် ချီးမြှင့်အပ်နှင်းခဲ့ သော တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိ ဘွဲ့ဖြစ်သည့် သူရဘွဲ့ရရှိသူ အမှတ်(၃၈၆) ခြေမြန်တပ်ရင်းမှ ကြည်း- ၃၂၃၄၀ ဒုတိယဗိုလ်မှူးကြီး ဇော်လွင်စိုး၊ အမှတ် (၁၄) ပုံးကြဲလေယာဉ်အုပ်မှ လေ-၁၀၉၃ ဗိုလ်မှူး ဇေယျာထွန်း၊ အမှတ် (၃၈၆) ခြေမြန်တပ်ရင်းမှ တ/၄၃၂၀၅၈ တပ်ကြပ်ရဲန္ဒမ်(ကျဆုံး)ကိုယ်စား အစ်ကို ဖြစ်သူ ဦးဟန်ကောင်း၊ အမှတ် (၃၈၆) ခြေမြန်တပ်ရင်းမှ တ/၄၅၁၁၀၉ ဒုတပ်ကြပ် မျိုးချစ် (ကျဆုံး) ကိုယ်စား ဖခင်ဖြစ်သူ ဦးဘိုသိန်းနှင့် အမှတ်(၃၈၆) ခြေမြန်တပ်ရင်းမှ တ/၄၅၁၁၁၇ ဒုတိယ တပ်ကြပ် ထွန်းထွန်းတို့အား ဂုဏ်ထူး ဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ သည် သူရဘွဲ့ရရှိသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**သတင်းစဉ်**



နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပရာ မီးရှူးမီးပန်းများဖြင့် ပစ်ဖောက်ဂုဏ်ပြုစဉ်။ သတင်းစဉ်

☆ *ကျောဖုံးမှ*

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

**ဝင်ရောက်နေရာယူ**

နံနက် ၆ နာရီတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များ၊ တပ်မတော် အရာရှိကြီးများ၊ ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပုဗ္ဗသီရိတပ်နယ်မှ အရာရှိ၊ စစ်သည်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများသည် သတ်မှတ်စုရပ်အသီးသီးမှ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပမည့် မြို့တော်ခန်းမရှေ့ရင်ပြင်သို့ဝင်ရောက်နေရာယူကြသည်။

နံနက် ၆ နာရီ ၄၅ မိနစ်တွင် ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံအလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

**ဂုဏ်ပြုအလေးပြု**

ထို့နောက် ၂၀၁၈ ခုနှစ် နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အလေးပြုခံစင်မြင့်သို့ ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

**နိုင်ငံတော်သီချင်း တီးမှုတ်**

ယင်းနောက် ဒုတိယသမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၊ ပြည်သူလူထုကြီးနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

**သစ္စာလေးချက်ရွတ်ဆို**

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြု၍ သစ္စာလေးချက်ကို ရွတ်ဆိုသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ၂၀၁၈ ခုနှစ် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေက ဖတ်ကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ၂၀၁၈ ခုနှစ် နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေ ဖတ်ကြားစဉ်။ သတင်းစဉ်

# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများသို့ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

**တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများသို့ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေ စည်သူ မင်းအောင်လှိုင်က တက်ရောက်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။**




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများသို့ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် တာဝန်ရှိသူများ၊ ဆုရသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်း ခံကြရသူများသည် နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ရာတွင် လေးနက်မွန်မြတ်သည့် ခံယူချက် စိတ်ထားနှင့် မိမိတို့ကျရာ တာဝန်ဝတ္တရားများကို ထက်သန်ပြောင်မြောက်သည့် ဇွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ် တာဝန်ထမ်းဆောင်ပြီး ပြည့်စုံမွန်မြတ်သည့် မှတ်တမ်းကောင်း ရေးထိုးခဲ့ကြသူများဖြစ်သကဲ့သို့ နိုင်ငံတော်နှင့် တပ်မတော်က ပြည်သူ့သားကောင်း အာဇာနည်များအဖြစ် အမြဲတမ်းအမှတ်ရ ဂုဏ်ယူနေမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဗိုလ်မှူးကြီး တစ်ဦး၊ ဒုတိယဗိုလ်မှူးကြီး လေးဦး၊ ဗိုလ်မှူး နှစ်ဦး၊ ဗိုလ်ကြီး သုံးဦး၊ တပ်ကြပ် နှစ်ဦး၊ ဒုတိယတပ်ကြပ် တစ်ဦး၊ တပ်သား တစ်ဦးနှင့် အမွေခံ ၁၁ ဦးတို့အား လည်းကောင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ သူရဲကောင်းလက်မှတ် ရရှိသူများဖြစ်ကြသည့် ဗိုလ်ကြီး တစ်ဦးနှင့် အမွေခံ တစ်ဦးတို့အား လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ဒုတိယဗိုလ်မှူးကြီး တစ်ဦး၊ ဗိုလ်မှူး နှစ်ဦး၊ ဗိုလ်ကြီး တစ်ဦး၊ ဒုတိယအရာခံဗိုလ် နှစ်ဦး၊ တပ်ကြပ်ကြီး နှစ်ဦး၊ တပ်ကြပ် တစ်ဦး၊ ဒုတိယတပ်ကြပ် တစ်ဦးနှင့် အမွေခံ သုံးဦးတို့အား လည်းကောင်း သူရဲကောင်း မှတ်တမ်းဝင်တံဆိပ်နှင့် လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

တပ်မတော်တွင် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်လက်မှတ်ရသူများအနေဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအထိ အောင်ဆန်းသူရိယဘွဲ့ ခြောက်ဦး၊ သီဟသူရဘွဲ့ ၄၇ ဦး၊ သူရဘွဲ့ ၅၄၇ ဦး၊ သီဟဗလတံဆိပ် ခြောက်ဦး၊ သူရဲကောင်း မှတ်တမ်းဝင် ၁၆၆၂ ဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ၁၈၈၇ ဦး၊ စစ်သေနာပတိချုပ်၏ သူရဲကောင်းလက်မှတ် ၃၃၅ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ် ၂၆၀၅ ဦး၊ စစ်သေနာပတိချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် နှစ်ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် ၁၀၈၇ ဦး ရှိခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် အားကစားပြိုင်ပွဲ ပူတာအို၌ ကျင်းပ

**ပူတာအို ဇန်နဝါရီ ၄**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ကွင်းပြင်၌ ကျင်းပသည်။ ထို့နောက် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို နံနက် ၇ နာရီက ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှပေးပို့သော နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။ ဆက်လက်၍ နံနက် ၈ နာရီတွင် ပူတာအိုမြို့နယ် ပြည်သူ့အားကစားကွင်း၌ နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပိုက်ကျော်ခြင်း၊ ထုပ်ဆီးတိုး၊ မီတာ ၅၀၊ ၁၀၀ ပြိုင်ပွဲများကို ကျင်းပခဲ့ကြောင်း သိရသည်။

ခရိုင်(မြန်/ဆက်)

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

*ယမန်နေ့မှအဆက်*

**သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ပြည်ပဘွဲ့ခံလှူပုဂ္ဂိုလ်**

၃၂။ Dr.Pornchai Pinyapong, 40 Moo 8, Klong 2, Klonglaung, Patumthani, 12120, Thailand

**အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တပဏ္ဍဝံသ၊ မဟာစည်မြဝတီသာသနာ့ရိပ်သာ၊ မင်းရဲကျော်စွာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ဘဒ္ဒန္တဝါယာမိန္ဒ၊ ရတနာမာရ်အောင်တောရဓမ္မရိပ်သာ၊ နွယ်သာကီလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဘဒ္ဒန္တဇာနေယျ၊ မြစိမ်းတောင်ဝိပဿနာကျောင်းတိုက်၊ လိမ္မော်ခြံကျေးရွာ၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ဒေါက်တာဘဒ္ဒန္တဝိရောစန၊ ငွေတောင်ဦးကမ္မဋ္ဌာန်းကျောင်းတိုက်၊ ပုန်းထွန်ရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်

၅။ ဘဒ္ဒန္တဉာဏသံဝရ၊ လွယ်လိန်းစေတီကမ္မဋ္ဌာန်းကျောင်းတိုက်၊ မိုင်းဖုန်းကျေးရွာ၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်

၆။ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ၊ ပဏ္ဍိတာရာမဓမ္မရိပ်သာကျောင်းတိုက်၊ ကုန်းကြီးကျေးရွာ၊ လေးမျက်နှာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တခန္တီစာရ၊ စွန်းလွန်းဂူဓမ္မအေးရိပ်သာကျောင်းတိုက်၊ အစင်စံပြကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ်

၂။ ဘဒ္ဒန္တကုန္ဒာစရိယ၊ ဗောဓိရိပ်ငြိမ်တောရရိပ်သာ၊ ဝါးနက်ချောင်းကြီးစံပြကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၃။ ဘဒ္ဒန္တဝဏ္ဏိတ၊ ဗောဓိစီကျောင်းတိုက်၊ မန်စီမြို့ တယ်ဟုန်ခရိုင်၊ ယူနန်ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

**ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တကေသရ၊ မဟာသုခိတာရာမသတိပဋ္ဌာန်မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ (၁၅)ရပ်ကွက်၊ ပခုက္ကူမြို့ မကွေးတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တကုဏ္ဍလ၊ အပြည်ပြည်ဆိုင်ရာဖားအောက်တောရ ဝိပဿနာဓုရဗုဒ္ဓသာသနာ့ရိပ်သာ၊ ဂွေးတောက်အိုင်ကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဘဒ္ဒန္တကေလာသ၊ အပြည်ပြည်ဆိုင်ရာဗောဓိအေးငြိမ်းရိပ်သာ၊ ရုံးဟောင်းလမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ဘဒ္ဒန္တသောဘိတာဘိဝံသ၊ ရွှေဟသ်ာမစိုးရိမ်(ရွှေကျင်) ကျောင်းတိုက်၊ အောက်စုစံပြကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်**

၁။ ဦးကျော်ဝင်း၊ အမှတ်(ဒ-၃/၅၅)၊ (၆၃)လမ်း၊ ၃၇×၃၈ လမ်းကြား၊ မဟာမြိုင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂။ ဦးရှိန်ဝင်း၊ အမှတ်(၃၀၁)၊ ဦးဝိစာရလမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်**

၁။ ဒေါ်စန္ဒာဝင်း၊ အမှတ်(အေ-၆)၊ မွန်မြတ်မေတ္တာအိမ်ရာ၊ ကျွန်းရွှေဝါလမ်း၊ တာမွေကလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်**

၁။ ဦးဇေယျာသူရမွန်၊ အမှတ်(၉)၊ ခြံအမှတ်(၁၀)၊ ပန်းကော့ဗီလာ၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်**

၁။ ဒေါ်ရွှေဥ၊ အမှတ်(စ-၃၀)၊ ကျွဲဆည်ကန်(၆)လမ်း၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂။ ဒေါ်စမ်းစမ်း၊ အမှတ်(၁၅)၊ (၉) လမ်း၊ ၇၆ × ၇၇ လမ်းကြား၊ အမရဋ္ဌာနီအရှေ့ အကွက်အမှတ်(၃၃)၊ လှည်းတန်းရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဒေါ်ငွေးငွေးသိန်း၊ အကွက်အမှတ်(၂၇၀)၊ (၃၄)လမ်း၊ ၈၆ ×၈၇ လမ်းကြား၊ ပြည်ကြီးပျော်ဘွယ်အနောက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄ ။ ဒေါ်ခင်ရီ၊ အမှတ်(၈၂)၊ သံလွင်လမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဒေါ်သန်းသန်းအေး၊ အမှတ်(ဘီ-၁၆၊ ၁၇၊ ၁၈)၊ ရိုးကြီးချောင်းအိမ်ရာ၊ နောင်ရိုးလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဒေါ်ခင်လဲ့လဲ့ဝင်း(ခ)ဒေါ်လဲ့လဲ့ဝင်း၊ အမှတ်(၂၇/က)၊ ဖိုးစိန်လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်**

၁။ ဦးအောင်မြင့်၊ အမှတ်(၁၆၀)၊ (၈၄)လမ်း၊ ၃၂×၃၃ လမ်းကြား၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂။ ဦးမျိုးဇော်ထွန်း၊ အမှတ်(၂၃၂)၊ အခန်း(၂၂)၊ Orchid Condo၊ အလုံလမ်းမကြီး၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဦးသန်းဌေး၊ အမှတ်(၇၆)၊ နီလာလမ်း၊ နယ်မြေ(၂)၊ သုခချမ်းသာရပ်ကွက်၊ ရွှေညောင်မြို့၊ ရှမ်းပြည်နယ်

၄။ ဦးကျော်စွာအောင်(ခ) ဦးကျော်စွာထွဋ်(ခ) ဦးဒီရပ်ကူးမား၊ အမှတ်(ဇ/၁/၂၇)၊ သိန်းနီလမ်း၊ ရပ်ကွက်(၈)၊ မန်ဆူဘုရားအနီး၊ လားရှိုးမြို့ ရှမ်းပြည်နယ်

**ပြည်ပဘွဲ့ခံလှူပုဂ္ဂိုလ်**

၅။ Mr.Liu Wei Chun, 2F, No.44, Ln-221, Huanhe S.Rd, Sanchong Dist, New Taipei City, တရုတ်ပြည်သူ့သမ္မတနိုင်ငံ (တိုင်ပေ)

**သီဟသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်**

၁။ ဒေါ်မြသိန်း၊ အမှတ်(၂၆၉)၊ (၂၈)လမ်း၊ ၈၂×၈၃ လမ်းကြား၊ ချမ်းအေးသာစံအလယ်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂။ ဒေါ်လုလုဝေ၊ အမှတ်(၂၇၃-က)၊ လမ်း(၈၀)၊ ၃၂×၃၃ လမ်းကြား၊ ကဥ္စနမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဒေါ်ရင်ရွှင်၊ မ(၂)၊ (၄-ဃ/၅-င)၊ (၆၃)လမ်း၊ သိပ္ပံလမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဒေါ်ဆိုက်တီ၊ အမှတ်(၁၉)၊ ပဒုမ္မာလမ်း၊ ပြည်လမ်းအရှေ့ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဒေါ်တင်လတ်မင်း၊ အမှတ်(၁၀)၊ ရတနာမွန်(၃)လမ်း၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဒေါ်ဖြူဖြူစိမ်း၊ အမှတ်(၄၂-အေ)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဒေါ်ချိုမာလွင်၊ အမှတ်(၉၄)၊ ဦးဘချိုလမ်း၊ (၄)ရပ်ကွက်၊ မြောင်းမြမြို့ ဧရာဝတီတိုင်းဒေသကြီး

**သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်**

၁။ ဦးလူဝင်း၊ အမှတ်(၃၅)၊ လမ်းရှည်လမ်း၊ ရွှေကူရပ်ကွက်၊ ပြည်မြို့ ပဲခူးတိုင်းဒေသကြီး

၂။ ဦးစိုးလင်း၊ အမှတ်(၈၁)၊ ၂၇ လမ်းနှင့် ၆၈ လမ်းထောင့်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဦးသန်းနိုင်၊ အမှတ်(၁၇)၊ လယ်ဦးလယ်တောရပ်၊ မိုးကုတ်မြို့ မန္တလေးတိုင်းဒေသကြီး

၄။ ဦးအောင်လွင်အေး၊ အမှတ်(၁-ဆ)၊ (၂၇)လမ်း၊ ၆၅×၆၆ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဦးထွန်းဖေ၊ အမှတ်(၂၉၃/စီ)၊ ဝေဇယန္တာလမ်းနှင့် (၁၀) လမ်းထိပ်၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဦးဟုတ်ငွေ၊ အမှတ်(၄၂၅)၊ ဘုရင့်နောင်လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဦးဇော်ဝင်း၊ အမှတ်(၇၃)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဦးဟံရှင်၊ အမှတ်(၁၆)၊ (၆)ရပ်ကွက်၊ ကမာရွတ်ဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဦးဝင်းလှိုင်၊ အမှတ်(၂၁၉/၂၂၀)၊ (၂၈)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဒေါက်တာအောင်ကျော်ဝင်း၊ အမှတ်(၁၂၇/အေ)၊ ဓမ္မစေတီလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဦးစိုးသန်းထွန်း၊ အမှတ်(၅၂၀)၊ အေ-၃/၄၊ ကမ္ဘာအေးဘုရားလမ်း၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဦးချမ်းသာ၊ အမှတ်(၂၁)၊ ရတနာမွန်(၂)လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ဦးစိုင်းအိုက်ချို၊ အမှတ်(၁/၅၃၁)၊ အနောက်မြို့ပတ်လမ်း၊ (၁)ရပ်ကွက်၊ မိုင်းကိုင်မြို့ ရှမ်းပြည်နယ်

၁၄။ ဦးလီကျိန်းချန်(ခ) ဦးလျိုအားပေါက်၊ အမှတ်(၃)၊ ကျင်းရွှေထန်လမ်း၊ (၂) ရပ်ကွက်၊ လောက်ကိုင်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

၁၅။ ဦးမောင်မောင်၊ အမှတ်(၂)၊ ကြယ်စင်လမ်း၊ (၂)ရပ်ကွက်၊ လောက်ကိုင်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

၁၆။ ဦးလှဝင်း၊ သံပုရာကွင်းရပ်ကွက်၊ နိဗ္ဗာန်ကျေးရွာအုပ်စု၊ ဟသ်ာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်**

၁။ ဒေါ်တင်အုန်း၊ အမှတ်(၂၀)၊ နိဗ္ဗာန်လမ်း၊ (၂)ရပ်ကွက်၊ ပခုက္ကူမြို့ မကွေးတိုင်းဒေသကြီး

၂။ ဒေါ်လဲ့လဲ့လွင်၊ တိုက်အမှတ်(၄/၃၇)၊ ပြည်တော်သာရပ်၊ မကွေးမြို့ မကွေးတိုင်းဒေသကြီး

၃။ ဒေါ်သင်းသင်း၊ အမှတ်(၆၄/၂)၊ အောင်မြင်သူလမ်းသွယ်၊ ၂၂×၂၃ လမ်းကြား၊ ၈၆×၈၇ လမ်းကြား၊ သီရိမာလာအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဒေါ်ကေသီကို၊ အမှတ်(၃၁၁)၊ (၂၈)လမ်း၊ ၈၃×၈၄ လမ်းကြား၊ ချမ်းအေးသာစံအလယ်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဒေါ်စန်းစန်းဝင်း၊ အမှတ်(၁၁၇)၊ (၃၂)လမ်း၊ ၇၄×၇၅လမ်းကြား၊ အကွက်အမှတ်(၇၀၇)၊ မောရဂီဝါရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆။ ဒေါ်ခင်မမ၊ အနော်ရထာလမ်း၊ အမှတ်(၂)နယ်မြေ၊ ဘုရင့်နောင်ရပ်၊ မတ္တရာမြို့ မန္တလေးတိုင်းဒေသကြီး

၇။ ဒေါ်အုံးခင်၊ အမှတ်(၁၂၇-ဒီ-၁-အေ)၊ ရေတာရှည်လမ်းဟောင်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဒေါ်ခင်လှ၊ အမှတ်(၃၅၄)၊ သုဓမ္မာလမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဒေါ်စီစီတင်၊ အမှတ်(၇၉-၈၁)၊ အခန်း (၁၂၀၁)၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဒေါ်တင်လေးကြည်၊ အမှတ်(၄၅)၊ (၁၁)လမ်း၊ (၅)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဒေါက်တာငွေးငွေးရီ၊ အမှတ်(၄)စီ/အေ၊ အေးသာယာလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဒေါ်အေးအေးသွယ်၊ အမှတ်(၁)၊ သာသနာ့ရိပ်သာလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ဒေါ်အိအိခင်၊ (၁ အေ-၁၄)၊ မြသီတာအိမ်ရာ၊ သူရလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ဒေါ်ဝင်းရွှေစင်မျိုး၊ အမှတ်(၆၅)၊ ရေတာရှည်လမ်းဟောင်း၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ဒေါ်ယမင်းကိုကို၊ အမှတ်(၁၅၈)၊ နှင်းဆီဖြူလမ်း၊ (၃၀)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ဒေါ်နန်းမြစိန်၊ အမှတ်(၁၈၅)၊ စယ်ဟိုင်းကျေးရွာ၊ နမ့်ခမ်းမြို့နယ်၊ ရှမ်းပြည်နယ်

၁၇။ ဒေါ်မိုးသီတာရွှေ၊ အမှတ်(အေ ၉/၂)၊ သိန်းသန်းချီကားဝင်း၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့ ရှမ်းပြည်နယ်

၁၈။ ဒေါ်ခင်စန်းဦး၊ အမှတ်(၁)၊ ဘုရင့်နောင်လမ်း၊ အလယ်ပိုင်းရပ်ကွက်၊ ပန်းတနော်မြို့ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံလှူပုဂ္ဂိုလ်**

၁၉။ Miss Lalitpat Janejob, 502 Jaransanitwong 46, Banplad, Bangyikan, Bangkok, 10700, Thailand

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မရမ်းကုန်းမြို့နယ် ဘောလုံးနည်းပြဆရာကြီးများနှင့် သက်ကြီးဘောလုံးသမားဟောင်းများအား ဂါရဝပြုကန်တော့ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

သတ္တမအကြိမ်မြောက် မရမ်းကုန်းမြို့နယ် ဘောလုံးနည်းပြဆရာကြီးများနှင့် သက်ကြီးဘောလုံးသမားဟောင်းများအား ဂါရဝပြုကန်တော့ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ကျိုက်ဝိုင်းဘုရားဘောလုံးကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကန်တော့ခံဆရာကြီးများဖြစ်သည့် ဦးသိန်းအောင်၊ ဦးကံမြင့်၊ ဦးမောင်မောင်ခင်နှင့် ဦးသိန်းဆင့်တို့အား ဂါရဝပြုပစ္စည်းများဖြင့် ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ မရမ်းကုန်းမြို့နယ်ကိုယ်စားပြု ဘောလုံးသမားဟောင်းများဖြစ်သည့် ကစားသမား ၁၃ ဦးအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး ကန်တော့ခံဆရာကြီးများကိုယ်စား ဦးသိန်းအောင်က ဆုံးမဩဝါဒစကား ပြောကြားသည်။

ထို့နောက် မရမ်းကုန်းမြို့နယ် ဘောလုံးသမားဟောင်းများနှင့် အမျိုးသမီးလိဂ်ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် YREO အသင်းတို့ ခြေစမ်းပွဲယှဉ်ပြိုင်ကစားကြသည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**



## နေရာကွက်ကျားမိုးရွာမည်

**နေပြည်တော် ဇန်နဝါရီ ၄**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၁၀၀ ဖြစ်မည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်မည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိုးဆက်လက်ရွာမည်။

**မိုး/ဇလ**

# နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကျွန်တော်နဲ့ ကျွန်တော့် ရဲဘော်၊ ရဲဘက်တွေ စွန့်လွှတ်စွန့်စား လုပ်ကိုင်ပေးဆပ် တိုက်ပွဲဝင်ခဲ့တဲ့အတွက် နိုင်ငံတော်က ဒီလိုချီးမြှင့်တယ်လို့ ကျွန်တော် မြင်ပါတယ်

**ဒုတိယဗိုလ်မှူးကြီး သူရဇော်လွင်စိုး**

ယနေ့ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့ရရှိသူ ငါးဦးကို ဂုဏ်ထူးဆောင်ဘွဲ့ (သူရဘွဲ့) ချီးမြှင့်အပ်နှင်းခဲ့ရာ အဆိုပါ သူရဘွဲ့ရရှိသူများနှင့် ကိုယ်စားလက်ခံရယူသည့် ပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ရပါသည်။


ဒုတိယဗိုလ်မှူးကြီး သူရဇော်လွင်စိုး


ဗိုလ်မှူး သူရဇေယျာထွန်း


ဦးဟန်ကောင်း


ဦးဘိုသိန်း


ဒုတိယတပ်ကြပ် သူရထွန်းထွန်း

**ဒုတိယဗိုလ်မှူးကြီး သူရဇော်လွင်စိုး**
**အမှတ် (၃၈၆) ခြေမြန်တပ်ရင်း**

ကျွန်တော်ကတော့ ဒုတိယဗိုလ်မှူးကြီး သူရဇော်လွင်စိုး ဖြစ်ပါတယ်၊ လက်ရှိ ကျွန်တော်က အမှတ် (၃၈၆) ခြေမြန်တပ်ရင်းမှာ တပ်ရင်းမှူး တာဝန်ထမ်းဆောင်နေပါတယ်၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကျွန်တော်နဲ့ ကျွန်တော့် ရဲဘော်၊ ရဲဘက်တွေ စွန့်လွှတ်စွန့်စားပြီးတော့ လုပ်ကိုင်ပေးဆပ် တိုက်ပွဲဝင်ခဲ့တဲ့အတွက် နိုင်ငံတော်က ဒီလိုချီးမြှင့်တယ်လို့ ကျွန်တော်မြင်ပါတယ်၊ ကျွန်တော်တို့ရင်ဆိုင်ရတဲ့ တိုက်စစ်မှာ ရန်သူရဲ့ ပစ်အားများတဲ့အချိန်မှာ ကျွန်တော်က ပွိုင့်တပ်စိတ်ကို ဦးစီးပြီးတော့ ပွိုင့်တပ်စိတ်က စစ်သည်တွေနဲ့ ရန်သူ့စခန်းထဲကို ကျွန်တော်တို့ အတင်း ဖောက်ဝင်သွားတာပါ၊ အဲဒီအတွက်လည်း ကျွန်တော်နဲ့ ကျွန်တော့်စစ်သည်တွေ အနည်းငယ် ထိခိုက်ဒဏ်ရာတွေ ရရှိခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ အတင်းဖောက်ဝင်ပြီး ရန်သူကို ပြင်ဆင်ချိန်မပေးဘဲ လုံးထွေးတိုက်ခိုက်ပြီးတော့ အောင်ပွဲရယူခဲ့ခြင်း ဖြစ်ပါတယ်။

ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် တစ်ထောင့်တစ်နေရာကနေ အသက်ခန္ဓာရင်းပြီးတော့မှ တာဝန်ထမ်းဆောင်နိုင်ခဲ့တဲ့အတွက် အများကြီး ဝမ်းသာဂုဏ်ယူမိပါတယ်၊ ကျွန်တော်တို့ တပ်မတော်သားတွေကတော့ ငြိမ်းချမ်းရေးကို အမျှော်လင့်ဆုံးပါပဲ၊ အဓိကက ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုပါပဲ၊ နားလည်မှုရှိဖို့လိုတယ်၊ တစ်ယောက်နဲ့ တစ်ယောက် နားလည်မှု၊ ယုံကြည်မှုရှိသွားရင် ငြိမ်းချမ်းရေးဆိုတာ ရလာမှာပဲ၊ ကျွန်တော့်ရင်ထဲက ပြောချင်တာက တပ်မတော်သားတွေက ငြိမ်းချမ်းရေးကို အမျှော်လင့်ဆုံးပါပဲ၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် မဖြစ်မနေမို့သာ ကျွန်တော်တို့ တိုက်ပွဲဝင်နေရခြင်းဖြစ်ပါတယ်၊ ဒါကို အားလုံးနားလည်လိမ့်မယ်လို့ ကျွန်တော် ထင်မြင်ယူဆပါတယ်။

ကျွန်တော်က ကရင်တိုင်းရင်းသား အစစ်တစ်ယောက်ပါ၊ လက်ရှိ တပ်မတော်မှာ တာဝန်ထမ်းဆောင်နေတဲ့ တပ်မတော်သားတစ်ယောက်ပါ၊ ကျွန်တော်လူမျိုးစွဲလည်း မရှိပါဘူး၊ ကျွန်တော်တို့ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် ကျရာ တစ်ထောင့်တစ်နေရာကနေ တာဝန်ထမ်းဆောင်ရမှာပဲ ဖြစ်ပါတယ်၊ အဲဒီအတွက်လည်း ကျွန်တော်တို့တစ်တွေ အမြဲတမ်းစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ပြည်ထောင်စုကြီး မပြိုကွဲဖို့အတွက် ဝိုင်းပြီးတော့ ကြိုးစားကြဖို့ ပြောလိုပါတယ်။

**ဗိုလ်မှူး သူရဇေယျာထွန်း**
**နမ့်စန်လေတပ်စခန်းဌာနချုပ်**

ကျွန်တော်ကတော့ ဗိုလ်မှူးသူရဇေယျာထွန်း ဖြစ်ပါတယ်၊ လက်ရှိ ကျွန်တော်က နမ့်စန်လေတပ်စခန်းဌာနချုပ်မှာ ပျံသန်းမှုဘေးအန္တရာယ်ကင်းရှင်းရေး တာဝန်ခံအရာရှိအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်၊ ရှမ်းအရှေ့မြောက် မုံးကိုးဒေသမှာဖြစ်တဲ့ တိုက်ပွဲစဉ်တွေမှာ မြောက်ပိုင်းမဟာမိတ် ပူးပေါင်းအဖွဲ့ မုံးကိုးဒေသကို ကျူးကျော်ဝင်ရောက်တိုက်ခိုက်လာတဲ့အတွက် ပြန်လည်တိုက်ခိုက်တဲ့အချိန်မှာ ကျွန်တော်တို့ လေကြောင်းပစ်ကူပေးတာဝန်တွေကို တိုက်လေယာဉ်နဲ့ တာဝန်ထမ်းဆောင်ခဲ့ပါတယ်၊ ဒီလို နိုင်ငံတော်က ပေးအပ်တဲ့ တာဝန်တွေကို ကျေကျေပွန်ပွန်၊ စွန့်စွန့်စားစား ထမ်းဆောင်ခဲ့တဲ့အတွက် အခုလိုမျိုး သူရဘွဲ့ပေးအပ်တာကို အလွန်အင်မတန်ပဲ ဝမ်းသာပီတိ ဖြစ်ပါတယ်။

သူတို့ရဲ့လေယာဉ်ပစ်လက်နက်ကြောင့် လေယာဉ်ထိခိုက်တာကို သိလိုက်ရတဲ့အချိန်မှာ တပ်မတော်ရဲ့အဓိက အားထားရတဲ့ တိုက်လေယာဉ်တစ်စင်း မဆုံးရှုံးသွားဖို့နဲ့ ရန်သူ့စိတ်ဓာတ်တက်ကြွသွားခြင်း မရှိစေဖို့အတွက်ရယ်၊ ကျွန်တော့် လေယာဉ်ထိခိုက်ပျက်စီးသွားရင် မိမိတပ်ဖွဲ့ဝင်တွေ စိတ်ဓာတ်ကျဆင်းမသွားဖို့ အတွက်ရယ်၊ တပ်မတော်အတွက်လည်း အဖိုးတန်တဲ့ တိုက်လေယာဉ်တစ်စင်း ဆုံးရှုံးသွားမှာကို မလိုလားတဲ့အတွက်ကြောင့် ငါမသေ ငါစခန်းမကျစေရဆိုတဲ့ စိတ်ဓာတ်နဲ့ လေယာဉ်ကို ကျွန်တော့်မိခင်တပ်ဆီကို မရောက်ရောက်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ကြိုးစားပြီး ယူဆောင်လာခဲ့ခြင်း ဖြစ်ပါတယ်၊ ညီနောင်လေသူရဲတွေကို ဒီနေရာကနေပြီးတော့ ကျွန်တော်အကြံပေးချင်တာကတော့ ကျွန်တော်တို့ လေ့ကျင့်သင်ကြားပေးခဲ့ခြင်းသည် ညီနောင်တပ်ဖွဲ့ဝင်တွေ ဖြစ်တဲ့ တပ်မတော်(ကြည်း) တပ်ဖွဲ့တွေရှိမယ်၊ တပ်မတော်(ရေ) တပ်ဖွဲ့တွေရှိမယ်၊ အခြားတပ်ဖွဲ့ဝင်တွေရှိမယ်၊ အဲဒီတပ်ဖွဲ့တွေအတွက် အစွမ်းကုန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ တပ်မတော်(လေ)ရဲ့ အဓိက တာဝန်တစ်ရပ်ထဲမှာပါတဲ့ တပ်ဖွဲ့ဝင်တွေကို ကူညီပေးဖို့၊ တိုက်ပွဲဝင်တဲ့အချိန်မှာ ကူညီပေးဖို့ဆိုတဲ့ တာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ကြပါစေ၊ အဲဒီလို ထမ်းဆောင်နိုင်အောင်လည်း လေ့ကျင့်ပျိုးထောင်ကြပါလို့ ကျွန်တော် ပြောချင်ပါတယ်။

**ဦးဟန်ကောင်း**
**တပ်ကြပ် သူရရဲနွမ် (ကျဆုံး)၊ အမှတ် (၃၈၆) ခြေမြန်တပ်ရင်း၏ အစ်ကို**

ကျဆုံးသွားတဲ့ ကျွန်တော့်ညီကိုယ်စား ဒီဂုဏ်ထူးဆောင်ဘွဲ့ကို လာယူခြင်းဖြစ်ပါတယ်၊ ပထမကြားကြားချင်း ဝမ်းနည်းလို့ မဆုံးဘူးပေါ့၊ ဒါပေမယ့် နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့ ပေးတယ်ဆိုတဲ့အသံကြားတဲ့အခါမှာ ကျွန်တော်တို့ ဝမ်းသာပီတိ ဖြစ်ရပါတယ်၊ ဒီအရာကို ကျွန်တော့်ညီ အသက်ရင်းနှီးပေးဆပ်ရလို့မဟုတ်ဘဲ အမှတ် (၃၈၆) တပ်ရင်းက အားလုံးအတွက် ပေးတဲ့ဆုလို့ ကျွန်တော်ခံယူပါတယ်၊ ကျွန်တော်ရော၊ ကျွန်တော့်ညီရော နာဂတိုင်းရင်းသားပါ။

အမှတ်တရရယ်လို့ မှတ်မှတ်ရရက သိပ်မရှိဘူး၊ အစ်ကိုတစ်ယောက်အနေနဲ့ ညီတစ်ယောက် ဆုံးရှုံးရပေမယ့် နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာကနေ ပေးဆပ်တယ်လို့ပဲ ကျွန်တော်ခံယူပါတယ်။

**ဦးဘိုသိန်း**
**ဒုတိယတပ်ကြပ် သူရမျိုးချစ်(ကျဆုံး)၊ အမှတ် (၃၈၆) ခြေမြန်တပ်ရင်း၏ ဖခင်**

ကျွန်တော့်သား မျိုးချစ်အတွက် ဒီဂုဏ်ထူးဆောင်ဘွဲ့ကို ကိုယ်စားယူတာပါ၊ ကျွန်တော့်သားက နိုင်ငံတော်အတွက် အသက်ကိုစွန့်ပြီး ကာကွယ်တာ ကျွန်တော် ဂုဏ်ယူပါတယ်၊ ကျွန်တော့်သားအတွက် နိုင်ငံတော်သမ္မတက ဂုဏ်ထူးဆောင်ဘွဲ့ပေးတာကိုလည်း ဂုဏ်ယူပါတယ်၊ ပြောစရာတွေ အထွေအထူး မရှိပါဘူး၊ နစ်နာကြေးနဲ့ ခံစားခွင့်တွေရပါတယ်၊ သူ့ရဲ့ ခံစားခွင့်တွေရတာကို သူ့အတွက် ကုသိုလ်ကောင်းမှု လုပ်ပေးရတာပေါ့၊ ကျွန်တော့်သားက ဝါသနာပါတယ်၊ သူ့အမေနဲ့ နွားကျောင်းရင်းနဲ့ မြားတွေလုပ်ပြီး ပစ်လိုက်၊ ဝမ်းလျားမှောက်လိုက်နဲ့ စွဲစွဲမြဲမြဲငယ်ငယ်လေးကတည်းက အဲ့ဒီဟာကို ဝါသနာပါတယ်၊ အစွဲအလမ်းလည်းရှိတယ်၊ သူက အဲ့ဒါပဲ လုပ်ချင်တဲ့ဆန္ဒရှိတယ်၊ ကျွန်တော့်သား စစ်ထဲလိုက်သွားတာလည်း ကျွန်တော်မသိဘူး၊ ကျွန်တော့်သူငယ်ချင်းက လိုက်ပို့တာ၊ သူ့ကိုတော့ မှာသွားတယ်ပြောတယ်၊ အမေတို့ အဖေတို့ကို ပြောလိုက်ပါ၊ ကျွန်တော်ပြန်လာခဲ့မယ်၊ အဲဒီလိုတော့ မှာသွားတာပဲ၊ ဒါပဲရှိတယ်။

ကိုယ့်သားသမီးဆိုတော့ ဝမ်းလည်းနည်းတယ်၊ ဝမ်းလည်းသာတယ်၊ နိုင်ငံတော်အတွက် ကျွန်တော့်သား ဒီလိုစွန့်စွန့်စားစားလုပ်သွားတဲ့အတွက် ကျွန်တော်ဂုဏ်ယူတယ်၊ အခုလိုသူရဘွဲ့ပေးတာကိုလည်း ဂုဏ်ယူပါတယ်၊ သူက နှစ်ခါထိတာလို့ သိရပါတယ်၊ ပထမတစ်ပွဲတိုက်ထားကတည်းက ဒဏ်ရာရထားတယ်၊ နောက်ပိုင်းကျမှ ကျဆုံးသွားတာပါ။

**ဒုတိယတပ်ကြပ် သူရထွန်းထွန်း**
**အမှတ် (၃၈၆) ခြေမြန်တပ်ရင်း**

ကျွန်တော် လွန်စွာဂုဏ်ယူပါတယ်၊ ကျွန်တော်တို့ သူငယ်ချင်းတွေလည်း တိုက်ပွဲမှာကျပြီး ဘွဲ့ထူးဂုဏ်ထူး မရသွားခဲ့တာတွေ ရှိပါတယ်၊ တိုက်ပွဲက ဒီတစ်ခါနဲ့မှ လေးခါလောက်ပဲ ကြုံဖူးတာပါ၊ ဒီတစ်ခေါက်ဖြစ်တာတော့ တော်တော်ထူးထူးခြားခြားပါပဲ၊ ဒီလောက်ကြီးမားတဲ့စခန်းကို တစ်ခါမှ မသိမ်းဖူးပါဘူး၊ ဒီတစ်ခေါက်သိမ်းဖူးတာပဲ၊ ပထမဦးဆုံး သူငယ်ချင်းတွေနဲ့အတူ ကိုယ်လုပ်နိုင်တဲ့နေရာတွေကနေ လိုက်ပါလုပ်ဆောင်ခဲ့ပါတယ်၊ သူငယ်ချင်းတွေနဲ့ သွားနိုင်တဲ့နေရာအထိ ထိုးဖောက်ပြီးတော့ လမ်းဖောက်ပေးခဲ့တာ၊ စခန်းအနားလည်းရောက် ရောနေရာယူပေးလိုက်ပါတယ်၊ နောက်လူတွေလာရတာ သက်သာတာပေါ့။

သူငယ်ချင်းတွေအတွက်တော့ စိတ်မကောင်းပါဘူး၊ အခုကျသွားတဲ့အထဲမှာ ကျွန်တော့်သူငယ်ချင်းတွေလည်း ပါပါတယ်၊ ကျွန်တော်ကတော့ ဒဏ်ရာမရခဲ့ပါဘူး၊ စတင်ပြီး ပစ်ခတ်တဲ့အချိန်မှာ ရန်သူလက်ဦးမှုမရဘဲနဲ့ ကိုယ်က လက်ဦးမှုရခဲ့တဲ့အတွက် အမှတ်တရပါပဲ၊ နိုင်ငံတော်က ဒီလို ချီးမြှင့်ပေးတဲ့အတွက် အတိုင်းထက်အလွန် ဝမ်းသာမိပါတယ်။

**သတင်းအဖွဲ့**

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းများအလိုက် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာကျင်းပကြရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။ ထိုကဲ့သို့ ကျင်းပကြရာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ် ၇ အခြေခံပညာအထက်တန်းကျောင်းတွင် နံနက် ၇ နာရီကစ၍ ကျောင်းသား ကျောင်းသူများက ဘောလုံးပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲ အပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ခေါင်းအုံးရိုက်ပြိုင်ပွဲ စသည့်အားကစားပြိုင်ပွဲများကို ကျင်းပကြရာ မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာကြီး ဦးမျိုးမြင့်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**စိမ်း(ဥပဒေ)**

## သစ်ခွပြပွဲ ပြသမည်

**ရန်ကုန် ဇန်နဝါရီ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံသစ်ခွခြံ၌ သစ်ခွပြပွဲကို ဇန်နဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ ငါးရက်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

ပြပွဲကို နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ပြီး မြန်မာသစ်ခွ၊ ဆေးဖက်ဝင်သစ်ခွနှင့် ပြည်ပသစ်ခွများကို ပြသထားမည့်အပြင် ပညာပေးပြကွက်နှင့် အရောင်းဆိုင်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

MOPA- Yangon School of Interior Design ၏ ဒီဇိုင်းအခင်းအကျင်းများဖြင့် ဆန်းသစ်သော သစ်ခွပြပွဲကို တွေ့မြင်ကြရမည်ဖြစ်သည်။

**သတင်းစဉ်**


မွန်ပြည်နယ် ပေါင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အေးဆွေ ဦးဆောင်သော မူခင်းအသိပညာပေးယာဉ်သည် ဇန်နဝါရီ ၄ ရက် နံနက်က ပေါင်မြို့နယ် သဲကုန်းကျေးရွာ ပိတောက်မြိုင်ရပ်ကွက် ကားလမ်းနံဘေးတွင် မူခင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာ အမှတ် (၃၈)မှူး၊ စိတ်တပ်ဖွဲ့စု(မလမ)မှ ဒုရဲမှူး စိုးမိုးအောင်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့(မလမ)မှ ရဲအုပ် မောင်မောင်ဟန်နှင့် နယ်မြေစခန်းမှူး ရဲအုပ် ကျော်နန္ဒအောင်တို့ ပညာပေးဟောပြောစဉ်။ ၁၃၈

# ဘူးခင်းလေးကစလိုက်တဲ့ အတွေးက အခုဆိုရင် နိုင်ငံအကျိုးပြုတဲ့ ပရောဂျက်တစ်ခုကိုရခဲ့

## မြန်မာတွေမညံ့ဘူးဆိုတာကို သက်သေပြနိုင်ခွင့်ရလို့ အမိမြေအတွက်လည်း အကျိုးရှိတဲ့ပွဲ ဖြစ်ပါတယ်

**မောင်ဖြိုးသူထက်**



ပရောဂျက်အကြမ်းပုံ

ဂျပန်နိုင်ငံတွင် ဇူလိုင်လ ၁၁ ရက်နေ့က ကျင်းပခဲ့သည့် Go Green In the City 2017 International ပြိုင်ပွဲကို ရတနာပုံဆိုက်ဘာစီးတီး၊ နည်းပညာတက္ကသိုလ် စတုတ္ထနှစ် Information Science Technology မှ မောင်ဖြိုးသူထက်နှင့် တတိယနှစ် Computer Engineering မှ မဝင်ဒီအိုက်မောင်တို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး East Aisa Pacific and Japan အဆင့်၌ TOP -9 ဆုရရှိခဲ့သည်။ အဆိုပါထူးချွန်ကျောင်းသားနှစ်ဦးကို ယခုကဲ့သို့တွေ့ဆုံမေးမြန်းထားပါသည်။

**မေး ။ ။ Go Green In the City 2017 International ပြိုင်ပွဲယှဉ်ပြိုင်ဖြစ်ခဲ့ပုံကို ပြောပြပေးပါ။**

**မောင်ဖြိုးသူထက်** ။ ။ ပြင်သစ်နိုင်ငံအခြေစိုက် ရှက်နိုက်တာအီလက်ထရွန်နစ် ကုမ္ပဏီက ကြီးမှူးကျင်းပတဲ့ ပြိုင်ပွဲဖြစ်ပါတယ်၊ ပြိုင်ပွဲတွေရှိတယ်ဆိုတာကို ရှက်နိုက်တာ(မြန်မာ)ရဲ့Page တွေ၊ လူမှုကွန်ရက်စာမျက်နှာတွေမှာ ကြေညာပေးတာကြောင့် တော်တော်များများက စိတ်ဝင်စားကြတယ်၊ ပရောဂျက်တွေကို အွန်လိုင်းတင်ပြီး လျှောက်ရပါတယ်၊ ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၁၃၅ နိုင်ငံက ပြိုင်ပွဲဝင်စုစုပေါင်း ၈၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြပါတယ်။

**မဝင်ဒီအိုက်မောင်** ။ ။ ကျွန်မတို့ ကျောင်းတွေမှာ ရှက်နိုက်တာ အီလက်ထရွန်နစ်က Go Green In The City 2017 Competition အကြောင်း ဟောပြောပွဲတွေ လာလုပ်ပါတယ်၊ ဌာနမှူးက ပြိုင်ပွဲရဲ့ အကြောင်းကို မိတ်ဆက်ရှင်းပြပြီး ဝင်ပြိုင်ဖို့ တိုက်တွန်းတာကြောင့် Project Presentation ကို အွန်လိုင်းမှာ တင်ဖြစ်ခဲ့ပါတယ်၊ဒီလိုတင်တဲ့အခါ မြန်မာနိုင်ငံကကျောင်းသားအနေနဲ့ Project Presentation မှာ အဆင့် ၅ (Top 5) နဲ့ အရွေးခံရတယ်။




**Country Final Round တွင် ပရောဂျက် Presentation ရှင်းလင်းနေစဉ်။**

**မေး ။ ။ ပြိုင်ပွဲအကြောင်း ပြောပြပေးပါဦး။**

**မောင်ဖြိုးသူထက်** ။ ။ ဘယ်လို စီမံလန်းစိုပြည်အောင် လုပ်မလဲဆိုတဲ့ဆန်းသစ်တဲ့ အိုင်ဒီယာပြိုင်ပွဲပဲဖြစ်ပါတယ်၊ ကျွန်တော်တို့က GREEN နဲ့ပတ်သက်တဲ့ ပရောဂျက်ကို ပြိုင်ဖြစ်တာပါ၊ ပြိုင်တဲ့အခါ Registration ကနေ Level အဆင့်ဆင့်ကိုဖြတ်ကျော်ရပါတယ်၊ Registration၊ Team mate၊ Challenge နဲ့ Idea submission စတာတွေကို ဒီနိုင်ငံကနေပြီး ပြိုင်ရပါတယ်၊ မြန်မာတစ်နိုင်ငံလုံးမှာ Top 5 အနေနဲ့ အရွေးခံရပြီး ချန်ပီယံအဆင့်ကိုသွားရတယ်၊ ချန်ပီယံပြီးရင် ဆီမီးဖိုင်နယ်ပြိုင်ရတယ်၊ ပြီးတော့ နောက်ဆုံးဖိုင်နယ် ၁၂ သင်းကို ရွေးပါတယ်၊ ကျွန်တော်တို့က ဆီမီးဖိုင်နယ်ရောက်ခဲ့ပြီး East Asia Pacific Japan Level မှာ TOP 9 ရခဲ့ပါတယ်။

**မေး ။ ။ ဒီပြိုင်ပွဲအတွက် ဘယ်လိုတွေ ပြင်ဆင်ခဲ့ရတယ်ဆိုတာကိုလည်း ပြောပြပေးစေလိုပါတယ်။**

**မောင်ဖြိုးသူထက်** ။ ။ ဒီပြိုင်ပွဲကို မြန်မာနိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်တာသုံးနှစ်ရှိပါပြီ၊ နိုင်ငံအတွင်း ဖိုင်နယ်ရောက်ဖို့အတွက် အဆင့်တွေအများကြီး ဖြတ်ရတယ်၊ ဖိုင်နယ်ငါးယောက်မှာ ပါလာတော့ ရန်ကုန်ရောက်ခဲ့တယ်၊ ပြုပြင်ထိန်းသိမ်းရေး (Maintain) အပိုင်းတွေပါတယ်၊ presentation ကျွမ်းကျင်မှု၊ ပြီးရင် အင်္ဂလိပ်စာဘာသာစကားကျွမ်းကျင်မှု ၊ ပြောပုံဆိုပုံကအစ လေ့ကျင့်သင်ကြားပေးတယ်၊ အိုင်ဒီယာပိုပြီး တိုးတက်အောင် လေ့ကျင့်သင်ကြားပေးတဲ့အပိုင်းတွေပါတယ်၊ Go Green ပြိုင်ပွဲက Energy Saving နဲ့ သဘာဝပတ်ဝန်းကျင်အကျိုးပြု projectတွေ နဲ့ပြိုင်ရတာပါ၊ Idea က ( Innovative ) ဆန်းသစ်ဖို့ တော်တော်အရေးကြီးပါတယ်၊ အဲဒီတော့ Idea ကောင်းကောင်းရအောင် များများတွေးတယ်၊ စာတွေဖတ်တယ်၊ အင်တာနက်ကလည်း လေ့လာတယ်၊ ခရီးတစ်ခုသွားရင်တောင်မှ လမ်းမှာရှိသမျှ လိုက်ကြည့်ပြီး ပရောဂျက်အတွက် စိတ်ကူးစိတ်သန်း ( Idea) ပိုကောင်းလာအောင် စဉ်းစားတယ်။

ပြိုင်တဲ့အခါ ပထမဆုံးအဆင့်အနေနဲ့ Challenge ဝင်ရတယ်၊ သတ်မှတ်ထားတဲ့ Level ရောက်တော့ နောက်တစ်ဆင့် Idea submission ကို သင်ခွင့်ရတယ်၊ ရန်ကုန်ရှက်နိုက်တာရုံးမှာ အဖွဲ့လိုက်ဆွေးနွေးပွဲတွေ လုပ်ရတယ်၊ ဒီလိုလုပ်တဲ့အခါ အင်္ဂလိပ်လိုပဲပြောရ ဆွေးနွေးရတယ်။ ပရောဂျက်ပြင်ဆင်မှုအနေနဲ့ Innovate ဖြစ်တဲ့ Green ပိုင်းကိုသွားတယ်၊ Green ပိုင်းမှာနယ်ပယ်အစုံရှိတယ်၊ ဆော့ဝဲလ်တွေအသုံးပြုပြီးတော့ (ဥပမာဆိုရင် မီးတွေကို ဖွင့်ထားတယ်၊ ဖွင့်ပြီး ခလုတ်ပိတ်ပါ ရေးထားတယ်၊ မပိတ်ဖြစ်ခဲ့တာတွေရှိတော့ Sensor တွေ သုံးတာမျိုး) Energy saving ပေါ့၊ ဒီပရောဂျက်မှာ စွမ်းအင်ချွေတာနိုင်အောင် (Sensor) ဆင်ဆာတွေသုံးထားတယ်၊ ကျွန်တော်တို့ဘက်က စဉ်းစားလိုက်တာ Cool green ဆိုတော့၊ ဒီအပိုင်းကို ပထမဆုံးသေချာလည်းမသိတော့ စစဉ်းစားတာက နွယ်ပင်ပါ၊ နွယ်ပင်ကို Sector တစ်ခုနဲ့ လုပ်လိုက်ရင် မြန်မြန်အရိပ်ရမယ်၊ ဒါကိုနည်းပညာပေါင်းစပ်မှု ထည့်မယ်ဆိုပြီးစဉ်းစားတာ၊ သူနဲ့သက်ဆိုင်တဲ့ ပြင်ဦးလွင်က ခြံတွေကို သွားရောက်လေ့လာခဲ့ရတယ်။

**မဝင်ဒီအိုက်မောင်** ။ ။ နိုင်ငံပေါင်း ၁၃၅ နိုင်ငံဝင်ရောက်ယှဉ်ပြိုင်ကြပါတယ်၊ Innovate ဖြစ်မယ့် Idea တွေ စဉ်းစားရတယ်။ Presentation က အဓိကပေါ့၊ အင်္ဂလိပ်ဘာသာစကားတွေကိုလည်း လေ့ကျင့်ရပါတယ်၊ နိုင်ငံတကာအဆင့် ပြိုင်ပွဲဆိုတော့ Presentation ကို အင်္ဂလိပ်စကားပြော ကျွမ်းကျွမ်းကျင်ကျင်ပြောနိုင်ဖို့နဲ့ သူများပြောတာကို နားလည်နိုင်ဖို့ Listening Skill တွေ သေချာပြင်ဆင်ရပါတယ်။

**မေး ။ ။ ပြိုင်ပွဲဝင်ခဲ့တဲ့ ပရောဂျက်လေးအကြောင်းကိုလည်း သိချင်ပါတယ်။**

**မောင်ဖြိုးသူထက်** ။ ။ ကျွန်တော်တို့ ပြိုင်ခဲ့တဲ့ ပရောဂျက်က နွယ်ပင်စိုက်ပျိုးမှာပါ၊ သာမန်စိုက်ပျိုးတာမဟုတ်ဘူး၊ ပိန်းရွက်ပုံစံမျိုးကို Steel Structure ပုံစံပါ၊ ပေ ၂၀ ဝန်းကျင်လေးခုရှိပါမယ်၊ ဒါကြောင့် အရိပ်ရဖို့လည်းအဆင်ပြေတယ်၊ Green ဖြစ်ဖို့ကလည်းပုံစံတစ်မျိုးဖြစ်သွားပြီး တစ်ခုချင်းစီမှာ နွယ်ပင်အမျိုးအစားတစ်မျိုးစီကိုစိုက်ပျိုးသွားမှာ၊ ဒီထဲကိုလာရောက်တဲ့သူက အေးချမ်းမှုကို ခံစားသွားရမှာဖြစ်တယ်၊ မြန်မာမှု ပေါင်းစပ်တဲ့အနေနဲ့ ရေအိုးစင် တင်လေးတွေ ၊ နည်းပညာပေါင်းစပ်မှုပါမယ်၊ စိမ်းလန်းတဲ့ဝန်းကျင်တစ်ခုဖြစ်သွားမယ်၊ မြန်မာနိုင်ငံမှာအပန်းဖြေတဲ့နေရာတွေမှာ အမှိုက်တွေပစ်ကြတယ်၊ အပန်းဖြေတဲ့နေရာက လှပမယ့် အမှိုက်တွေကပြည့်နေတယ်၊ ကျွန်တော်တို့ပရောဂျက်မှာ ငှက်ကလေး (ROBOT BIRD )လေးတွေက အမှိုက်မပစ်ဖို့၊ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးဖို့လည်း စကားပြောမှာပါ၊ စက်ရုပ်ငှက်အမျိုးအစားနှစ်ခုထားရှိမယ်၊ တစ်ခုက သစ်ကိုင်းနားမှာရှိတဲ့ Robot Bird က စကားပြောရင်

*စာမျက်နှာ ၉ သို့*

**Idea ကောင်းကောင်းရအောင် များများတွေးတယ်၊ စာတွေဖတ်တယ်၊ အင်တာနက်ကလည်း လေ့လာတယ်၊ ခရီးတစ်ခုသွားရင်တောင်မှ လမ်းမှာရှိသမျှ လိုက်ကြည့်ပြီး ပရောဂျက်အတွက် စိတ်ကူးစိတ်သန်း ( Idea) ပိုကောင်းလာအောင် စဉ်းစားတယ်။**



**ပရောဂျက်တွင် မြန်မာမှုပေါင်းစပ်ထားသော ပုံစံတစ်ခုကို တွေ့ရစဉ်။**

# တတိယမြောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(မန္တလေး) ဘွဲ့နှင်းသဘင် ကျောင်းဆောင်သစ် ယနေ့ဖွင့်လှစ်

**မန္တလေး ဇန်နဝါရီ ၄**

မန္တလေးတောင်ခြေ ဂေါက်လေ့ကျင့်ရေးကွင်းအရှေ့ဘက်ရှိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(မန္တလေး)၏ တတိယမြောက် သီတဂူတော်ဝင် သဒ္ဓမ္မဇောတိကာ သန္တိမဟာဘွဲ့နှင်းသဘင်ကျောင်းဆောင်သစ် ဖွင့်လှစ်လွှဲပြောင်းရေစက်ချလှူဒါန်းမှုကို ယနေ့နံနက်တွင် ကျင်းပသည်။

"ဒီနေ့ဖွင့်လှစ်တဲ့ သီတဂူတော်ဝင် သဒ္ဓမ္မဇောတိကာ သန္တိမဟာဘွဲ့နှင်းသဘင် ကျောင်းဆောင်သစ်က သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရဲ့ တတိယမြောက် ဘွဲ့နှင်းသဘင် ကျောင်းဆောင်ဖြစ်ပါတယ်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အနေနဲ့ Dip-Buddhism ၊ B.A (Buddhism) ၊ M.A(Buddhism) နှင့် Ph.D (Buddhism) တန်းစဉ်တွေကို နှစ်စဉ်သင်ကြားပေးပြီး သာသနာ့မျိုးဆက်သစ်တွေကို မွေးထုတ်ပေးနေပါတယ်၊ သီတဂူဆရာတော်ကြီးအနေနဲ့ ဒီဘွဲ့နှင်းသဘင်ကျောင်းဆောင်သစ်ကို ဆောက်လုပ်တဲ့ ရည်ရွယ်ချက်က Dip- Buddhism တန်းစဉ်လောက်ကို ဒီမန္တလေးမှာချီးမြှင့်ပေးပြီး နောင်မှာလည်း ဘွဲ့နှင်းသဘင် အခမ်းအနားတွေကို အခုလို ကျောင်းဆောင်ကြီးတွေမှာ အလှည့်ကျကျင်းပနိုင်ဖို့ ဖြစ်ပါတယ်"ဟု အဆိုပါသီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(မန္တလေး)မှ ကျောင်းအုပ်ဆရာတော် ဦးဝေဠုရိယညာဏက မိန့်ကြားသည်။



**ယနေ့ဖွင့်လှစ်လိုက်သော သီတဂူတော်ဝင် သဒ္ဓမ္မဇောတိကာ သန္တိမဟာဘွဲ့နှင်းသဘင် ကျောင်းဆောင်သစ်ကိုတွေ့ရစဉ်။**

ယနေ့ဖွင့်လှစ် လွှဲပြောင်းသော သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (မန္တလေး)၏ သီတဂူတော်ဝင် သဒ္ဓမ္မဇောတိကာ သန္တိမဟာဘွဲ့နှင်းသဘင်ကျောင်းဆောင်သစ်သည် မြန်မာနိုင်ငံ၏ တတိယမြောက် ဘွဲ့နှင်းသဘင်ကျောင်းဆောင်သစ်ကြီးဖြစ်ပြီး တော်ဝင်မိသားစုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကိုကိုထွေး(လူမှုထူးချွန်-ပထမဆင့်) ဇနီး သီရိသုဓမ္မာသိင်္ဂီဒေါ်အေးအေးသန်းမိသားစုက ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဘွဲ့နှင်းသဘင် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့်အတူ သီတဂူဆရာတော်ကြီးအား ပုနေ့ာပသမ္ပဒါသိက္ခာထပ်မင်္ဂလာကျင်းပခြင်း၊ သံဃာအပါး ၁၀၀၀ အား ဆွမ်းကြီး လောင်းလှူခြင်း၊ ပင့်သံဃာအပါး ၅၀ အားသိမ်ဆင်းလောင်းလှူခြင်းနှင့်အတူ နေ့ဆွမ်းဆက်ကပ်မှုတို့ကိုလည်း လှူဒါန်းမှုပြုခဲ့သည်။

အဆိုပါ သီတဂူတော်ဝင်သဒ္ဓမ္မဇောတိကာ သန္တိမဟာဘွဲ့နှင်းသဘင်ကျောင်းဆောင်သစ်ကြီးကို ကျောင်းသုံးပရိဘောဂအပါအဝင် ငွေကျပ်သိန်းပေါင်း ၁၀၀၀၀ ကျော် အကုန်အကျခံဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အကျယ်အဝန်းအားဖြင့် ၁၃၁ ပေ× ၁၁၅ ပေ ၂ လက်မ ကျယ်ဝန်းကာ အာရ်စီနှစ်ထပ်အဆောက်အအုံအမျိုးအစားဖြစ်သည်။ ပြီးခဲ့သော ၂၀၁၆ ခုနှစ် အောက်တိုဘာလဆန်းပိုင်းက စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတတိယပတ်တွင် အပြီးအချောသပ် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ဘွဲ့နှင်းခန်းမဆောင်တစ်ဆောင်၊ စာသင်ခန်းလေးခန်းနှင့်အတူ ရုံးခန်းလေးခန်းကိုလည်း ထည့်သွင်းထားခြင်းကြောင့် ဘွဲ့ရသံဃာတော်၊ သီလရှင်များအား အဆိုပါ သီတဂူတော်ဝင် သဒ္ဓမ္မဇောတိကာ သန္တိမဟာဘွဲ့နှင်းသဘင်ကျောင်းဆောင်သစ်မှ များမကြာမီတွင် စတင်ချီးမြှင့်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"လူတွေရဲ့လောဘ၊ ဒေါသ၊ မောဟတရားတွေကို ထိန်းချုပ်ပေးဖို့ဆိုတာ ဘာသာရေးက အများကြီးလိုပါတယ်၊ ဘာသာရေးရဲ့သင်ကြားမှုအောက်မှာရှိတဲ့ လူတွေကကိုယ်ကိုယ်တိုင် ချမ်းသာသုခကိုဆောင်ရွက်နိုင်တဲ့ အနေအထားဖြစ်အောင် ဘာသာရေးရဲ့ သွန်သင်ဆုံးမမှုတွေလိုပါတယ်၊ အဲဒါလည်းဗုဒ္ဓဘာသာရဲ့ သာသနာအစစ်အမှန်ကို ရရှိမှသာ ဒီအကျိုးတွေကို ခံစားရမှာဖြစ်ပါတယ်၊ ဒါကြောင့် ဗုဒ္ဓဘာသာရဲ့သာသနာအစစ်အမှန်ကို ဗုဒ္ဓတက္ကသိုလ်တွေက သင်ကြားပေးလိုက်တဲ့ ဆရာတော်၊ သံဃာတော်တွေကသာ အဆိုအမိန့်၊ အယူအဆတွေ၊ ဟောကြားတဲ့ တရားအစစ်အမှန်တွေကို ရရှိမှာဖြစ်ပါတယ်၊ ဒါကြောင့် အခုလို သာသနာတက္ကသိုလ်တွေကို တတ်နိုင်သလောက် ပံ့ပိုးကူညီလှူဒါန်းပေးတာဖြစ်ပါတယ်"ဟု အဆိုပါ သီတဂူတော်ဝင် သဒ္ဓမ္မဇောတိကာ သန္တိမဟာဘွဲ့နှင်းသဘင် ကျောင်းဆောင်သစ်ကို ဆောက်လုပ်လှူဒါန်းပေးသော တော်ဝင်မိသားစုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကိုကိုထွေး (လူမှုထူးချွန်-ပထမဆင့်)က ပြောသည်။

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အနေဖြင့် မြန်မာနိုင်ငံတွင် စစ်ကိုင်း၊ ရန်ကုန်၊ မန္တလေးနှင့် တောင်ငူတို့တွင် သံဃာတော်၊ သီလရှင်နှင့် စိတ်ပါဝင်စားသော ပြည်သူများအား သာသနာအဓွန့်ရှည်တည်တံ့စေရန် ရည်ရွယ်၍ နှစ်စဉ် သင်ကြားပြသပေးလျက်ရှိပြီး တက်ရောက်သင်ကြားသူ ဦးရေမှာ တစ်ကျောင်းလျှင် နှစ်ရာကျော်၊ သုံးရာဝန်းကျင်အထိရှိသဖြင့် နှစ်စဉ်စာသင်သားဦးရေ ၁၀၀၀ ကျော်ကို မွေးထုတ်ပေးလျက်ရှိပြီးသတ်မှတ်တန်းစဉ်အလိုက် ဘွဲ့များကိုလည်း ချီးမြှင့်ပေးလျက်ရှိသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

---

*စာမျက်နှာ ၈ မှ*

လိုက်ပြောပေးတာမျိုး၊ နောက်တစ်ခုက ရေအိုးစင်နားမှာ Sensor နဲ့လူရှိမရှိပေါ့၊ လူရှိရင် ငှက်ကလေးက ရေသောက်ပါဦး၊ မောနေပြီလား၊ အနားယူပါဦး၊ အဲဒီလိုတွေ ပြောမယ်၊ ဒါက ကျေးညီနောင် ပုံပြင်ကိုယူထားတာပါ၊ ပြင်ဦးလွင်ရတနာပုံမြို့သစ် စီမံကိန်းမှာ ဒီပရောဂျက်ကိုအကောင်အထည်ဖော်ဖို့ရှိတယ်၊ နိုင်ငံခြားသားဧည့်သည်တွေအတွက် မြန်မာပုံပြင်က ထွက်လာတဲ့ အနှစ်သာရတစ်ခုကိုခံစားစေနိုင်မယ်၊ ဒီငှက်က မိုးရွာရင် သူသတ်မှတ်ထားတဲ့ အရိပ်ခိုဖို့ သွားနိုင်အောင် ပျံနိုင်ဖို့လည်း ကြိုးစားနေတယ်၊ စက်ရုပ်လိပ်ပြာနဲ့ Lighting ပိုင်းမှာစွန့်ပစ်ပစ္စည်းတွေ ပြန်လည်သုံးပြီး အလင်းရောင်ရနိုင်ဖို့ ကြိုးစားနေတယ်၊ ကျွန်တော်တို့ အခုလုပ်နေတဲ့ Version က မြန်မာမှာလည်းမရှိဘူး၊ ကမ္ဘာမှာလည်းမရှိသေးဘူး၊ ပထမဆုံးဖြစ်လာမှာပါ၊ တစ်နှစ်အတွင်းမှာ ပြသနိုင်ဖို့ ကြိုးစားနေတယ်၊ အခုဆိုရင် စက်ရုပ်ငှက်ကို စတင်အကောင်အထည်ဖော်နေပါပြီ၊ ဒါကနိုင်ငံကိုတစ်ဖက်တစ်လမ်းကနေ ကူညီရာလည်း ရောက်ပါတယ်။



**ပရောဂျက်တွင် ပါဝင်သည့် စက်ရုပ်ငှက် (Robot Bird) ဒီဇိုင်းပုံ**

**မေး ။ ။ ပြိုင်ပွဲအတွေ့အကြုံနဲ့ ရင်ဆိုင်ရတဲ့အခက်အခဲတွေကို အနည်းငယ်ပြောပြပေးပါ။**

**မောင်ဖြိုးသူထက်** ။ ။ အိုင်ဒီယာက ကိုယ်ပိုင်ထွင်ရတာပါ၊ Innovation ဖြစ်မယ်ဆိုရင် လုံးဝဖန်တီးမှု ရှိရမယ်၊ သူက အဆင့်ဆင့်ပေးထားတယ်၊ တစ်ဆင့်ပြီးတစ်ဆင့် အသစ်အဆန်းလည်းဖြစ်ရတယ်၊ ပထမဆုံး (Energy Saving ) စွမ်းအင်ချွေတာနိုင်ဖို့ Cooling ဖြစ်အောင် မြေအောက်ခန်းများထည့်လိုက်ရင် ကောင်းမလားဆိုပြီးစဉ်းစားတာအစုံပါ၊ အတော်ကိုစဉ်းစားရခက်တယ်၊ ဆီမီးဖိုင်နယ်အဆင့်မှာ Japan ကိုသွားရောက်ရတာမဟုတ်ဘဲ Virtual နဲ့ပြိုင်ရတော့ အခက်အခဲရှိတာပေါ့၊ မကြုံဖူးတော့ ထူးဆန်းတယ်လို့ ထင်ပါတယ်။

**မဝင်ဒီအိုက်မောင်** ။ ။ အိုင်ဒီယာကို သူငယ်ချင်းက စဉ်းစားလာခဲ့တယ်။ အဲဒီအိုင်ဒီယာကို အကောင်အထည်ဖော်ဖို့အတွက် Presentation တွေလေ့ကျင့်တယ်၊ နွယ်ပင်နဲ့ပတ်သက်တဲ့ အချက်အလက်တွေစုဆောင်းတယ်၊ ကျောင်းကလည်း USAID Organization က Effective Teaching Method Project ဆောင်ရွက်ပြီး စာတွေ့ လက်တွေ့သင်ကြားပေးတော့လည်း အခက်အခဲတွေကို ကျော်လွှားဖို့ အထောက်အကူဖြစ်ခဲ့ပါတယ်။

**မေး ။ ။ ဂျပန်နိုင်ငံကို သွားရောက်ရတာမဟုတ်ဘဲ ဒီနိုင်ငံကနေ Virtual ပြိုင်ရတာဆိုတော့ Virtual ရဲ့ သဘောသဘာဝကို နည်းနည်းရှင်းပြပေးစေလိုပါတယ်။**

**မောင်ဖြိုးသူထက်** ။ ။ ပြိုင်ပွဲရဲ့ဆီမီးဖိုင်နယ်မှာ အာဖရိက၊ အမေရိက၊ ဥရောပ၊ အဲဒီလို Region တွေကနေ ဖိုင်နယ်အသင်း ၁၂ သင်းရွေးတာပါ။ ကိုယ့်နိုင်ငံရဲ့သတ်မှတ်ထားတဲ့ နေရာကနေ ပရောဂျက်ကို တင်ပြရတယ်၊ အင်တာနက်ကနေပေါ့၊ နိုင်ငံပေါင်းစုံကဆိုတော့ အသံဖမ်းတာ၊ ပုံရိပ်ဖမ်းတာ၊ မေးခွန်းအမေးအဖြေ၊ ပြီးတော့ System breakdown မဖြစ်အောင်လုပ်နိုင်ဖို့ နည်းပညာမြင့်မားတဲ့နိုင်ငံတွေက System host, Judge host, Control host ယူပြီးလုပ်ပေးတာပါ၊ ကျွန်တော်တို့က မြန်မာကနေ ပရောဂျက်တင်ပြရုံပါပဲ၊ နောက်ဆုံး ၁၂သင်းကတော့ ပြင်သစ်နိုင်ငံမှာ ကိုယ်တိုင်သွားရောက်ယှဉ်ပြိုင်ရပါတယ်။

**မေး ။ ။ ဒီပြိုင်ပွဲကနေဘယ်လိုအကျိုးကျေးဇူးတွေရရှိလာနိုင်မယ်ဆိုတာကိုလည်း ပြောပြပေးပါဦး။**

**မောင်ဖြိုးသူထက်** ။ ။ ဘူးခင်းလေးကစလိုက်တဲ့အတွေးက အခုဆိုရင် နိုင်ငံအကျိုးပြုတဲ့ ပရောဂျက်တစ်ခုကို ရခဲ့တယ်၊ ပထမဆုံးအနေနဲ့ အကျိုးရှိတာက



**Country Final ဆုရသူများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်စဉ်။**

စလိုက်တဲ့ အတွေးအခေါ်သေးသေးလေးက ဘာမှမဟုတ်ပေမယ့် ဆက်ပြီးသွားတဲ့အခါ နည်းပညာပေါင်းစပ်မှုတွေပါလာတာကြောင့် တော်တော်အကျိုးရှိခဲ့တယ်၊ East Asia Pacific And Japan Level မှာဆိုရင် နယူးဇီလန်၊ ကိုရီးယား ၊ စင်ကာပူစတဲ့ နိုင်ငံတွေကတက္ကသိုလ်တွေနဲ့ ကျွန်တော်တို့ကျောင်းကို ယှဉ်တွဲဖော်ပြတာတွေရလို့ ကျောင်းအတွက် အကျိုးရှိမယ်ထင်ပါတယ်၊ ပြိုင်ပွဲကာလတစ်လျှောက် ကျွန်တော်တို့ကျောင်းကိုလူတွေပိုပြီးသိလာတယ်၊ ကျောင်းကတာဝန်ရှိသူတွေအနေနဲ့ ကျွန်တော်တို့ရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုတယ်၊ အဲဒီအတွက်လည်းဝမ်းသာတယ်၊ အခြားနိုင်ငံကသူတွေ Green လုပ်ထားတဲ့ အတွေးအခေါ်က သိပ်ကောင်းတာတွေ မြင်ရတယ်၊ ဥပမာ နယူးဇီလန်ကဆိုရင် နှင်းတွေစုပြီး Snow Tower ကနေရေသန့်တာမျိုးတွေနဲ့ ပရောဂျက်ကို လုပ်ထားတယ် ၊ Presentation မပေးခင်က မြန်မာဆိုတာကို အထင်သေးချင်တဲ့ သဘောတွေ့ရတယ်၊ Presentation ပေးလိုက်တဲ့အခါ သူတို့ရဲ့အကြည့်တွေ အရောင်ပြောင်းသွားတာတွေ့ရတယ်၊ ဘူးခင်းကစလိုက်တဲ့ အတွေးက အခုဆိုရင် နိုင်ငံအကျိုးပြု ပရောဂျက်အထိကို ရခဲ့တာပေါ့၊ ကျွန်တော်ချစ်ရတဲ့ကျောင်း ရတနာပုံဆိုက်ဘာစီးတီးနဲ့ ချစ်ရတဲ့အမိမြေကို ကိုယ်စားပြုရခြင်းက ကျွန်တော့်အတွက် အကျိုးရှိနေပါပြီ၊ မြန်မာတွေမည့်ဘူးဆိုတာကို သက်သေပြနိုင်ခွင့်ရလို့ အမိမြေအတွက်လည်း အကျိုးရှိတဲ့ပွဲဖြစ်ပါတယ်။

**မဝင်ဒီအိုက်မောင်** ။ ။ ပထမဆုံးအတွေ့အကြုံလည်း ဖြစ်တယ်၊ ပါဝင်ခွင့်ရတာကြောင့် ဝမ်းသာတယ်။ ဒီလို ပြိုင်ပွဲတွေရဲ့ Team လေးတွေကလည်း နိုင်ငံရဲ့ တစ်ထောင့်တစ်နေရာကို အကျိုးပြုချင်ပါတယ်။

**မေး ။ ။ အနာဂတ်မျှော်မှန်းချက်ပေါ့၊ အနာဂတ်မှာ ဘယ်လိုဆက်လက်ရပ်တည်ရှင်သန်သွားမယ်ဆိုတာဖြေကြားပေးပါဦး။**

**ဖြေ** ။ ။ ဟုတ်ကဲ့၊ ကျွန်တော်တို့ ခံယူထားတာကတော့ ကျွန်တော်တို့မှာ အိပ်မက်တွေရှိပေမယ့် အကောင်အထည်မဖော်ရင် အိပ်မက်က အိပ်မက်ပါပဲ၊ အဲဒီတော့ ဖြစ်ချင်တာတွေကို ရအောင်လုပ်မယ်၊ ပထမဦးဆုံးအနေနဲ့ အခုပရောဂျက်ကို အကောင်အထည်ဖော်မယ်၊ နောက်ပြီး ပတ်ဝန်းကျင်ကို၊ နိုင်ငံတော်ကိုအကျိုးပြုနိုင်တဲ့ သူတွေဖြစ်အောင် အစွမ်းကုန်အားထုတ်ကြိုးစားသွားမှာပါ။

ဟုတ်ကဲ့ပါ၊ အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်၊ စိတ်ကူးအိပ်မက်တွေကိုအကောင်အထည်ဖော်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ။

**သတင်း-နန္ဒာဝင်း၊ ဝင်းဝင်းမော်၊ ဓာတ်ပုံ-လှမိုး**

# ရန်ကုန်မြို့တွင်ကျင်းပမည့် ကလေးစာပေပွဲတော် မည်သူမဆို ပါဝင်ဆင်နွှဲနိုင်

**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန်မြို့တွင် ဇန်နဝါရီ ၆ ရက်မှ စတင်၍ သုံးရက်တာ ကျင်းပမည့် ကလေးစာပေပွဲတော်မှာ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

ကလေးစာပေပွဲတော် (ရန်ကုန်)ကို ရန်ကုန်မြို့ဗိုလ်တထောင်မြို့နယ် အမှတ်-၆ အခြေခံပညာ အထက်တန်းကျောင်း (ယခင်-စိန့်ပေါလ်ကျောင်း) တွင် ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အတွင်း နေ့စဉ် နံနက် ၉ နာရီမှ ည ၈ နာရီအထိ ကျင်းပမည် ဖြစ်ပြီး ပွဲတော်တွင် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ အိမ်ဆောက်ပြိုင်ပွဲ အပါအဝင် ဂိမ်းကစားနည်း၊ စုပေါင်းကစားနည်းပြိုင်ပွဲများ၊ ဘောလုံးပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲများ ပါဝင်မည် ဖြစ်သည်။

ပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများမှ ပြခန်းများလည်း ခင်းကျင်းပြသကြမည်ဖြစ်ပြီး အမေး




အဖြေ အစီအစဉ်နှင့် စတုဒိသာကျွေးမွေးမှုအစီအစဉ်များလည်း ထည့်သွင်းထားသည်။

ဖျော်ဖြေရေး အစီအစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းနှင့် ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေး အစီအစဉ်များဖြင့် လည်းကောင်း၊ Happy World ကစားကွင်းမှ ပျော်ရွှင်ဖွယ် ကစားနည်းများဖြင့် လည်းကောင်း၊ မျက်လှည့်နှင့် ရုပ်သေးအက၊ ပုံတူပန်းချီ၊ ကာတွန်း၊ ရုပ်ပြောင်ရေးဆွဲခြင်းများဖြင့်လည်းကောင်း၊ အ.ထ.က (၆) ဗိုလ်တထောင်ကျောင်းသားများ၏ ဆိုင်းဝိုင်းနှင့် ကျောက်ဆည်မြို့မှ ဆင်အကတို့ဖြင့် လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတတို့ဖြင့်လည်းကောင်း နေ့စဉ် ည ၈ နာရီအထိ သုံးရက်ဖျော်ဖြေရန် စီစဉ်လျက်ရှိသည်။

ထို့ပြင် ကလေးစာပေပွဲတော် ကျင်းပမည့် ရက်များအတွင်း စာပေဟောပြောပွဲနှင့် ကလေးစာပေမြှင့်တင်ရေး ဆွေးနွေးပွဲများ ထည့်သွင်းကျင်းပမည့်အပြင် ရန်ကုန်မြို့ရှိ စနေ၊ တနင်္ဂနွေ စာအုပ်လမ်းမှ စာအုပ် အရောင်းဆိုင်များကလည်း ပွဲတော်ကျင်းပမည့် ကျောင်းမျက်နှာစာလမ်းတစ်လျှောက်တွင် ရွှေ့ပြောင်းဖွင့်လှစ်ရောင်းချပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ပွဲတော်ကျင်းပနိုင်ရန် ဘက်စုံပြင်ဆင်မှုများ ပြုလုပ်လျက်ရှိရာ ပွဲတော်ကျင်းပရေးနှင့် ပတ်သက်၍ ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က "ကလေးစာပေပွဲတော်တွေကို ကလေးတွေ စာအုပ်စာပေမှာ နှစ်သက်မွေ့လျော်ကာ ရာသက်ပန်ပညာရှာမှီးသူတွေ ဖြစ်လာစေဖို့၊ ပွဲတော်မှာ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်တွေမှာ ဝိုင်းဝန်းပါဝင်တတ်တဲ့ အလေ့အထကောင်းတွေ ရရှိလာစေဖို့နဲ့ ပညာဗဟုသုတရော၊ လူရည်လူသွေးပါ ပြည့်ဝပြီး အနာဂတ်မှာ တိုင်းပြည်အတွက် ဦးဆောင်ဦးရွက် ပြုနိုင်သူတွေဖြစ်လာစေဖို့ ရည်ရွယ်ချက်ကောင်းတွေနဲ့ ရန်ကုန်မြို့မှာ ထူးထူးခြားခြားနဲ့ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ဖို့ စီစဉ်ဆောင်ရွက်နေတာဖြစ်လို့ ကလေးတွေရော မိဘတွေပါ မည်သူမဆို လာရောက်ဆင်နွှဲကြပါ၊ အထူးသဖြင့် စိန့်ပေါလ်ကျောင်းသားဟောင်းတွေ လာရောက်စုဝေးပြီး ပါဝင်ဆင်နွှဲပေးကြပါလို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောကြားသည်။

ကလေးစာပေ ပွဲတော်များကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များ ပူးပေါင်းပြီး နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာမြို့များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ခရိုင်မြို့ကြီးများတွင်လည်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းကာ ဆက်လက်ကျင်းပလျက်ရှိသည်။ ယခုအခါ ကလေးစာပေပွဲတော် (ရန်ကုန်)ကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းပြီး စိန့်ပေါလ်ကျောင်းသားဟောင်းများအသင်း အပါအဝင် စေတနာရှင်၊ အလှူရှင်များ၏ ကူညီပံ့ပိုးမှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

**ချမ်းမြေ့သူ**

# စာပေကနေတစ်ဆင့် ကလေးတွေရဲ့ကာယ၊ ဉာဏဖွံ့ဖြိုးဖို့ အများကြီး အထောက်အကူပေးပါတယ်

**ကလေးစာပေပွဲတော်ကို ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ထိုသို့ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။**

**ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

ပြန်ကြားရေးဝန်ကြီးဌာနရယ်၊ ပညာရေးဝန်ကြီးဌာနရယ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရရယ် ပူးပေါင်းပြီးဆောင်ရွက်တဲ့ပွဲလည်းဖြစ်ပါတယ်။ ဗိုလ်တထောင် အထက (၆)မှာ လုပ်မယ်။ ကိုယ့်မြို့နယ်မှာ လာလုပ်တဲ့အတွက် အင်မတန်ဝမ်းသာပါတယ်။ ကျွန်မအနေနဲ့ကတော့ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဖြစ်တဲ့အတွက် ကဏ္ဍပေါင်းစုံကနေ ပါဝင်ကူညီပေးသွားပါ့မယ်။ လိုအပ်ချက်တွေကို အကုန်လုံးလည်းဖြည့်ဆည်းပေးတယ်၊ လိုအပ်တာတွေလည်း ကူညီပံ့ပိုးပေးတယ်ပေါ့။

အခုခေတ်ကလေးတွေက ဂိမ်းတွေဆော့ကြတယ်၊ တီဗွီတွေ ကြည့်ကြတယ်၊ ဒါတွေနဲ့ အချိန်ကုန်တယ်။ အမှန်ဆိုလို့ရှိရင် ကိုယ့်ကျောင်းသူ ကျောင်းသားအချင်းချင်းကစားတာ၊ ပျော်ပျော်ပါးပါးနေရတာဆိုတာ ဘယ်လောက်ထိ ကောင်းတယ်ဆိုတာ သူတို့ကို သိစေချင်တယ်။ အရင်က ကစားချိန်ဆိုရင် ကလေးတွေက ကစားတယ်။ အခုကျတော့ ကစားချိန်ဆိုလည်း ကလေးတွေက မကစားကြတော့ဘူး။ အခု ဒီလိုပွဲလုပ်တဲ့အခါမှာ ကလေးတွေအတွက် ဘာရမလဲဆိုတော့ ဒီလိုမျိုးကလေးတွေအချင်းချင်း ကစားရတာ ပျော်စရာကောင်းတယ်။ အတွေးတွေလည်း ကောင်းသွားမယ်။ နောက်ပြီးတော့ သူတို့ဟာ ဘာတွေကိုယူရမလဲဆိုတာလည်း သိသွားမယ်။

အတွေးအခေါ် အယူအဆလေးတွေလည်း ကောင်းသွားမယ်ဆိုတော့ ဒီကလေးစာပေပွဲတော် လုပ်တယ်ဆိုတာ ကလေးတွေအတွက် အင်မတန်မှ ရှေ့အနာဂတ်အတွက်လည်း ကောင်းမယ်။ အခု လက်ငင်းမှာလည်း ဒါမျိုးပွဲလေးတွေ ရှိတယ်ဆိုတော့ ကလေးတွေကလည်း ဒီလိုပွဲလေးတွေ မျှော်လင့်လာကြမယ်။ ပျော်ပွဲရွှင်ပွဲတွေကော၊ ဂိမ်းတွေကော၊ ကလေးတွေအတွက် ပညာကော၊ ဗဟုသုတကော အကုန်လုံးရမယ့် နေရာလေးဖြစ်တဲ့အတွက် ကလေးတွေအကုန်လုံး လာကြပါလို့ ဖိတ်ခေါ်ပါတယ်။ နောက်မိဘတွေကလည်း ကလေးတွေကို စိတ်ပူပြီး မလွှတ်တာမျိုး မလုပ်စေချင်ဘူး။ ဒီမှာ တကယ့်ကို လုံခြုံစိတ်ချရပြီးတော့


ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး



ဒေါ်မိုးမိုး


ဒေါ်ဆွေဇင်

ကျွန်မတို့ အစိုးရရော၊ လုံခြုံရေးရော၊ ကျွန်မတို့ ကိုယ်စားလှယ်တွေရော အကုန်လုံး ဒီမှာရှိနေမှာပါ။ ဆရာ ဆရာမတွေလည်း ရှိနေမှာဖြစ်တဲ့အတွက် မိဘပြည်သူတွေအကုန်လုံးလည်း မိမိတို့ကလေးတွေ အကုန်ခေါ်ယူပြီး အားလုံးပျော်ပျော်ပါးပါးနဲ့ ပါဝင်ဆင်နွှဲကြပါလို့ ဖိတ်ခေါ်ပါတယ်ရှင့်။

**ဒေါ်မိုးမိုး**
**အမေ့အိမ်စိတ်တိုင်းကျ ကိုယ်ပိုင်အထက်တန်းကျောင်းအုပ်**

ဒီပွဲတော်ကြီးမှာ ကျွန်မကပြခန်းလည်း တာဝန်ယူထားရတယ်။ ခန္ဓာဗေဒပြခန်းပေါ့။ ဒီခန္ဓာကိုယ်မှာ ဘယ်အစိတ်အပိုင်းတွေကတော့ ဘာအလုပ်လုပ်တယ်။ ကျောင်းသူ ကျောင်းသားတွေမှ မဟုတ်ဘဲ လာတဲ့မိဘတွေလည်းသိအောင်၊ ၁၀ တန်းမှာ သင်ရတဲ့ biology ကို ဆယ်တန်းကျောင်းသားတွေတင် မဟုတ်ဘဲနဲ့ ကလေးသေးသေးလေးတွေအစ သိအောင် ခန္ဓာကိုယ်ရဲ့အစိတ်အပိုင်းလေးတွေကို ဖော့နဲ့လုပ်ပြီးတော့ နှလုံးက ဘယ်နေရာလည်း၊ အဆုတ်က ဘယ်နေရာလည်းဆိုတာမျိုး အသိပညာပေးတာပါ။

ကလေးတွေ တိုးတက်ဖို့က နိုင်ငံတော်အစိုးရက ပံ့ပိုးမှုအပြင် မိဘတွေရဲ့ ပံ့ပိုးမှုလည်း လိုတယ်လို့ထင်တယ်။ မိဘကလည်း အမြဲတမ်းဖုန်းနဲ့ အချိန်ကုန်တဲ့ ကလေးတွေကို စာပေနဲ့မှာပါ ပျော်မွေ့နိုင်အောင် အချိန်ကုန်နိုင်အောင် ဖန်တီးကြိုးစားပြရမယ်။ အဲ့ဒီလိုပဲ တက်ရောက်သင်ယူတဲ့ ကျောင်းကလည်း စာကြည့်တိုက်မှာပဲဖြစ်ဖြစ်၊ ကလေးတွေကို စာကြည့်တိုက်မှာ ထားတယ်၊ စာကြည့်တိုက်ကစာအုပ်တွေ ဖုန်တက်သွားတာမဟုတ်ဘဲ အချိန်ပိုင်းနဲ့ စာမဖတ်ရင် PT မဆင်းရဘူး။ အဲဒီလိုသဘောမျိုးလေးတွေနဲ့ လုပ်ပေးမယ်ဆိုရင် ပိုပြီးအဆင်ပြေမယ်လို့ ထင်ပါတယ်။ ဒီမှာလာကြည့်တဲ့ ကလေးတွေကတော့ သူများကျောင်းက ဘယ်လိုသူတို့တွေတောင် ကစားနိုင်တာပဲ၊ သူတို့တွေကာယလုပ်နိုင်တာလည်း ကောင်းလိုက်တာ၊ သူတို့တွေ entertainment လုပ်သွားတာ ကောင်းလိုက်တာဆိုတဲ့ဟာမျိုးတွေ အားကျဂုဏ်ယူတဲ့စိတ်တွေ ဖြစ်လာမယ်လို့လည်း ထင်တယ်။ ကလေးတွေကို ပွဲတော်မှာ မြန်မာမုန့်လေးတွေ ကျွေးမယ်။ ကျန်းမာရေးနဲ့ ညီညွတ်ဖို့ မြန်မာမုန့်တွေစားကြစို့ဆိုတဲ့ ဆောင်ပုဒ်ကလေးနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ တရုတ်မုန့်တွေ၊ အစပ်မုန့်တွေ မစားပါနဲ့လို့ ပြောနေမယ့်အစား မြန်မာမုန့်ဈေးချိုချိုလေးတွေနဲ့ ဒီလိုစားတာအရသာကောင်းတယ်ဆိုတာကို ပြယုဂ်တစ်ခုအဖြစ် လုပ်မယ်၊ ဟန်ပြအဖြစ်နဲ့ မဟုတ်ဘဲနဲ့ မြန်မာမုန့်စားရတာ အရသာကောင်းတယ်။ ဈေးနှုန်းလည်း သင့်တယ်ဆိုတဲ့ဟာမျိုးကို ပြယုဂ်အနေနဲ့ ပီပီပြင်ပြင်လုပ်ပေးမှာပါ။ လာသမျှကျောင်းသားအားလုံးကို သုံးရက်လုံးကျွေးမှာပါ။

**ဒေါ်ဆွေဇင်**
**အပြည်ပြည်ဆိုင်ရာကလေးများကျောင်း၊ ရန်ကုန်**

အမှန်အတိုင်းပြောရရင် ကျွန်မကတော့ သင်ကြားရေးပိုင်းက မဟုတ်ဘူးရှင့်၊ အုပ်ချုပ်စီမံရေးပိုင်းကပါ။ ဒါပေမယ့် သင်ကြားရေးပိုင်းက မဟုတ်ပေမယ့် ပညာရေးအသိုင်းအဝိုင်းက ပြောရမယ်ဆိုရင် စာဖတ်ချင်စိတ်ဖြစ်လာဖို့အတွက်ကတော့ အရေးကြီးဆုံးပါပဲ။ ဒါပေမယ့် စိတ်ဝင်စားလာဖို့ကတော့ နည်းလမ်းမျိုးစုံရှိတာပေါ့နော်။ ဒီနည်းလမ်းတွေအားလုံးကိုတော့ ဒီနေရာမှာ တစ်စုတစ်စည်းတည်းနဲ့ ဒီစိတ်ဓာတ်တွေ မွေးမြူလာနိုင်အောင်လို့ အစပျိုးနိုင်မယ့် နေရာတစ်ခုပါ။ ကျွန်မတို့ကို မြို့တော်ဝန်ကြီးဘက်က ကိုယ်ပိုင်ကျောင်းတွေက ဘယ်ကဏ္ဍကနေ ပါဝင်နိုင်လဲ ဆိုပြီးတော့ ခေါ်မေးပါတယ်။ ဒါပေမယ့် ရက်အားဖြင့်ရော၊ အချိန်အားဖြင့်ရော တော်တော်ကပ်နေပြီးတော့ ကျောင်းကလည်း ဒီကျောင်းပိတ်ရက်မှာပဲ ရှိနေပါသေးတယ်။ ကျောင်းမဖွင့်သေးပါဘူး။ မဖွင့်သေးဘူးဆိုတော့ စီစဉ်ရတာ ခက်ပါတယ်။ ဒီတော့ ကျွန်မတို့ကျောင်းက ပညာသင်ဆုပေးဖို့ ကဏ္ဍလေးကိုပဲ ဒီမှာလာပြီးတော့ ကျောင်းသား ကျောင်းသူတွေကို ဒီလိုမျိုး ရှိတယ်ဆိုတာလေးကို သတင်းပေးဖို့လောက်ထိပဲ တတ်နိုင်ပါတယ်။ ဒါပေမယ့်လည်း အခုလာရင်းနဲ့ပဲ နောင်တစ်ချိန်များ လုပ်ခဲ့ရင် ကိုယ်ဘယ်ဘက်ကဏ္ဍကနေ ဘယ်လိုပါနိုင်မလဲ ဆိုတာလေးတွေလည်း မြင်ခွင့်ရတာပေါ့။ ကာယပိုင်းကျတော့လည်း စာပေကနေတစ်ဆင့် ဘာမဆို ကိုယ်သိချင်တာကို ရှာလို့ရတယ်ဆိုတော့ ကာယပိုင်းမှာဆိုရင် ကစားနည်း ကစားဟန်ဆိုတာဟာလို့ရှိရင်လည်း ခုနက စာပေကတစ်ဆင့် ရှာဖွေလို့ရမယ်။ ဉာဏပိုင်းဆိုရင်တော့ ဒါဟာ ပိုတောင်သက်ဆိုင်ပါသေးတယ်။ စာပေကနေတစ်ဆင့် ခုနကပြောတဲ့ ကဏ္ဍတွေကိုတော့ ကလေးတွေအများကြီး ပညာရဖို့ စာများများဖတ်ရင် ပညာရဖို့အပိုင်းတွေ အများကြီးရှိမယ်လို့တော့ ထင်ပါတယ်။ ကလေးတွေရဲ့စိတ်ကို စပြီးနှိုးဆွပေးနိုင်ဖို့အတွက် ဒီပွဲလေးကို ခေါ်ခဲ့ကြပါလို့ ပြောချင်ပါတယ်။

**ဆန်းမင်းအောင်**

# နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အနေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ၏ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ယနေ့ နံနက် ၆ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်သာယာ အားကစားခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲတို့တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရှိ ဌာန ၂၀ တို့မှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများက မုန့်စားပြိုင်ပွဲ၊ သံပုံးရိုက်နှင့် ပူဖောင်းပုတ်ပြိုင်ပွဲ၊ အာလူးကောက်၊ အပ်ချည်ထိုး၊ ဂုန်နီအိတ်စွပ်၊ သုံးချောင်းထောက်၊ ဆန်ကောရွက်၊ လက်ဆင့်ကမ်း၊ နို့ဆီခွက်များ ဘောလုံးဖြင့် ပစ်ပေါက်ခြင်းများ၊ လွန်ဆွဲ၊ ချောတိုင်တက်၊ ဖူဆယ်၊ ထုပ်ဆီးတိုး၊ ကလေးပြိုင်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲများ တပျော်တပါး ပါဝင်ဆင်နွှဲယှဉ်ပြိုင်ကစားကြပြီး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြကာ ပြိုင်ပွဲများအလိုက် ဆုရရှိကြသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား ဆုများချီးမြှင့်ခဲ့သည်။

အလားတူ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို မဟာဗန္ဓုလပန်းခြံရှေ့တွင် လည်းကောင်း၊ သခင်မြပန်းခြံတွင် လည်းကောင်း၊ မြို့နယ်၊ ရပ်ကွက်များတွင် အားကစားပြိုင်ပွဲများ၊ စတုဒိသာကျွေးမွေးခြင်း၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့သည်။**သတင်း-အေးကေလင်း**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# အတိတ်ရဲ့အမွေဆိုးတွေကိုစွန့်ပယ်ပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေးစိတ်ဓာတ်နဲ့ သွေးစည်းညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို တက်ညီလက်ညီနဲ့ ဖော်ဆောင်

ရန်ကုန် ဇန်နဝါရီ ၄




**နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။** (ယာပုံ)

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် ဒီမိုကရေစီအရေးတော်ပုံတွင် ကျဆုံးခဲ့ကြသော ရဟန်းရှင်လူ၊ ကျောင်းသားပြည်သူများအား ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ရှစ်စက္ကန့် ငြိမ်သက်ခြင်းတို့ကို ပြုလုပ်ကြသည်။

ထို့နောက် သဘာပတိဖြစ်သူ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးညာဏ်ဝင်းက အမှာစကားပြောကြားရာတွင် "အမျိုးသားလွတ်လပ်ရေးဟာ တိုင်းရင်းသားမျိုးနွယ်စုအားလုံးရဲ့သွေးစည်းညီညွတ်မှု သင်္ကေတဖြစ်သလို အမျိုးသားလွတ်လပ်ရေးရဲ့ နှုန်းစံတန်ဖိုးဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးများ အပြည့်အဝရရှိဖို့ ဖြစ်ပါတယ်၊ ပန်းတိုင်ကတော့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေး ဖြစ်ပါတယ်၊ ယနေ့ဟာ အတိတ်ရဲ့အမွေဆိုးတွေကို စွန့်ပယ်ပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေး စိတ်ဓာတ်နဲ့ သွေးစည်းညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို တက်ညီလက်ညီနဲ့ ဖော်ဆောင်ရမယ့် ကာလဖြစ်ပါတယ်၊ နိုင်ငံတော်ရဲ့ အနာဂတ်အတွက် တူညီတဲ့စိုးရိမ်စိတ်နဲ့ ညီညွတ်ပေါင်းစည်း၊ ယုံကြည်မှုတည်ဆောက်နိုင်ကြရင် သဘောထားကွဲလွဲမှုနဲ့ သံသယစိတ်တွေ လျော့နည်းပျောက်ကွယ်သွားစမြဲ ဖြစ်ပါတယ်၊ စိန်ခေါ်မှုတွေထဲက အခွင့်အလမ်းကို ရှာဖွေတွေ့ရှိကြမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ ၎င်းက "ဒါ့ကြောင့် ကျွန်တော်တို့ဟာ လွတ်လပ်ရေးအတွက် အသက်ပေးကြိုးပမ်းခဲ့ကြတဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ တိုင်းရင်းသားမျိုးနွယ်စု ခေါင်းဆောင်ကြီးတွေ၊ ပြည်သူတွေကို ဂါရဝထား လေးစားကျေးဇူးဆပ်တဲ့အနေနဲ့လည်းကောင်း၊ လွတ်လပ်ရေးကြေညာစာတမ်းပါ ဥဒါန်းမှတ်တမ်းနဲ့ လွတ်လပ်ရေး အဓိဋ္ဌာန်ကိုးချက်ကို ဂုဏ်ပြုတဲ့အနေနဲ့လည်းကောင်း၊ နိုင်ငံတော်ရဲ့အမျိုးသားလွတ်လပ်ရေး၊ အမျိုးသားဂုဏ်သိက္ခာနဲ့ အချုပ်အခြာအာဏာကို ဆက်လက်ထိန်းသိမ်းကာကွယ်သွားကြဖို့၊ လွတ်လပ်ရေးရဲ့ တန်ဖိုးကို ပိုမိုမြှင့်တင်ကြဖို့ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်ကြီးမှာ လေးနက်စွာ တိုက်တွန်းလိုက်ရပါတယ်" ဟု ပြောကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အချက်ခုနစ်ချက်ပါရှိသည့် လွတ်လပ်ရေးနေ့ကြေညာချက်ကို ဗဟိုကော်မတီဝင်၊ ဗဟိုပြန်ကြားရေးကော်မတီ အတွင်းရေးမှူး မုံရွာအောင်ရှင်က ဖတ်ကြားပြီး ပါတီများ၊ အဖွဲ့အစည်းများ၊ သံရုံးများမှ ပေးပို့လာသော သဝဏ်လွှာများကို မှတ်တမ်းတင်သည်။

အဆိုပါ အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သံတမန်များ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

## ရခိုင်ပြည်နယ်သတင်းများ

### လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကျင်းပ

**မောင်တော ဇန်နဝါရီ ၄**

ရခိုင်ပြည်နယ် မောင်တောမြို့သည် ယခုအခါ နယ်မြေဒေသ တည်ငြိမ်အေးချမ်းကောင်းမွန်သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်၍ အခြားမြို့များနည်းတူ ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများကို နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ယမန်နေ့နှင့် ယနေ့တွင် ခြိမ့်ခြိမ့်သဲ ကျင်းပသည်။

မောင်တောခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွေးက "နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို လူတိုင်း အမြဲတမ်း အောက်မေ့သတိရနေဖို့၊ ကျန်းမာကြံ့ခိုင်ပြီး အားကစားပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်စေနိုင်ဖို့ ရည်ရွယ်ပြီး ကျင်းပရတာ ဖြစ်ပါတယ်" ဟု ပြောသည်။ မောင်တောမြို့ မြို့မအားကစားကွင်း၌ ကလေးငယ်များနှင့် လူငယ် လူရွယ်များအားလုံး ယှဉ်ပြိုင်နိုင်မည့် မုန့်စားပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ ဂျပန်ဂိုးကျည်းပြိုင်ပွဲ၊ တင်းနစ်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ စသည့် ကစားနည်း ၁၆ မျိုးကို ပျော်ရွှင်စွာ ယှဉ်ပြိုင်ကစားခဲ့ကြသည်။



ယခုကဲ့သို့ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးခြင်းဖြင့် ဒေသခံတိုင်းရင်းသား ပေါင်းစုံ ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ အားသစ် အင်သစ်များကို ရရှိစေမည်ဖြစ်သည်။

**ဇေယျာ၊ မြင့်မောင်၊ဓာတ်ပုံ-နေဝင်းထွန်း**




### နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနား မောင်တောမြို့နှင့် ဘူးသီးတောင်မြို့၌ ကျင်းပ

**မောင်တော ဇန်နဝါရီ ၄**

နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့နှင့် ဘူးသီးတောင်မြို့တို့၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

မောင်တောမြို့ မြို့မအားကစားကွင်း၌ ကျင်းပသည့် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြကာ ခရိုင်အုပ်ချုပ်ရေးမှူးက နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

အလားတူ ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခန်းမ၌ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားကို ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။ ယင်းနောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်သည်။ **ဇေယျာ၊ မြင့်မောင်၊ ဓာတ်ပုံ-နေဝင်းထွန်း**



## KIA စခန်းအချို့အား သိမ်းပိုက်ရရှိကြောင်း တပ်မတော်မှ သတင်းထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် မန်ဝိန်းကြီး-ဂိုက်ထိပ်ဒေသအတွင်း KIA လက်နက်ကိုင်အဖွဲ့က မြန်မာ့အဖိုးတန် သယံဇာတများနှင့် သစ်များကို တစ်ဖက်နိုင်ငံသို့ တရားမဝင် ခိုးထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် မန်ဝိန်းကြီးကျေးရွာအုပ်စု၊ မံဂမ်ကျေးရွာအနီးမှ KIA အဖွဲ့က တပ်မတော်၏ အုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ရဟတ်ယာဉ်တစ်စင်းအား ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ရဟတ်ယာဉ်အနည်းငယ် ထိခိုက်ခဲ့ကြောင်း၊ အဆိုပါ ဖြစ်စဉ်ဖြစ်ပွားရာနေရာနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက် တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ KIA အဖွဲ့၏ တရားမဝင် မှောင်ခိုလုပ်ငန်းများ ဆောင်ရွက်နေသည့် စခန်းများကို တွေ့ရှိသိမ်းပိုက်ရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှစတင်၍ နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာ ဒေသအတွင်း တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ ထိတွေ့မှုများဖြစ်ပွားခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ KIA စခန်းငယ် ၁၈ ခုအား သိမ်းပိုက်ရရှိခဲ့ကာ ယနေ့တွင် အဓိက စခန်းလေးခုအား သိမ်းပိုက်ရရှိခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ တပ်မတော်စစ်ကြောင်းများက KIA အဖွဲ့၏ အဓိကစခန်းများအား လက်နက်ကြီးပစ်ကူယူ တိုက်ခိုက်ခဲ့ရာ C4 တောင်ကုန်းအား နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ C3 တောင်ကုန်းအား နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း၊ C1 တောင်ကုန်းအား ညနေ ၄ နာရီခွဲတွင်လည်းကောင်း၊ C2 တောင်ကုန်းအား ညနေ ၆ နာရီတွင်လည်းကောင်း သိမ်းပိုက်ရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**သတင်းစဉ်**

# သန်လျင်၌ ရဲအယောင်ဆောင်သူအား ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အေးမေတ္တာရပ်ကွက်၌ ဇန်နဝါရီ ၃ ရက် ည ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့တံဆိပ်ပါ ရဲယူနီဖောင်း ဝတ်ဆင်ထားသည့် ပြည်သူ့ဝန်ထမ်း အယောင်ဆောင်ထားသူအား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ သန်လျင်မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး စောထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် သန်လျင်မြို့ အေးမေတ္တာရပ်ကွက် ကုလားဘုရားကျောင်း လမ်းသွယ်အတွင်း ရဲယူနီဖောင်း ဝတ်ဆင်ထားသည့် မသင်္ကာဖွယ် လူတစ်ဦးအား တွေ့ရှိ၍ စစ်ဆေးမေးမြန်းရာ ထွန်းထွန်းလှိုင် (၁၇နှစ်) ၁၆ လမ်း ရန်ပြေအနောက်ရပ်ကွက် သာကေတ မြို့နယ်နေသူဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့တံဆိပ်ပါ ရဲယူနီဖောင်း ဝတ်ဆင်ထားရသည့် အကြောင်းအရင်းအား ခိုင်လုံစွာ ပြောဆိုနိုင်ခြင်းမရှိဘဲ ပြည်သူ့ဝန်ထမ်းအယောင်ဆောင်ထားကြောင်း စစ်ဆေးတွေ့ရှိခဲ့သဖြင့် ထွန်းထွန်းလှိုင်ကို သန်လျင်မြို့မ ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

# ရထားလာနေစဉ် လမ်းဖြတ်ကူးသူ ရထားတိုက်မိ၍ သေဆုံး

**မြစ်သား ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ဇန်နဝါရီ ၃ ရက် ညနေ ၆ နာရီခွဲခန့်က မန္တလေးမှ ရန်ကုန်သို့ ထွက်ခွာလာသော အမှတ် ၄ အစုန်အမြန်ရထားသည် ရွှေသူဌေးရပ်ကွက်အတွင်း ရထားသံလမ်း မိုင်တိုင်အမှတ် ၃၄၆/၂၀-၂၁ ကြား အရောက်တွင် မြစ်သားမြို့ ရွှေသူဌေးရပ်ကွက်နေထိုင်သူ ကျော်ဆန်း (၃၀နှစ်)က ရထားလာနေစဉ် ရထားသံလမ်းအား ဖြတ်ကူးပြေးသဖြင့် ရထားနှင့် တိုက်မိကာ ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားသဖြင့် မြစ်သား မြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**




# မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၃ ရက်က ရန်ကုန်သို့ သွားရောက်မည့် Hilux ယာဉ်တစ်စီး၊ Hiace ယာဉ်တစ်စီးနှင့် ခရီးတင်မှန်လုံယာဉ် တစ်စီးတို့အား မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် 555 အပင်ပိုးသတ်ဆေးဘူး (20)Uပါ ပစ္စည်းငါးမျိုး၊ 6-30-30 အသီးအားတိုးဆေး (1×24) (10)Pkgs နှင့် 999 အသီးအားတိုးဆေးရည်ပုံး (30)U ပါ ပစ္စည်းလေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၅၂၂ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မော်တော်ယာဉ်နှင့် ဆိုင်ကယ်တို့တိုက်မိ ဆိုင်ကယ်စီးလာသူ တစ်ဦးသေဆုံး

**စဉ့်ကူး ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် လက်ပန်လှရဲကင်းစခန်းနယ်မြေ၌ ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က မော်တော်ယာဉ်နှင့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ ဆိုင်ကယ်မောင်းသူ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စဉ့်ကူးမြို့နယ် မင်းကြီးကုန်းကျေးရွာအနီး စဉ့်ကူး-လက်ပန်လှသွားကားလမ်း မိုင်တိုင်အမှတ်- သုံးမိုင် တစ်ဖာလုံ၌ လက်ပန်လှဘက်မှ စဉ့်ကူးဘက်သို့ ဒေါက်တာဇော်ဝင်းမြင့် (၅၉နှစ်)နွယ်ရုံကျေးရွာ စဉ့်ကူးမြို့နယ်နေသူ မောင်းနှင်လာသော 6I/----ယာဉ်နှင့် စဉ့်ကူး ဘက်မှ လက်ပန်လှဘက်သို့ ကောင်းထက်(၁၆နှစ်) မောင်းနှင်ပြီး ဦးနိုင်ဝင်း(၅၂နှစ်) ကြက်ဖြူတောင်ကုန်းကျေးရွာ စဉ့်ကူးမြို့နယ်နေသူ လိုက်ပါလာသည့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဦးနိုင်ဝင်းမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ကောင်းထက်မှာ (စိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့သဖြင့် စဉ့်ကူးမြို့နယ် ဆေးရုံမှ တစ်ဆင့် မန္တလေးဆေးရုံးသို့ လွှဲပြောင်းဆေးကုသမှုခံယူလျက်ရှိသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်းသူများကို လက်ပန်လှရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# မူးယစ်ဆေးဝါး ရောင်းချနေသူနှစ်ဦးထံမှ ဘိန်းဖြူနှင့်စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



**မိုးညှင်း ဇန်နဝါရီ ၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ကာဒူကျေးရွာအနီးတွင် ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဆိုင်ကယ်ဖြင့် တောရွာများသို့ မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချနေသူနှစ်ဦးထံမှ ငွေကျပ် သိန်း ၁၂၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲအုပ်ဇော်လွင် ဦးစီးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့နယ် ကာဒူကျေးရွာနှင့် ခါနန်ကျေးရွာသွားတောလမ်းအနီးတွင် စောင့်ဆိုင်းနေစဉ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ ရွှေညောင်ပင်ရပ်ကွက်နေ မျိုးချစ်(ခ) မာလ(၄၃နှစ်) မောင်းနှင်ပြီး မော်ဟန်ကျေးရွာ မော်ပင့်ရပ်ကွက်နေ လွမ်းဒေါင်(၂၈နှစ်)တို့လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၂ ခွက် (အလေးချိန် ၁၂၀ ဂရမ်) နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀ (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၁၂၄၅၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မျိုးချစ်(ခ)မာလနှင့် လွမ်းဒေါင်တို့ကို မိုးညှင်းမြို့မ ရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**နိုင်ဝင်း**



# မြေစာပုံဟောင်း ပြိုကျ၍ ရေမဆေးကျောက်ရှာဖွေသူ ခြောက်ဦးသေဆုံး

**ဖားကန့် ဇန်နဝါရီ ၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်တွင် ဇန်နဝါရီ ၄ ရက် ညနေ ၃ နာရီခွဲခန့်က ကျောက်စိမ်းလုပ်ကွက် မြေစာပုံအဟောင်းပြိုကျရာမှ ရေမဆေးကျောက်ရှာဖွေသူ အမျိုးသားခြောက်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖားကန့်မြို့နယ် မော်မောင်းဘွမ်ကျေးရွာ အရှေ့ဘက် နှစ်ဖာလုံခန့်အကွာရှိ ဂျိတ်လင်းကျောက်မျက်တူးဖော်ရေးကုမ္ပဏီ လုပ်ကွက်ဟောင်းတွင် ကျောက်စိမ်းရှာဖွေနေကြသူများအပေါ်သို့ "နဂါးကိုးကောင်(ခ)မိုင်းရော" ကျောက်မျက်လုပ်ကွက်ဟောင်းမှ အရှည်ပေ ၂၀၀၊ အမြင့်ပေ ၁၅၀ ခန့်ရှိ မြေစာပုံဟောင်းပြိုကျခဲ့ရာ မော်မောင်းဘွမ်ကျေးရွာနှင့် မော်ဝမ်းကလေးကျေးရွာနေသူများ ဖြစ်ကြသည့် မောင်ခွမ်ဆိုင်း(၂၇နှစ်)၊ ဦးအင်ဒိန်နော်(၄၅နှစ်)၊ မောင်သားငယ်(၂၅နှစ်)၊ မောင်ခွန်အောင်(၂၆နှစ်)၊ မောင်မန်ကောင်းနော်(၂၈နှစ်)၊ မောင်ဆိုင်းအောင်(၂၄နှစ်)တို့မှာ သေဆုံးပြီး ဦးဆင်ဝါးနော်(၄၅နှစ်)မှာ ဒဏ်ရာများ ရရှိခဲ့၍ ဖားကန့်ဆေးရုံတွင် ဆေးကုသမှုခံယူနေကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ ဖားကန့်မြို့မရဲစခန်းမှူးနှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ သွားရောက်၍ လိုအပ်သည်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# စိတ်ကြွရူးသွပ်ဆေးပြားများ၊ လက်နက်ငယ်နှင့် ကျည်တောင့်တို့ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၄**

ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃ ရက်က ဘားအံမြို့နယ် ဘင်ဂျီကျေးရွာအုပ်စု ဘုရင့်ညီနောင်လိုဏ်ဂူမုခ်ဝ၌ မနန်းဘိုင်ခမ်း မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ငွေကျပ် သုံးသိန်း၊ လက်ကိုင်ဖုန်းတစ်လုံး၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၁၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့ မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့စု -၁၆ ပြင်ဦးလွင်၊ မူးယစ်တပ်ဖွဲ့စု - ၁၇ မန္တလေး (မြောက်ပိုင်း)၊ မူးယစ်တပ်ဖွဲ့စု - ၁၈မန္တလေး (တောင်ပိုင်း) နှင့် မူးယစ်တပ်ဖွဲ့စု - ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များ၊ ဘန့်ဘွေးရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် ကုန်းကြီးရွာမကျေးရွာအုပ်စု မန္တလေး-လားရှိုး ကားလမ်း မိုင်တိုင်အမှတ် ၆၃/၈ နှင့် ၆၄/၀ အကြား ညီလေး(ခ)စံရှင်း၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ဝင်းထွန်းအောင်နှင့် အောင်အောင်တို့ကို တွေ့ရှိရပြီး အဆင့်နိမ့်ဘိန်း ၃၀ ဂရမ်၊ ဘိန်းရှူကိရိယာများ၊ အောင်အောင်ထံမှ ၉ မမ ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ်သုံးခု၊ ကျည် ၃၇ တောင့်၊ ငွေကျပ် သိန်း ၁၄၉၀ တို့ကိုလည်းကောင်း၊ ယင်းနောက်ကွတ်ခိုင်မြို့နေသူ နော်ဂျာ (ခ)တူးမိုင်(ခ) ခိုက်ချန်သည် ညီလေး(ခ)စံရှင်း၏ နေအိမ်သို့ ရောက်ရှိလာ၍ ရှာဖွေရာ ၎င်းထံမှ ၉မမ ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည် ၁၅ တောင့်တို့ကို လည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့နံနက် ၉ နာရီခန့်က မူးယစ်တပ်ဖွဲ့စု - ၂၅ တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ စဝ်စံထွန်းရပ်ကွက် နယ်မြေ - ၁ ဇလဲလမ်းနေ ကျော်ဇေယျ (ခ)ကိုကျော်၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ပိုင်စံဖြိုးအား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၅၃၃၅ ပြားနှင့် မော်တော်ယာဉ်တစ်စီးတို့ကိုလည်းကောင်း၊ ဇန်နဝါရီ ၂ ရက် နံနက် ပိုင်းက မိုင်းပွန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းပွန်မြို့ မြို့ဦးရပ်ကွက်ဟွေတောက် ကျေးရွာလမ်းတွင် တဖေးမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၀ နှင့် ဘိန်းစိမ်း ၂၄၄ ဒသမ ၉၅ ဂရမ် တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးမြို့တွင် မီနီမာရသွန်အပြေးသမားတစ်ဦး ယာဉ်တိုက်မှုဖြစ်ပွား

**မန္တလေး ဇန်နဝါရီ ၄**

မန္တလေး ချမ်းမြသာစည်မြို့နယ် ၆၈ လမ်းပေါ် ဂုဏ်ရွှေဝါလမ်းနှင့် သရဖီလမ်းကြား၌ ယနေ့ နံနက် ၈ နာရီခန့်က ယာဉ်တိုက်မှု ဖြစ်ပွားခဲ့သည်။

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက် ပထမကျောင်းလမ်းနေ ဘုန်းမြင့်ကျော် (၁၉နှစ်) မောင်းနှင်လာသော Honda Fit 2I/ ----- ယာဉ်သည် မန္တလာသီရိ ဘောလုံးကွင်း ဝင်၊ ထွက် ပေါက်ရှေ့ အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လားရာတူ ၎င်းရှေ့ရှိ ပန်းဝင်ရန်ပြေးနေသော မီနီမာရသွန် အပြေးသမား ကျော်စိုးဝင်း(၄၁နှစ်) (အား/ကာသိပ္ပံဝင်း)နေသူကိုဝင်ရောက်တိုက်မိရာ အဆိုပါ အပြေးသမားတွင် ယာတင်ပါးဆုံ ဒဏ်ရာရရှိခဲ့ရာ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှု ခံယူနေရကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ ယာဉ်မောင်း ဘုန်းမြင့်ကျော်အား အမှတ် (၁၁)နယ် မြေရဲစခန်းက ဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်စံမောင်**

# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပွဲများ ပျော်ရွှင်စွာဆင်နွှဲ

**နေပြည်တော် ဇန်နဝါရီ ၄**

နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနများ၊ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်များတွင် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပွဲများကို ကျင်းပ၍ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။



နေပြည်တော် ကောင်စီနယ်မြေ မြို့နယ်များအတွင်းရှိ ရပ်ကွက်နေ ပြည်သူများအနေဖြင့် ယနေ့ နံနက်ပိုင်းမှစတင်၍ ပျော်ပွဲရွှင်ပွဲများအဖြစ် ထုပ်ဆီးတိုးပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ သံပုံးရိုက်ပြိုင်ပွဲ၊ ချောတိုင်တက်ပွဲများ၊ ခြင်းခတ်၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ခေါင်းအုံးရိုက်ပွဲ၊ ဘောလုံးပွဲ စသည့် အားကစားပြိုင်ပွဲများကို အစုအဖွဲ့ အလိုက်၊ အသင်းအဖွဲ့ အလိုက် ပျော်ရွှင်စွာ ပါဝင်ကစားကြသည်။

အလားတူ အခြေခံပညာကျောင်းများတွင်လည်း အားကစားနည်းများအလိုက် ပြိုင်ပွဲများကို ကျင်းပကြပြီး ကျောင်းသား ကျောင်းသူများနှင့် မိသားစုဝင်များ ပါဝင်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲအလိုက် ဆုရရှိသူများကို ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပညာရေးမှူးများနှင့် ကျောင်းအုပ်ဆရာကြီးများ၊ သက်ဆိုင်ရာ ဆရာ ဆရာမများက ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ထို့ပြင် ဝန်ကြီးဌာနများ အနေဖြင့်လည်း ဌာနတွင်း ပျော်ပွဲရွှင်ပွဲများအဖြစ် အားကစားပြိုင်ပွဲများကို ကျင်းပကြပြီး နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ကို ပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ ကျင်းပ

**သီပေါ**

နှစ်(၇၀)ပြည့် လွတ်လပ်ရေးအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီက ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ စမ်းမာလာဥယျာဉ်အတွင်းရှိ ကျောက်တိုင်၌ အလံတင်အခမ်းအနားကို ကျင်းပပြီး နံနက် ၇ နာရီက မြို့တော်ခန်းမ၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက ဖတ်ကြားသည်။ **စိုင်း(သီပေါ)**

**မိုးညှင်း**

ကချင်ပြည်နယ် မိုးညှင်းမြို့ အောင်သပြေရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီ၌ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားအား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်ပြုတပ်ဖွဲ့မှ ဦးဆောင်ကာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော ရဲဘော်အပေါင်းတို့အား အလေးပြုခြင်းကို ဆောင်ရွက်ခဲ့ကြသည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မိုးညှင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးက ဖတ်ကြားခဲ့သည်။ **ဝ၆၇**

**မော်လမြိုင်ကျွန်း**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့တွင် ကျင်းပသော နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်က လွတ်လပ်ရေးပန်းခြံ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေယံထွန်းနှင့် ဦးကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။ ထို့နောက် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ သဝဏ်လွှာအား မော်လမြိုင်ကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းက ဖတ်ကြားသည်။ **မော်ကျွန်း-မြင့်အောင်**

**ပေါင်းတည်**

နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီက ပေါင်းတည်မြို့နယ် မြို့နယ်စည်ပင်သာယာကမ်းလယ်ကျွန်း လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပရာ တက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းနိုင်က ဖတ်ကြားသည်။ **တင်ဝင်းဇော်(မင်းသားကြီး)**



**ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ဗျိုင်းရေအိုးစင်လမ်း မိသားစုမှ ရှစ်ကြိမ်မြောက်အဖြစ် ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ရာ ကလေးသူငယ်များ ပျော်ရွှင်စွာ ကစားနေကြစဉ်။**
ထွန်းအောင်ရှိန်(မြန်မာ့အလင်း)

**ကန့်ဘလူ**

နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့ လွတ်လပ်ရေး ကျောက်တိုင်ကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက်က ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဇာနည်လွင်နှင့် တာဝန်ရှိသူများက တက်ရောက်အလေးပြုကြသည်။ ထို့နောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကိုဖတ်ကြားပြီး စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- မန်ယူအသင်းက နည်းပြ မော်ရင်ညိုသည် ရာသီအကုန်တွင် အသင်းမှ နုတ်ထွက်သွားမည်ကို စိုးရိမ်ကြောင့်ကြလျက်ရှိနေကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသော်လည်း အဆိုပါ ပေါ်တူဂီနည်းပြကို နှစ်ရှည်သက်တမ်းတိုးရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း တယ်လီဂရပ်တွင် ဖော်ပြထားသည်။
- အင်တာမီလန်အသင်းသည် နွေရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော မန်ယူကွင်းလယ်ကစားသမား ဂျွန်မာတာ(၂၉ နှစ်) ကို ခေါ်ယူရန် ဆန္ဒပြင်းပြလျက်ရှိနေကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။
- တော့တင်ဟမ်အသင်းသည် ပရီမီယာလိဂ်တွင် လုပ်ခလစာအမြင့်ဆုံးဖြင့် အသင်းတိုက်စစ်မှူး ဟယ်ရီကိန်း (၂၄ နှစ်) ကို ကမ်းလှမ်းမှုပြုလုပ်သွားရန် အဆင်သင့် ရှိနေကြောင်း ဒေးလီးမေး၏ ဖော်ပြချက်အရ သိရသည်။
- မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် ၎င်း၏ကစားသမား အင်အားကို ပိုမိုတောင့်တင်းလာစေရန်အတွက် အာဆင်နယ်တိုက်စစ်မှူး ဆန်းချက်ဇ် (၂၉ နှစ်)နှင့် ရီးရဲဆိုစီဒက် ခံစစ်ကစားသမား မာတီနက်ဇက် (၂၆ နှစ်) နှစ်ဦးအတွက် ပေါင်သန်း ၅၀ အသုံးပြုရန် ဆန္ဒရှိနေကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။
- ပြင်သစ်ဘက်မှလာသော သတင်းများအရ မန်စီးတီးအသင်းသည် အသက် (၂၄ နှစ်)အရွယ် ဘာစီလိုနာ ခံစစ်ကစားသမား ဆမ်မြူရယ်အမ်တီတီကို စိတ်ဝင်စားလျက်ရှိကြောင်းလည်း သိရသည်။
- မန်စီးတီး တိုက်စစ်မှူး အဂူရိုသည် ၂၀၂၀ ပြည့်နှစ် စာချုပ်သက်တမ်းကုန်ဆုံးသည်အထိ အသင်း၌ နေသွားရန် ဆန္ဒရှိနေပြီး ကလပ်အနေနှင့် ၎င်း၏ အနာဂတ်နှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်တစ်စုံတစ်ခုချမှတ်ရန် လိုအပ်လိမ့်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- ဂျူဗင်တပ်စ်အသင်းသည် မန်ယူနှင့် ချယ်လ်ဆီးအသင်းတို့က စိတ်ဝင်စားလျက်ရှိသော အသက်(၂၆ နှစ်)အရွယ် တောင်ပံကစားသမား အဲလက်ဇ်ဆန်ဒရိုကို ဆက်လက်ထိန်းထားရန် ဆုံးဖြတ်ထားကြောင်း ယူကေအခြေစိုက် သတင်းတစ်ရပ်အရ သိရသည်။ **ဇော်ဇော်**



နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပွဲများကို မတ္တရာမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များပူးပေါင်း၍ ယနေ့ နံနက်က ကျင်းပရာ ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။
စိုးကျော်သူထွေး(မတ္တရာ)





## ထိန်းချုပ်ဓာတုပစ္စည်းများ အသုံးပြုခြင်းနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေး

**မန္တလေး ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ထိန်းချုပ်ဓာတုပစ္စည်းများ အသုံးပြုခြင်းနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ ကျင်းပခဲ့ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဦးနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ စစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ခင်ဇော်တို့က တက်ရောက်လာကြသော လုပ်ငန်းရှင်များအား ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်လုပ်ငန်းရှင်များက ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ လုပ်ငန်းရှင်များ စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **တင်မောင်-မန်းကိုယ်ပွား**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 7E/7326 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**

**အမည်မှန်**
မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာနေ ဦးကျင်အောင်၏ သမီး မမြမြနွယ်၏ အမည်မှန်မှာ မမြနွယ် ၁၀/ဘလန(နိုင်)၀၄၆၁၈၂ဖြစ်ပါကြောင်း။
**မမြနွယ်**

**အမည်ပြောင်း**
နတ်မောက်မြို့နယ်၊ တွင်းကြီးကျေးရွာနေ ဦးထွန်းလင်း၏သမီး မတင်တင်မိုး ၈/နမန(နိုင်)၁၉၉၄၃၀အား မမြတ်နိုးနိုးကျော်ဟု ပြောင်းလဲခေါ်ပါရန်။
**မမြတ်နိုးနိုးကျော်**

**ဖခင်အမည်မှန်**
ရမည်းသင်းမြို့ အထက(၁)၊ သတ္တမတန်းမှ မောင်ညီညီဇော်နှင့် ရွှေစည်းခုံ မူလတန်းကျောင်း တတိယတန်းမှ မလဝန်းသူတို့၏ ဖခင်ဦးကျော်ဦး၏ အမည်မှန်မှာ ဦးကျော်ကျော်ဦး ၉/ပမန(နိုင်)၂၀၈၂၂၂ ဖြစ်ပါကြောင်း။
**ဦးကျော်ကျော်ဦး**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ရေစကြိုမြို့နယ်တရားရုံးတော်**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ် ၃၆**

| | | |
|---|---|---|
| မနွယ်နွယ်ဝင်း | **နှင့်** | ကိုတင်ထွန်းအောင် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ မြစန္ဒာလမ်း၊ ၂၈လမ်း×၂၉လမ်းနှင့် ၆၂လမ်း×၆၃လမ်း၊ အမှတ် ၁၄/၁၅နေ ဦးနီ၏သား ကိုတင်ထွန်းအောင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုမနွယ်နွယ်ဝင်းက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂ရက် (၁၃၇၉ခုနှစ် တပို့တွဲလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူသည် တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၈ခုနှစ်၊ ဇန်နဝါရီ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထက်ယုယုအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ရေစကြိုမြို့နယ်တရားရုံး**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 6D/8976 Toyota Hilux KZN 185 S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်မင်းသိုက် ၂/လကန(နိုင်)၀၅၆၇၂၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**
ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့၊ မအူကုန်းရပ်ကွက်၊ သာရဝေါလမ်းနေ ကျွန်တော်တို့၏သမီး မအေးအေးမူ ၇/လပတ(နိုင်)၁၇၆၉၈၀ သည် မိဘတို့၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ၎င်းသဘောဆန္ဒအတိုင်း ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝ အားလုံးကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။
**(ဖခင်)ဦးမြကျော်(ခ)ဦးရွှေဘို ၇/လပတ(နိုင်)၀၉၁၇၉၀**
**(မိခင်)ဒေါ်မာမာဦး ၇/လပတ(နိုင်)၁၂၇၇၈၉**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**
ပုသိမ်မြို့၊ အမှတ်(၈)နယ်မြေ၊ စမ်းငန်ကုန်းရပ် (ရွှေကြက်ယက်)အနီးနေ ကျွန်မဒေါ်မြမြဝင်း ၁၄/ပသန(နိုင်)၀၅၅၆၀၀၏သား မောင်ကျော်ဇေယျလင်း ၁၄/ပသန(နိုင်)၂၃၆၄၀၄ သည် မိဘများ စိတ်ဆင်းရဲအောင် နှိပ်စက်စော်ကားပြီး ၎င်းဆန္ဒအတိုင်း နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကြီးငယ်ကိုမျှ လုံးဝဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။
**(မိခင်)ဒေါ်မြမြဝင်း ၁၄/ပသန(နိုင်)၀၅၅၆၀၀**

# အီတလီနိုင်ငံမြောက်ပိုင်း၌ ဆီးနှင်းပြိုကျမှုဖြစ်ပွားခဲ့ရာ မိခင်နှင့်သမီး သေဆုံး




**ရောမ ဇန်နဝါရီ ၄**

အီတလီနိုင်ငံမြောက်ပိုင်းနှင့် ဩစတြီးယားနိုင်ငံနယ်စပ်ဖြစ်သော ထရန်တီနို-အော်တို အိတ်ချ်ဒေသ၌ ဆီးနှင်းပြိုကျမှုဖြစ်ပွားခဲ့ရာ ဂျာမန်အမျိုးသမီးတစ်ဦးနှင့် အသက် ၁၁ နှစ်အရွယ် ၎င်း၏သမီးငယ်တစ်ဦးတို့ သေဆုံးခဲ့ကြောင်း ဒေသတွင်း သတင်းမီဒီယာများတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

နှင်းထုပြိုကျချိန်တွင် အဆိုပါကလေးနှင့်မိခင်တို့မှာ စကိတ်စီးနေကြောင်း သိရသည်။ ၎င်းတို့နှင့်အတူ အခြားအားလပ်ရက် အပန်းဖြေထွက်လာသူ ခုနစ်ဦးလည်း နှင်းလျှောစီးနေကြောင်း သိရသည်။ ဆီးနှင်းအများအပြားကျဆင်းပြီးနောက် နှင်းထုပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နှင်းထုပြိုကျမှုသည် ပင်လယ်ရေမျက်နှာပြင်အထက် ၂၁၀၀ မီတာရှိသော ဗီနိုစတာတောင်ကြားရှိ ဘယ်လ်ပီယာနို-မယ်လ်ဂါ ဆန်ဗယ်လန်တီနိုစကိတ်အပန်းဖြေစခန်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်း အာရ်အေအိုင်ရုပ်မြင်တွင် ဖော်ပြခဲ့သည်။

ကယ်ဆယ်ရေးသမားများက နှင်းထုအား တူးဖော်ကာ အသက် ၄၅ နှစ်အရွယ် အမျိုးသမီးနှင့် ၎င်း၏သမီးတို့အား ဆွဲထုတ်ခဲ့ရကြောင်း၊ သမီးမှာ နေရာတွင်ပင် သေဆုံးလျက်ရှိပြီး မိခင်မှာ ဆေးရုံရောက်ပြီးနောက် သေဆုံးသွားကြောင်း အီတလီသတင်းအေဂျင်စီဖြစ်သော အန်ဆာတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# မြောက်ကိုရီးယားအရေးကို ကိုင်တွယ်ဖြေရှင်းရန် ဝန်ကြီးချုပ်ရှင်ဇိုအာဘေး နောက်ထပ်ခြေလှမ်းသစ်များ ပြင်ဆင်

**တိုကျို ဇန်နဝါရီ ၄**

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် ဂျပန်နိုင်ငံ၏ အစိုးရအဖွဲ့အနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်လာမှုများကို ခုခံကာကွယ်ရန်အတွက် လိုအပ်သည့် ကာကွယ်ရေးဆိုင်ရာ စီမံဆောင်ရွက်မှုများကို အားဖြည့်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။




တစ်နှစ်တာအတွင်း ပထမဆုံးသော သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည့် ကြာသပတေးနေ့တွင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မြောက်ကိုရီးယားသည် ပြီးခဲ့သည့်နှစ်များအတွင်း ၎င်း၏နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များဖြင့် ကျူးကျော်ရန်စမှုများကို ပြုလုပ်လာခဲ့ကြောင်း ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံအနီးတစ်ဝိုက်တွင်ရှိနေသည့် လုံခြုံရေး ဝန်းကျင်သည် ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်မှစတင်ကာ ပိုမိုပြင်းထန်လာခဲ့ကြောင်း အာဘေးက ဖြည့်စွက်ပြောကြားခဲ့သည်။ အစိုးရသည် ဂျပန်ပြည်သူများ၏ ဘဝကို ကာကွယ်ရန် တတ်နိုင်သမျှအရာအားလုံးကို လုပ်ကိုင်သွားမည်ဖြစ်သည်ဟု ၎င်းကဆိုသည်။ ယင်းဆောင်ရွက်မှုများတွင် မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုကို ကာကွယ်ရန် ထိရောက်သည့် ဆောင်ရွက်မှုများကို ပိုမိုတိုးချဲ့သွားမည်ဖြစ်ပြီး လက်ရှိဆောင်ရွက်နေသည့် ကာကွယ်ရေးဆိုင်ရာ စီမံဆောင်ရွက်မှုတစ်ခုတည်းကိုသာ ဆောင်ရွက်မည် မဟုတ်ဘဲ ချဉ်းကပ်မှုအသစ်များလည်း ပါဝင်လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက ၎င်း၏မူဝါဒကိုပြောင်းလဲသွားစေရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ဂျပန်နိုင်ငံသည် သံတမန်ရေးရာကြိုးပမ်းဆောင်ရွက်မှုများကိုလည်း အရှိန်မြှင့်သွားနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အာဘေးက ထပ်မံပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် ဂျပန်နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖြစ်နိုင်ဖွယ်ရှိသည့် ပြင်ဆင်ဖြည့်စွက်ချက်များပြုလုပ်သွားရန်နှင့် ပတ်သက်၍လည်း ပြောဆိုခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဇင်ဘာဘွေ အမျိုးသားဥယျာဉ်၌ မိကျောင်းကိုက်ခံရ၍ ကမ္ဘာလှည့်ခရီးသည်တစ်ဦး သေဆုံး

**ဇင်ဘာဘွေ ဇန်နဝါရီ ၄**

ဇင်ဘာဘွေနိုင်ငံတောင်ပိုင်းဘူလာဝါယိုမြို့တောင်ဘက် ၄၀ ကီလိုမီတာအကွာခန့်ရှိ မာတိုပို့စ်အမျိုးသားဥယျာဉ်၌ ကမ္ဘာလှည့်ခရီးသည်နှစ်ဦး ကနူးလှေစီးနေစဉ် မိကျောင်းများ၏တိုက်ခိုက်မှုကြောင့် ကမ္ဘာလှည့်ခရီးသည်တစ်ဦးသေဆုံးခဲ့ပြီး ကျန်တစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မကြာသေးမီက သတင်းများတွင် ဖော်ပြခဲ့သည်။

ကမ္ဘာလှည့်ခရီးသည်နှစ်ဦးသည် မိကျောင်းများကျက်စားရာဆည်အတွင်း စီးနင်းခွင့်မရှိသည့် ရော်ဘာလှေဖြင့် လှော်ခတ်သွားလာခဲ့ကြောင်း ဇင်ဘာဘွေနိုင်ငံ သဘာဝဥယျာဉ်နှင့် တောရိုင်းတိရစ္ဆာန်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

အားလပ်ရက်အတွင်း သူငယ်ချင်းများနှင့် ပျော်ပွဲစားထွက်လာသော ဂျွန်ဘောမန်းနှင့် ရိုစ့်မယ်ရီမစ်ချယ်အမည်ရှိ ခရီးသွားစုံတွဲသည် မာတိုပို့စ်အမျိုးသားဥယျာဉ်ရှိ မိကျောင်းများကျက်စားရာ မာပိုပိုမာဆည်အတွင်း ရော်ဘာလှေဖြင့် လှော်ခတ်သွားလာစဉ် ထိုသို့ မိကျောင်းများ၏ တိုက်ခိုက်မှုကို ခံခဲ့ရခြင်းဖြစ်သည်။

လက်ရှိတွင် မစ်ချယ်အား ဘူလာဝါယိုမြို့ဆေးရုံအရေးပေါ်လူနာဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ကမ္ဘာလှည့်ခရီးသွားများအနေဖြင့် မည်သို့ပင် ထိန်းသိမ်းထားစေကာမူ တောရိုင်းတိရစ္ဆာန်များနှင့် နီးကပ်စွာမနေသင့်ကြောင်း၊ အန္တရာယ်ရှိကြောင်း ပြောခဲ့သည်။

**ဆင်ဟွာ**



# နိုင်ငံတော် လျှို့ဝှက်ချက် ပေါက်ကြားစေမှုဖြင့် ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကို ဖမ်းဆီး

**ဟန်ွိုင်း ဇန်နဝါရီ ၄**

ဗီယက်နမ်နိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကို စင်ကာပူမှ နှင်ထုတ်လိုက်ပြီးနောက်တွင် နိုင်ငံတော်လျှို့ဝှက်ချက်များ ပေါက်ကြားစေခဲ့မှုဖြင့် ကြာသပတေးနေ့တွင် ဟန်ွိုင်းလေဆိပ်၌ ဖမ်းဆီးလိုက်ကြောင်း သိရသည်။

အသက် ၄၂ နှစ်ရှိပြီဖြစ်ပြီး ပြီးခဲ့သည့် ရက်သတ္တပတ်က လူဝင်မှုကြီးကြပ်ရေးဆိုင်ရာပြစ်မှုများဖြင့် စင်ကာပူ၌ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် လုပ်ငန်းရှင်က ၎င်းသည် ဗီယက်နမ် လျှို့ဝှက်ရဲအဖွဲ့မှ အကြီးတန်းအရာရှိတစ်ဦးလည်း ဖြစ်ကြောင်းနှင့် ဂျာမနီသို့ သွားရောက်ရန် ကြိုးပမ်းနေသည်ဟု ၎င်း၏ရှေ့နေများကို ပြောခဲ့သည်။

၎င်းသည် ဗီယက်နမ်၌ သေဒဏ်ပေးခံရနိုင်ဖွယ်ရှိကြောင်း သိရသည်။

၎င်းကိုစင်ကာပူမှနှင်ထုတ်ခံရပြီး နောက်တွင် ဖမ်းဆီးခံလိုက်ရခြင်းဖြစ်ကြောင်း ဗီယက်နမ်ရှိရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ လုံခြုံရေး စုံစမ်းစစ်ဆေးရေးဌာနသည် Phan Van Anh Vu ကို ဖမ်းဆီးခဲ့ပြီး ဗီယက်နမ်နိုင်ငံ၏ ဥပဒေအရ ဆက်လက် စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ၎င်း၏ ဝက်ဘ်ဆိုက်တွင် ရေးသားခဲ့သည်။

စင်ကာပူ လူဝင်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဂိတ်များ အာဏာပိုင်အဖွဲ့က Vu ၏ ရှေ့နေထံသို့ ပေးပို့ခဲ့သည့် စာတစ်စောင်တွင် ဗီယက်နမ် အာဏာပိုင်များက Vu သည် စင်ကာပူသို့ ဝင်ရောက်ရန် ပတ်စပို့အတုကို အသုံးပြုကြောင်း စုံစမ်းစစ်ဆေးရေးဌာနသို့ သတင်းပေးပို့ခဲ့ကြောင်း ဖော်ပြခဲ့သည်။

**ရိုက်တာ**

# ဆန္ဒဖော်ထုတ်မှုများကို ဆက်လက်လုပ်ဆောင်ကြရန် ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် အီဘာဒီ တိုက်တွန်း

**ဒူဘိုင်း ဇန်နဝါရီ ၄**

အီရန်ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ရှီရင်အီဘာဒီသည် ပြည်သူ့ဆန္ဒပြပွဲများတွင် ပါဝင်ကြရန်နှင့် အီရန်ခေါင်းဆောင်များအပေါ်တွင် အရဲရင့်ဆုံးစိန်ခေါ်မှုတစ်ခုဖြစ်လာစေမည့် တစ်နိုင်ငံလုံးအနှံ့ဆန္ဒပြပွဲများ ပေါ်ပေါက်ရေးအတွက်အားထုတ်ကြရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံသားများသည် လမ်းပေါ်တွင်ရှိနေသင့်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေက ၎င်းတို့ကို ဆန္ဒဖော်ထုတ်မှုများ ဆက်လက်ပြုလုပ်သွားခွင့်ကို ပေးထားခဲ့ပြီဖြစ်ကြောင်း နာမည်ကျော်လူ့အခွင့်အရေးဆိုင်ရာ ရှေ့နေတစ်ဦး၏ ပြောဆိုမှုကို ဆော်ဒီနိုင်ငံပိုင် ပန်အာရပ်နေ့စဉ်သတင်းစာတစ်စောင်ဖြစ်သည့် အယ်လ်အော်ဆတ်က ကိုးကားဖော်ပြခဲ့သည်။


အီရန် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ရှီရင်အီဘာဒီ

ဆန္ဒပြပွဲများ ခြောက်ရက်ကြာဖြစ်ပွားခဲ့ပြီးနောက်တွင် လူ ၂၁ ဦးသေဆုံးခဲ့ပြီဖြစ်ပြီး အီရန်အထူးတော်လှန်ရေးအစောင့်တပ်ဖွဲ့များသည် ဗုဒ္ဓဟူးနေ့တွင် ပြည်နယ်သုံးခုတို့၌ ဖြစ်ပွားနေသည့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုများကို ထိန်းချုပ်ရန်အတွက် အင်အားစုများကို ဖြန့်ကြက်ခဲ့သည်။

လူငယ်များနှင့် အလုပ်သမားလူတန်းစားများကို အထိနာစေခဲ့သည့် စီးပွားရေးအကျပ်အတည်းများကြောင့် စတင်ပေါ်ပေါက်လာခဲ့သည့် ဆန္ဒဖော်ထုတ်မှုများသည် ပိုမိုဆိုးရွားလာခဲ့သည်။

လန်ဒန်၌ အခြေစိုက်နေထိုင်လျက်ရှိသည့် အီဘာဒီသည် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ၂၀၀၃ ခုနှစ်တွင် ဆွတ်ခူးခဲ့သည်။

**ရိုက်တာ**

## နိုင်ငံတကာ သတင်းတိုထွာ

### နယူးယောက်၌ အကြမ်းဖက်လုပ်ရပ်များကို တားဆီးရန် လုံခြုံရေးအတားအဆီးများ ဆောင်ရွက်သွားမည်

**နယူးယောက် ဇန်နဝါရီ ၄**

နယူးယောက်တွင် ယခုတလောကားဖြင့် လူအုပ်အတွင်း ဝင်တိုက်ကာ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လေ့ရှိသောကြောင့် ယင်းမြို့၏ ထင်ရှားသောနေရာများတွင် အဆိုပါအကြမ်းဖက်လုပ်ရပ်များကို တားဆီးရန်အတွက် လုံခြုံရေးအတားအဆီးပေါင်း ၁၅၀၀ ကို ချထားမည်ဖြစ်ကြောင်း တိုင်းမ်စကွဲတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် နယူးယောက်မြို့တော်ဝန် ဘီလ်ဒီဘလက်စီယိုက ပြောခဲ့သည်။

အချို့သော ကွန်ကရစ်တုံးများနှင့် အတားအဆီးတုံးများကို သတ္တုထောက်တိုင်များဖြင့် အစားထိုးချထားမည်ဖြစ်ကြောင်း၊ ခြေကျင်လမ်းသွား၊ လမ်းလာများသည့်နေရာများတွင် ယာယီချထားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

နယူးယောက်မြို့တွင် မကြာသေးမီလပိုင်းများက စက်ရုပ်သတင်းများ ကြိမ်ဖန်များစွာဖြစ်ပေါ်ခဲ့သည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ကမ္ဘာ့ကုန်သွယ်ရေးစင်တာအနီးရှိ လူသွားလမ်းထဲသို့ ကုန်တင်ကားဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လူရှစ်ဦး သေဆုံးပြီး တစ်ဒါဇင်ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မေ ၁၈ ရက်ကလည်း တိုင်းမ်စကွဲအနီးရှိ လူသွားစင်္ကြံကို ကားတစ်စီးဖြင့် ဝင်တိုက်ခဲ့ရာ လူတစ်ဦးသေဆုံးပြီး အခြား ၂၂ ဦး ဒဏ်ရာရရှိခဲ့သည်။

ထို့အတူ လွန်ခဲ့သော ဒီဇင်ဘာ ၁၁ ရက်ကလည်း တိုင်းမ်စကွဲမြေအောက်ရထားဘူတာရုံ၌ ဖောက်ခွဲမှုပြုလုပ်ခဲ့ရာ ခရီးသွားလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ **ဆင်ဟွာ**

### အီရန်၌ ဖြစ်ပွားနေသည့် အခြေအနေများကို စိုးရိမ်ကြောင်း ပြင်သစ်ဖော်ပြ

**ပါရီ ဇန်နဝါရီ ၄**

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနသည် အီရန်တွင်ဖြစ်ပွားနေသည့် ပဋိပက္ခများအတွင်း ဖမ်းဆီးထိန်းသိမ်းခံရသူများနှင့် သေဆုံးသူများအရေအတွက် များပြားလာနိုင်သည့်အရေးနှင့် ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်း ဖော်ပြခဲ့သည်။

လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်သည် အခြေခံကျသည့် အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း အင်္ဂါနေ့တွင် ဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

လာမည့် ရက်သတ္တပတ်များတွင် ပြင်သစ်က အီရန်အာဏာပိုင်များနှင့် ဆွေးနွေးမည့် ထိပ်တန်းဦးစားပေး ကိစ္စရပ်မှာ လူ့အခွင့်အရေးကိစ္စရပ်များ ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ယီမင်စစ်ပွဲအတွင်းမှာ အမေရိကန်ရဲ့ ပါဝင်ပတ်သက်မှု

**ကလျာမိုးမြင့်**



အန်နာကိုစတီယာ ဘိုးလင်းက အမေရိကန် လေတပ်ဖွဲ့ရုံးအတွင်းမှာပြုလုပ်ခဲ့တဲ့ ဒီဇင်ဘာ ၁၄ ရက် ကွန်ဖရင့်အစည်းအဝေးမှာ သံအမတ်နစ်ကီဟာလေဟာ ကွယ်ဝှက်ထိမ်ချန်ခြင်းမရှိဘဲ ပွင့်ပွင့်လင်းလင်း စကားပြောဆိုခဲ့ပါတယ်။ ဆော်ဒီမြို့တော် ရီယာ့ဒ်မှာရှိတဲ့ လေဆိပ်ကို တိုက်ခိုက်ဖို့ ဟူသီစစ်သွေးကြွတွေအသုံးပြုခဲ့တဲ့ ကိရိယာတွေ တီဟီရန်က ထောက်ပံ့ခဲ့တာဖြစ်တယ်လို့ နစ်ကီက သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။ လက်နက်တွေအားလုံးပေါ်မှာ Made in Iran (အီရန်တွင်လုပ်သည်) ဆိုတဲ့ စတစ်ကာတွေတောင်ပါနေနိုင်တယ်လို့ ၎င်းက ဆိုပါတယ်။ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံတမန်နစ်ကီဟာလေရဲ့ ပြောစကားထဲမှာ ရှင်းလင်းပြတ်သားတဲ့ ဦးတည်ချက်တစ်ခုရှိနေပါတယ်။ အီရန်က လုပ်ဆောင်ခဲ့တဲ့ မှားယွင်းတဲ့ အပြုအမူအတွက် အီရန်ကို တာဝန်ခံစေဖို့၊ အမေရိကန်ရဲ့ ကြိုးပမ်းမှုအတွက် နိုင်ငံတကာရဲ့ ထောက်ခံမှုရရှိအောင်လုပ်ဖို့ ဆိုတဲ့ ဦးတည်ချက်ဖြစ်ပါတယ်။ အီရန်ရဲ့ ကျူးကျော်ရန်စမှုကို ဆန့်ကျင်တိုက်ခိုက်တာဟာ ကမ္ဘာကြီးအတွက် တိုက်ခိုက်တာပဲ။ နိုင်ငံတကာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးဟာ ကျွန်ုပ်တို့အတူ လက်တွဲလုပ်ဆောင်သွားမှုအပေါ်မှာ မူတည်နေတယ်လို့ နစ်ကီက ပြောခဲ့တာပါ။

အမေရိကန် ပြည်ထောင်စု၊ အနောက်ဥရောပ၊ အာရပ်ပင်လယ်ကွေ့နိုင်ငံများနဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီတို့ဟာ အီရန်ရဲ့ လက်နက်မှောင်ခိုကူးမှုနဲ့ ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်တွေကို ချိုးဖောက်မှုတွေနဲ့ ပတ်သက်ပြီး စိုးရိမ်ကြောင့်ကြလာခဲ့တာ တော်တော်လေးကြာခဲ့ပါပြီ။ ကုလသမဂ္ဂရဲ့ အရေးယူပိတ်ဆို့မှုဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေးအဖွဲ့တွေဟာ အီရန်နိုင်ငံမှာပြုလုပ်တယ်လို့ ယူဆရပြီး ဟူသီသူပုန်တွေအတွက် လျာထားတဲ့ လက်နက်ငယ်တွေကို သင်္ဘောနဲ့ ပို့ဆောင်မှုတွေ၊ ဒုံးကျည်ကဲ့သို့ တွန်းကန်အားရှိတဲ့ လက်ပစ်ဗုံးလောင်ချာတွေနဲ့ ခဲယမ်းမီးကျောက်တွေကို စာရွက်စာတမ်းနဲ့တကွ မှတ်တမ်းတင်ခဲ့ပါတယ်။

ဟူသီစစ်သွေးကြွတွေဟာ သူတို့ရဲ့ ဒုံးကျည်ပစ်ခတ်မှုအကွာအဝေးကိုပိုမိုတိုးချဲ့လာနေသလို ၎င်းတို့ဟာ ဆော်ဒီအာရေဗျကို ဆန့်ကျင်တိုက်ခိုက်ရာမှာ အီရန် နည်းပညာတွေကို အသုံးချနေတယ်လို့ အမေရိကန်က သံသယရှိနေမှုကို ဆော်ဒီက မှန်ကန်ကြောင်း ယုံကြည်လက်ခံလာတဲ့အပေါ်မှာ စတင်ပြီးပစ်မှတ်ထားလာနေပြီဖြစ်ပါတယ်။ သို့သော်လည်း ထရန့်ရဲ့ အုပ်ချုပ်ရေးအဖွဲ့ကတော့ အကယ်၍ ယီမင်မှာဖြစ်ပွားနေတဲ့ ဒုက္ခအပေါင်းတို့ရဲ့ တစ်ခုတည်းသော အကြောင်းရင်းဟာ အီရန်ဖြစ်တယ်လို့ ယုံကြည်နေတယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် လှည့်စားရာရောက်နေဦးမှာ ဖြစ်ပါတယ်။

ဖြစ်ပွားနေတဲ့ အခြေအနေတစ်ခုရဲ့ အမှန်တရားကတော့ ယီမင်ပြည်သူသန်းပေါင်းများစွာဟာ အင်အားကြီးနိုင်ငံတွေအကြား အာဏာနဲ့လွှမ်းမိုးမှုအတွက် ရက်စက်ပြီး ခွင့်မလွှတ်နိုင်တဲ့ ယှဉ်ပြိုင်မှုတွေရဲ့ အဓိက သားကောင်တွေ ဖြစ်နေရတယ်ဆိုတဲ့ အချက်ပါပဲ။ ဒီထဲမှာ အမေရိကန်ဟာ ပြဿနာရဲ့ကြီးမားတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်နေပါတယ်။

ယီမင်မှာဖြစ်ပွားတဲ့ ပြည်တွင်းစစ်ကို သမိုင်းကြောင်းဆိုင်ရာ မကျေနပ်ချက်တွေကြောင့် ကူးစက်ဖြစ်ပွားတဲ့ အာရပ်ကမ္ဘာအတွင်းက ဂိုဏ်းဂဏစွဲသန်တဲ့ တိုက်ပွဲအသေးစားတစ်ခုထက် ပိုတဲ့အရာလို့ ရိုးရှင်းစွာဖော်ပြနိုင်ပေမယ့် ဒေသတွင်း အဆင်းရဲဆုံးနိုင်ငံမှာ ဖြစ်ပွားနေတဲ့ တိုက်ပွဲတွေကတော့ အလွန်ရိုးစင်းတဲ့ စံနမူနာတစ်ခုဆိုတာထက် ကျော်လွန်သွားပြီဖြစ်ပါတယ်။ အရှေ့အလယ်ပိုင်းဒေသရဲ့ အင်အားအကြီးဆုံးနိုင်ငံနှစ်ခုဖြစ်တဲ့ ဆော်ဒီအာရေဗျ၊ အီရန်နိုင်ငံတို့နဲ့ အကြီးဆုံးစစ်ပွဲတွေဖြစ်ပွားနေတဲ့ နိုင်ငံတွေအကြား ယှဉ်ပြိုင်မှုဟာ ဒေသတွင်း နိုင်ငံရေးအခြေအနေတွေကို ဘယ်လိုမှ အပေးအယူ ညှိနှိုင်းမှုတွေလုပ်လို့မရနိုင်တဲ့ ပေါင်းလဒ်သုညထွက်တဲ့ ကစားပွဲတစ်ခုအဖြစ် အဓိပ္ပာယ်သက်ရောက်စေခဲ့ပါတယ်။

ဆော်ဒီအာရေဗျအတွက်တော့ အီရန်ရဲ့ဘယ်လိုအနိုင်ရရှိမှုမဆို ရီယာ့ဒ်ရဲ့ ပထဝီနိုင်ငံရေးအင်အားနဲ့ ဒေသတွင်းဆိုင်ရာ ကုပ်အားကန်အား ဆုံးရှုံးရမှုတစ်ခုအဖြစ်ထင်မြင်စေပါတယ်။ မကြာသေးမီကမှဖြစ်ခဲ့တဲ့ ဥပမာတစ်ခုကိုပြရရင် လက်ဘနွန်ဝန်ကြီးချုပ် ဆာအက်ဟာရီရီကို ဟစ်ဇဘိုလာတွေကို အင်တိုက်အားတိုက် ရင်ဆိုင်သွားဖို့ လိုလိုလားလားမရှိတော့တာနဲ့ ပတ်သက်ပြီး ရာထူးကနေဖယ်ရှားဖို့ ဆော်ဒီတော်ဝင်မိသားစုတွေက ကြိုးပမ်းခဲ့မှုကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ဟစ်ဇဘိုလာအဖွဲ့ဟာ ဟာရီရီရဲ့ အာဏာရမဟာမိတ်အဖွဲ့ရဲ့အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အီရန်က ကျောထောက်နောက်ခံပေးထားတဲ့ အင်အားကြီးအဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ ရိုက်တာသတင်းဖော်ပြချက်အရ ဆော်ဒီဘုရင်ဆယ်လ်မန်ဟာ ဟာရီရီကို ရီယာ့ဒ်သို့ဆင့်ခေါ်ခဲ့ပြီး ဟာရီရီက နုတ်ထွက်ကြောင်း အစီရင်ခံတင်ပြမှုပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ ဆော်ဒီအတွက် ဟူသီစစ်သွေးကြွအဖွဲ့နဲ့ ဟစ်ဇဘိုလာအဖွဲ့နှစ်ဖွဲ့စလုံးဟာ ဒေသတွင်းမှာ အီရန်ရဲ့ အန္တရာယ်များတဲ့ ရည်ရွယ်ချက်တွေရှိနေတယ်ဆိုတဲ့ သင်္ကေတတွေချည်းပဲ ဖြစ်ပါတယ်။ ဆော်ဒီသတင်းအေဂျင်စီနဲ့ ဆော်ဒီအကြီးတန်းအာဏာပိုင်တွေဆီက တရားဝင်သတင်းထုတ်ပြန်ချက်တွေက ယီမင်ဘက်က လှုပ်ရှားမှုကို အီရန်လက်နက်ကိုင်တပ်ဖွဲ့ဝင်အုပ်စုတွေရဲ့ လှုပ်ရှားမှုတစ်ခုအနေနဲ့ ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာလက ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒလယ်ဂျူဘီရာက ဟူသီသူပုန်တွေဟာ တီဟီရန်ရဲ့စစ်ဘက်ဆိုင်ရာ အကူအညီတွေမပါဘဲနဲ့ သူတို့ရဲ့ စစ်ဆင်ရေးတွေကို ဆက်လုပ်နိုင်မှာမဟုတ်ဘူးလို့ အတိအလင်း ပြောကြားခဲ့ပါတယ်။ နောက်ဆုံးတော့ လည်း ဆော်ဒီက ယီမင်မှာ ၎င်းရဲ့လေကြောင်းတိုက်စစ်ဆင်မှုဟာ အာရေဗျကျွန်းဆွယ်ပေါ်မှာ အီရန်က နောက်ထပ်အမြစ်တွယ်မလာအောင် ကာကွယ်တာထက် ပိုတယ်ဆိုတာကို ရှင်းရှင်းလင်းလင်း ပြသခဲ့ပါတယ်။ ပြီးတော့ ဒါဟာ နိုင်ငံတကာက အသိအမှတ်ပြုထားတဲ့ အစိုးရကို ပြန်ပြီးတည်မြဲဖို့ လုပ်နေတာဖြစ်တယ်လို့ ဆော်ဒီက ဖော်ပြခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ယီမင်စစ်ပွဲမှာ တက်ကြွနိုးကြားတဲ့ ပါဝင်တိုက်ခိုက်သူတစ်ဦးဖြစ်မလာနိုင်သလို ဘေးကရပ်ကြည့်နေတဲ့သူလည်း မဟုတ်ပြန်ပါဘူး။

အိုဘားမားလက်ထက်နဲ့ ထရန့်အစိုးရ လက်ထက်နှစ်ခုလုံးမှာ ပြည်တွင်းဦးစီးဌာနဟာ ၂၀၁၅ ခုနှစ်ဆော်ဒီလေကြောင်းတိုက်ခိုက်မှုတွေ စတင်လာတဲ့ အချိန်ကတည်းက စစ်လက်နက်ကိရိယာနဲ့ လေ့ကျင့်ရေးအစီအစဉ်တွေမှာ ဒေါ်လာဘီလီယံနဲ့ချီတဲ့ ရောင်းချမှုတွေကို အတည်ပြုထောက်ခံချက်ပေးလာခဲ့ပါတယ်။ ဒီလိုရောင်းချခဲ့တဲ့လက်နက်တွေထဲက ဘယ်တစ်ခုကိုမှ ယီမင်စစ်ပွဲအတွင်းမှာ အသုံးမပြုခဲ့ဘူးလို့ တွေးကြည့်ဖို့ မလွယ်ကူပါဘူး။ တော်ဝင် ဆော်ဒီလေတပ်ကို နောက်ထပ်ဗုံးတွေ ရောင်းချတာနဲ့ ပတ်သက်ပြီး အမေရိကန်ဆီးနိတ်လွှတ်တော်ကနေ ကန့်ကွက်မှုတွေ ပေါ်ထွက်လာခဲ့ပေမယ့် ထရန့်အစိုးရအဖွဲ့ဟာ ပြီးခဲ့တဲ့ ဇွန်လအတွင်းက အမေရိကန်ဒေါ်လာသန်း ၅၀၀ တန်ဖိုးရှိတဲ့ စစ်လက်နက်ခဲယမ်းမီးကျောက်တွေကို ရောင်းချဖို့ ခွင့်ပြုချက်ပေးခဲ့ပါတယ်။ လက်နက်တင်ပို့ရောင်းချမှုတွေထက်ပိုပြီးအရေးကြီးတဲ့ နောက်ထပ်တစ်ခုကတော့ အမေရိကန်လေတပ်အင်အားစုက ဆော်ဒီလေယာဉ်တွေကို လောင်စာဆီဖြည့်သွင်းမှု အကူအညီပေးအပ်တာ ဖြစ်ပါတယ်။

ဒီလို စက်ကိရိယာပိုင်းဆိုင်ရာ အထောက်အကူ ပေးသူမရှိဘဲနဲ့တော့ ဆော်ဒီတိုက်လေယာဉ်တွေဟာ လတ်တလောဆောင်ရွက်နေတဲ့ စစ်ဆင်ရေးတွေကို စီမံထိန်းချုပ်နိုင်မှာ မဟုတ်ဘူးလို့ ထင်ရဖွယ်ရာ အခြေအနေများစွာရှိပါတယ်။ ခုချိန်မှာလည်း အမေရိကန်ဟာ စစ်ရေးနဲ့ ထောက်ပံ့ပို့ဆောင်ရေး အကူအညီတွေကို ပဋိပက္ခဖြစ်ပွားနေတဲ့ တစ်ဖက်ခြမ်းကို အကူအညီပေးနေဆဲပါပဲ။ ယီမင်ပြည်တွင်းရေးဆိုင်ရာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေဟာ စစ်ပွဲကို အဆုံးသတ်စေမယ့် တစ်ခုတည်းသော နည်းလမ်းဖြစ်ပြီး ဒီပဋိပက္ခအတွင်းမှာ ပါဝင်နေသူတွေအားလုံးဟာ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံတမန်နဲ့အတူ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်တယ်လို့ အမေရိကန်က အခိုင်အမာ ဆက်လက်ပြောဆိုနေဆဲပဲ ဖြစ်ပါတယ်။ ။

> **“အမေရိကန် ပြည်ထောင်စု၊ အနောက်ဥရောပ၊ အာရပ်ပင်လယ်ကွေ့နိုင်ငံများနဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီတို့ဟာ အီရန်ရဲ့ လက်နက်မှောင်ခိုကူးမှုနဲ့ ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်တွေကို ချိုးဖောက်မှုတွေနဲ့ ပတ်သက်ပြီး စိုးရိမ်ကြောင့်ကြလာခဲ့တာ တော်တော်လေး ကြာခဲ့ပါပြီ ”**

**ကိုးကား-ရိုက်တာ**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများ၊ စာရင်းစာအုပ်များနှင့်ငွေစာရင်းများကို ပြုစုရန်အတွက် ကုမ္ပဏီတွင်ထားရှိရမည့် မှတ်တမ်းများနှင့် သင့်တော်သည့်မှတ်တမ်းများကို ထားရှိခြင်း**

၂၅၈။ (က) ကုမ္ပဏီအားလုံးသည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ စာရင်းများထားရှိခြင်းဆိုင်ရာ သက်ဆိုင်သောစံနှုန်းများနှင့်အညီ မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများပြုစုဆောင်ရွက်နိုင်ရန်အတွက် စာဖြင့်ရေးသားထားသည့် ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည် -

(၁) ကုမ္ပဏီကလက်ခံရရှိသော သို့မဟုတ် သုံးစွဲခဲ့သောငွေကြေးစုစုပေါင်းနှင့် လက်ခံရရှိခဲ့သော သို့မဟုတ် သုံးစွဲကုန်ကျခဲ့သော ငွေကြေးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ၊

(၂) ကုမ္ပဏီမှ ကုန်ပစ္စည်းရောင်းချခြင်း သို့မဟုတ် ကုန်ပစ္စည်းဝယ်ယူခြင်း၊

(၃) ကုမ္ပဏီ၏ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်ရှိမှုများနှင့်

(၄) ဤဥပဒေအရ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအရ သတ်မှတ်ဖော်ပြထားသည့် ငွေကြေးဆိုင်ရာ အခြားကိစ္စရပ်များ။

(ခ) မှတ်တမ်းများကို ကုမ္ပဏီ၏မှတ်ပုံတင်ထားသောရုံးခန်းတွင် သို့မဟုတ် ဒါရိုက်တာများမှသင့်သည်ထင်မြင်သည့် အခြားနေရာတွင် ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး ရုံးလုပ်ငန်းချိန်အတွင်း ဒါရိုက်တာများက စစ်ဆေးကြည့်ရှုခွင့်ရှိစေရမည်။

၂၅၉။ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးသည် ၎င်းတို့၏ တမင်ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ပုဒ်မ ၂၅၈ ပါသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရာတွင် ကုမ္ပဏီ၏ပျက်ကွက်မှုကို ဖြစ်ပေါ်စေခဲ့လျှင် အဆိုပါပြစ်မှုနှင့်စပ်လျဉ်း၍ ၎င်းတို့သည် ဒဏ်ကြေးငွေကျပ်ခုနစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

**နှစ်စဉ် လက်ကျန်ရှင်းတမ်း**

၂၆၀။ (က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီအားလုံး၏ ဒါရိုက်တာများသည်ကုမ္ပဏီအား စတင်ဖွဲ့စည်းတည်ထောင်သည့်နေ့မှ ၁၈ လအတွင်း ကျင်းပရမည်ဖြစ်ပြီးယင်းနောက်ပိုင်း၌ ပြက္ခဒိန်နှစ်တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် သတ်မှတ်၍ ဤဥပဒေအရ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအရလိုအပ်သော ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများကိုကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ရှင်းလင်းတင်ပြရမည်။ ယင်းသို့တင်ပြရာတွင်လက်ကျန်ရှင်းတမ်း (balance sheet)၊ အရှုံးအမြတ်စာရင်း၊ သို့မဟုတ် အကျိုးအမြတ်အတွက် ကုန်သွယ်ရောင်းဝယ်ခြင်းမပြုသော ကုမ္ပဏီဖြစ်လျှင် သက်ဆိုင်ရာကာလအတွက်ဝင်ငွေနှင့် အသုံးစရိတ်စာရင်း၊ ကုမ္ပဏီအား စတင်ဖွဲ့စည်းတည်ထောင်ပြီးနောက် ပထမဦးဆုံးစာရင်းဖြစ်စေ၊ စာရင်းတစ်ခုအားပြုစုပြီးနောက်ဖြစ်စေ အစည်းအဝေးကျင်းပသည့်နေ့ရက်မတိုင်မီ ကိုးလထက်မစောသောနေ့ရက်အထိ ပြုစုထားသောစာရင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော သို့မဟုတ် နိုင်ငံတော်၏ပြင်ပတွင် အကျိုးခံစားခွင့်များရရှိသော ကုမ္ပဏီတစ်ခုဖြစ်ပါက ၁၂ လ ထက်မပိုသော ကာလတွင် ပြုစုထားသည့်စာရင်းများပါရှိရမည်။ သို့ရာတွင် မှတ်ပုံတင်အရာရှိသည် အထူးအကြောင်းပြချက်ရှိကြောင်းတွေ့ရှိလျှင် သုံးလထက် မပိုသော ကာလတစ်ရပ်ဖြင့် အဆိုပါကာလအား တိုးမြှင့်ပေးနိုင်သည်။

(ခ) ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများကို ဤအခန်း၏ နောက်ပိုင်းတွင် ဖော်ပြပါရှိသည့်အတိုင်း ကုမ္ပဏီ၏စာရင်းစစ်က စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ပြီး စာရင်းစစ်အစီရင်ခံစာကို ယင်းရှင်းတမ်းနှင့် အတူပူးတွဲတင်ပြရမည် သို့မဟုတ် အစီရင်ခံစာပါ ရည်ညွှန်းချက်များကိုဘဏ္ဍာရေးဆိုင်ရာရှင်းတမ်း၏ အောက်ခြေတွင် ထည့်သွင်းဖော်ပြရမည်။ ထိုအစီရင်ခံစာအားကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ရှင်းလင်းတင်ပြရမည်ဖြစ်ပြီး ကုမ္ပဏီတွင် ပါဝင်သူများက စစ်ဆေးကြည့်ရှုနိုင်စေရန်အတွက် ထားရှိရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီအားလုံးသည် စာရင်းစစ်ဆေးထားပြီးဖြစ်သော အဆိုပါ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ၏ မိတ္တူတစ်စောင်ကို စာရင်းစစ်အစီရင်ခံစာမိတ္တူတစ်စောင်နှင့်အတူ ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်ထားသော လိပ်စာများသို့ အစည်းအဝေးဖိတ်ကြားစာဖြင့် ပူးတွဲလျက်ပေးပို့ရမည်။ ထို့အပြင် ယင်းတို့၏မိတ္တူတစ်စောင်ကို အစည်းအဝေးစတင်ကျင်းပခြင်းမပြုမီ အနည်းဆုံး ၂၁ရက်ကြိုတင်၍ ကုမ္ပဏီတွင်ပါဝင်သူများက စစ်ဆေးကြည့်ရှုနိုင်စေရန်အတွက် ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းတွင်ထားရှိရမည်။ ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေများကို ထိခိုက်ခြင်းမရှိစေဘဲ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဤပုဒ်မအရ ကုမ္ပဏီတွင်ပါဝင်သူများသို့ ငွေကြေးဆိုင်ရာရှင်းတမ်းများကို အီလက်ထရွန်နစ်နည်းဖြင့် ပေးပို့နိုင်ကြောင်း သတ်မှတ်နိုင်သည်။

**ဒါရိုက်တာများ၏ အစီရင်ခံစာ**

၂၆၁။ (က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုခု၏ ဒါရိုက်တာများသည် ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းနှင့်အတူ ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များ၊ အမြတ်ဝေစုအဖြစ်ပေးသင့်သည်ဟု ထောက်ခံတင်ပြမည့် ပမာဏရှိခဲ့လျှင် ယင်းပမာဏ၊ လက်ကျန်ရှင်းတမ်း (balance sheet) တွင် သီးခြားဖော်ပြထားသည့် သီးသန့်ရန်ပုံငွေ၊ အထွေထွေရန်ပုံငွေ သို့မဟုတ် သီးသန့်ငွေစာရင်းတို့တွင် ထားရှိသင့်သည့် ငွေရှိခဲ့လျှင် ယင်းငွေပမာဏ သို့မဟုတ် နောက်ဆက်တွဲ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းနှင့်အတူ တင်ပြထားသော နောက်ဆက်တွဲလက်ကျန်ရှင်းတမ်း (balance sheet) တစ်ရပ်ရပ်တွင် သီးခြားဖော်ပြထားသည့် သီးသန့်ရန်ပုံငွေ၊ အထွေထွေရန်ပုံငွေ သို့မဟုတ် သီးသန့်ငွေစာရင်းတို့တွင်ထားရှိသင့်သည့် ငွေရှိခဲ့လျှင် ယင်းငွေပမာဏတို့နှင့် စပ်လျဉ်းသော အစီရင်ခံစာတစ်စောင်ကို ပြုစုရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ရည်ညွှန်းဖော်ပြပါရှိသည့် အစီရင်ခံစာတွင် ကုမ္ပဏီ၏ မူလစီးပွားရေးလုပ်ငန်းဆိုင်ရာ ဖော်ပြချက်၊ အဆိုပါနှစ်ကာလအတွင်း ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သုံးသပ်ဖော်ပြချက်၊ ကုမ္ပဏီတွင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် မသေချာသော ကိစ္စရပ်များဆိုင်ရာဖော်ပြချက်နှင့် အခြားသတ်မှတ်ဖော်ပြထားသည့် ကိစ္စရပ်များအပါအဝင် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာလျော်ကန်မျှတသည့် သုံးသပ်တင်ပြချက်တစ်ရပ်ပါရှိရမည်။ အစီရင်ခံစာကို ဒါရိုက်တာများကဆောင်ရွက်ရန် အခွင့်အာဏာ အပ်နှင်းထားလျှင် ဒါရိုက်တာများ၏ ကိုယ်စားအဖြစ် ဥက္ကဋ္ဌက လက်မှတ်ရေးထိုးနိုင်သည်။

(ဂ) ပုဒ်မ ၂၅၉ တွင် ပါရှိသော ပြဋ္ဌာန်းချက်များသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန်သိလျက်ဖြင့် တမင်ပျက်ကွက်မှုကြောင့် အပြစ်ရှိသော ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးနှင့် သက်ဆိုင်စေရမည်။

**လက်ကျန်ရှင်းတမ်းတွင် ပါရှိရမည့် အကြောင်းအရာများ**

၂၆၂။ (က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုခု၏ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းနှင့်အတူ ပါရှိရမည်ဖြစ်သော လက်ကျန်ရှင်းတမ်း (balance sheet) တွင် ကုမ္ပဏီ၏ပစ္စည်းများ၊ ရရန်ပိုင်ခွင့်များ၊ မတည်ငွေရင်းနှင့် တာဝန်ရှိမှုများ အကျဉ်းချုပ်ကို ဖော်ပြရမည်ဖြစ်ပြီး အဆိုပါတာဝန်ရှိမှုများနှင့် ရရန်ပိုင်ခွင့်များ၏ ယေဘုယျအခြေအနေ၊ ပုံသေသတ်မှတ်ထားသည့် ရရန်ပိုင်ခွင့်များ၏ တန်ဖိုးကို မည်သို့တွက်ချက်ထားသည်ဟူသော ထုတ်ဖော် တင်ပြရမည့် အချက်အလက်များ ပါရှိရမည်။

(ခ) လက်ကျန်ရှင်းတမ်း (balance sheet) ကို စာရင်းအင်းစံနှုန်းများအရ ကျင့်သုံးရသည့် ပုံစံ သို့မဟုတ် သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်နှင့်အညီ ဆောင်ရွက်ရန် လိုအပ်သည့် အခြားပုံစံဖြင့် ပြုစုဆောင်ရွက်ရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုခု၏ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းနှင့်အတူ ပါရှိရမည်ဖြစ်သော အရှုံးအမြတ်စာရင်းတွင် ဒါရိုက်တာများသို့ ၎င်းတို့၏တာဝန်ထမ်းဆောင်မှုအတွက် အခကြေးငွေအဖြစ် ဝန်ဆောင်ခများ၊ ရာခိုင်နှုန်းများ သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်အနေဖြင့် ပေးချေခဲ့သည့် ငွေပမာဏ စုစုပေါင်းအား ဖော်ပြသည့် အချက်အလက်များ၊ ကုမ္ပဏီတွင်ပါဝင်သူများကချမှတ်သည့် အထူးဆုံးဖြတ်ချက်ဖြင့် လိုအပ်လျှင် အခြားအရာရှိတစ်ဦးဦးသို့ ပေးချေသည့် အခကြေးငွေများနှင့် ပစ္စည်းတန်ဖိုးလျော့တွက်ငွေအတွက် ပယ်ဖျက်သည့်တန်ဖိုးစုစုပေါင်းတို့ကို ထည့်သွင်းဖော်ပြရမည်။ ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးသည်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကုမ္ပဏီက အခြားကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးအဖြစ်ခန့်ထားရန် အဆိုပြုချက်အရ ဆောင်ရွက်ခြင်းဖြစ်လျှင် အဆိုပါဒါရိုက်တာအဖြစ်သော်လည်းကောင်း၊ စီမံအုပ်ချုပ်မှုနှင့် စပ်လျဉ်း၍ အခြားနည်းတစ်ရပ်ရပ်ဖြင့်လည်းကောင်း ၎င်းကိုယ်ပိုင်အသုံးပြုမှုအတွက် ၎င်းမှရရှိသောအခကြေးငွေ သို့မဟုတ် အခြားလစာနှင့်စရိတ်များကို စာရင်း၏အောက်ခြေတွင် သို့မဟုတ် ပူးတွဲတင်ပြသည့် ရှင်းတမ်းတွင် မှတ်ချက်ဖြင့် ဖော်ပြပါရှိရမည်။

**လက်အောက်ခံကုမ္ပဏီများနှင့်သက်ဆိုင်သောအချက်အလက်များကို လက်ကျန်ရှင်းတမ်းတွင် ထည့်သွင်းဖော်ပြရခြင်း**

၂၆၃။ (က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သောကုမ္ပဏီတစ်ခုသည် အစုများပိုင်ဆိုင်သည့်ကုမ္ပဏီတစ်ခုဖြစ်သည့်အခါ မြန်မာနိုင်ငံစာရင်းကောင်စီက ပြဋ္ဌာန်းထားသော စာရင်းစံများအရ အဆိုပါကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်းနှင့်အတူ အဆိုပါကုမ္ပဏီနှင့်တကွ ဤဥပဒေအရဖြစ်စေ၊ သက်ဆိုင်ရာဥပဒေအရဖြစ်စေ ဘဏ္ဍာရေးရှင်းတမ်းပြုစုရမည့် လက်အောက်ခံကုမ္ပဏီများအားလုံးသည် အုပ်စုတစ်ခုလုံး၏ စုပေါင်းရေးဆွဲထားသည့် ဘဏ္ဍာရေးရှင်းတမ်းကို ပူးတွဲဖော်ပြရမည်။

(ခ) အကြောင်းတစ်ရပ်ရပ်ကြောင့် အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ၏ ဒါရိုက်တာများသည် ပုဒ်မခွဲ (က) ပါထုတ်ပြန်ချက်အားပြုစုရာတွင် လိုအပ်သည့် သတင်းအချက်အလက်များကို ရရှိနိုင်ခြင်းမရှိပါက လက်ကျန်ရှင်းတမ်းကို လက်မှတ်ရေးထိုးသောဒါရိုက်တာများသည် အဆိုပါကိစ္စရပ်အားစာဖြင့်ရေးသားတင်ပြရမည်ဖြစ်ပြီး ၎င်းတို့၏ အစီရင်ခံစာကိုအဆိုပါထုတ်ပြန်ချက်အစား လက်ကျန်ရှင်းတမ်းတွင် ပူးတွဲဖော်ပြရမည်။

(ဂ) အစုများပိုင်ဆိုင်သည့် ကုမ္ပဏီသည် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်လျက် လက်အောက်ခံကုမ္ပဏီတစ်ခုခုက ပုဒ်မ ၂၅၈ နှင့်အညီ ထိန်းသိမ်းထားရှိသော ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကိုစစ်ဆေးကြည့်ရှုရန်အတွက် ဆုံးဖြတ်ချက်တွင် အမည်ဖော်ပြပါရှိသော ကိုယ်စားလှယ်များကို ကြည့်ရှုခွင့်ပေးနိုင်သည်။ ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများကို ရုံးလုပ်ငန်းချိန်အတွင်း မည်သည့်အချိန်တွင်မဆို ထိုကိုယ်စားလှယ်များက စစ်ဆေးကြည့်ရှုနိုင်စေရန် ထားရှိရမည်။

(ဃ) ကုမ္ပဏီတွင်ပါဝင်သူများအား ပုဒ်မ ၂၆၈ အရအပ်နှင်းထားသည့် အခွင့်အရေးများကို အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတွင် ပါဝင်သူများကလက်အောက်ခံကုမ္ပဏီတစ်ခုခုနှင့် စပ်လျဉ်း၍ ၎င်းတို့သည် အဆိုပါလက်အောက်ခံကုမ္ပဏီတွင် ပါဝင်သူများဖြစ်သကဲ့သို့ ကျင့်သုံးဆောင်ရွက်နိုင်သည်။

**လက်ကျန်ရှင်းတမ်း၏ အစစ်အမှန်ဖြစ်မှု**

၂၆၄။ ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သောကုမ္ပဏီတစ်ခုက ထိန်းသိမ်းထားရှိရန် လိုအပ်သော လက်ကျန်ရှင်းတမ်းများကို ဒါရိုက်တာတစ်ဦးနှင့် အခြားအရာရှိတစ်ဦးက လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ဒါရိုက်တာတစ်ဦးတည်းရှိသည့် ကုမ္ပဏီဖြစ်လျှင် ထိုတစ်ဦးတည်းသော ဒါရိုက်တာက လက်မှတ်ရေးထိုးရမည်။

၂၆၅။ ဤအခန်းအရ လိုအပ်သော လက်ကျန်ရှင်းတမ်း (balance sheet) ကို ကုမ္ပဏီထံ ရှင်းလင်းတင်ပြရာတွင်လည်းကောင်း၊ ထိုရှင်းတမ်းကို ထုတ်ဝေရာတွင်လည်းကောင်း ပျက်ကွက်မှုတစ်စုံတစ်ရာပြုလုပ်ခဲ့ပါက သို့မဟုတ် ဘဏ္ဍာရေးရှင်းတမ်း၊ အရှုံးအမြတ်စာရင်း သို့မဟုတ် ဝင်ငွေနှင့်အသုံးစရိတ်စာရင်း သို့မဟုတ် အခြားဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများကို ပုဒ်မ ၂၆၀၊ ၂၆၂၊ ၂၆၃ နှင့် ၂၆၄ တို့ပါပြဋ္ဌာန်းချက်များအရ ပြုလုပ်ထားသည့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ထုတ်ဝေခြင်း၊ ဖြန့်ဝေခြင်း သို့မဟုတ် ထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့လျှင် ကုမ္ပဏီနှင့် ပျက်ကွက်မှုတွင် သိလျက်ဖြင့် တမင်ပါဝင်ဆောင်ရွက်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးစီသည် ဒဏ်ကြေးငွေကျပ်သိန်း ၅၀ ကို ပေးဆောင်ရမည်။

**မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည့် ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ၏မိတ္တူ**

၂၆၆။ (က) ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းအား ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး၌ ရှင်းလင်းတင်ပြပြီးသည့်အခါ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးတစ်ဦးဦးက လက်မှတ်ရေးထိုးထားသောယင်း၏ မိတ္တူတစ်စုံကို ပုဒ်မ ၉၇ တွင် ဖော်ပြပါရှိသော သတ်မှတ်ချက်များနှင့်အညီ ပြုစုထားသည့် နှစ်စဉ်ကုမ္ပဏီတွင် ပါဝင်သူများ၏ စာရင်းနှင့် အကျဉ်းချုပ်တို့၏ မိတ္တူများ တင်ပြသည့် အချိန်ကာလတွင် မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။

(ခ) ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများအား တင်ပြသည့် အထွေထွေအစည်းအဝေးသည်ယင်းဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများအား အတည်မပြုခဲ့လျှင် ထိုသို့ အတည်မပြုသည့်အချက်အလက်နှင့် အကြောင်းပြချက်များအတွက် ရေးသားဖော်ပြချက်တစ်ခုကို ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများတွင် ပူးတွဲထားရှိရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိထံ တင်ပြရမည့် စာရွက်စာတမ်းမိတ္တူတွင်လည်း ပူးတွဲထားရှိရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီတစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၆၇။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၆၆ ပါသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်အဆိုပါကုမ္ပဏီနှင့် ပျက်ကွက်မှုအား သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများတစ်ဦးစီသည် ဒဏ်ကြေးငွေကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

**ကုမ္ပဏီတွင် ပါဝင်သူများက ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာများ၏ မိတ္တူများကို ရယူပိုင်ခွင့်ရှိခြင်း**

၂၆၈။ ဤဥပဒေတွင်ပါရှိသော အခြားပြဋ္ဌာန်းချက်များမှတစ်ပါး ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးသည်ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ ကုမ္ပဏီက ပြုစုရသည့် ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများ၏ မိတ္တူများကို ရယူခွင့်ရှိသည်။

**မှတ်ပုံတင်အရာရှိက စုံစမ်းစစ်ဆေးခြင်း**

**မှတ်ပုံတင်အရာရှိက သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းဖော်ပြချက်များကို တောင်းခံခြင်း**

၂၆၉။ (က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ၎င်းထံသို့ ကုမ္ပဏီတစ်ခုက တင်ပြရန် လိုအပ်သည့် စာရွက်စာတမ်းများကို စိစစ်ပြီးနောက် အဆိုပါ စာရွက်စာတမ်းများတွင် သက်ဆိုင်သည့်ကိစ္စရပ်များအတွက် အချက်အလက်များ ပြည့်စုံမှုရှိစေရန်အလို့ငှာ သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းဖော်ပြချက်များ လိုအပ်နေသည်ဟုထင်မြင်ယူဆပါက မှတ်ပုံတင်အရာရှိသည် စာဖြင့်ရေးသားထားသော အကြောင်းကြားစာတစ်ရပ်ကို ထုတ်ပြန်၍ ထိုအကြောင်းကြားစာတွင် သတ်မှတ်ပေးထားသည့် အချိန်ကာလအတွင်း ဖော်ပြပါသတင်းအချက်အလက် သို့မဟုတ် ရှင်းလင်းဖော်ပြချက်ကို ကုမ္ပဏီက စာဖြင့်ရေးသား၍ တင်ပြစေရန် တောင်းဆိုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အကြောင်းကြားစာတစ်ရပ်ကို လက်ခံရရှိသည့်အခါ ကုမ္ပဏီ၏ဒါရိုက်တာများ သို့မဟုတ် အရာရှိများဖြစ်သည့် သို့မဟုတ် ဖြစ်ခဲ့သည့် ပုဂ္ဂိုလ်များသည် အဆိုပါသတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းဖော်ပြချက်များကို အကောင်းဆုံး ပြုစု၍ ပေးပို့တင်ပြရန် တာဝန်ရှိသည်။

(ဂ) အဆိုပါသတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းဖော်ပြချက်များကို လက်ခံရရှိသည့်အခါမှတ်ပုံတင်အရာရှိသည် ၎င်းထံသို့ တင်ပြထားသော မူလစာရွက်စာတမ်းများတွင်ယင်းတို့အား ပူးတွဲထားနိုင်သည်။ မှတ်ပုံတင်အရာရှိက ပူးတွဲထားရှိသော နောက်ဆက်တွဲ စာရွက်စာတမ်းတစ်ရပ်ရပ်ကို စစ်ဆေးဆောင်ရွက်ခြင်း၊ မိတ္တူများကူးယူခြင်းတို့တွင် မူလစာရွက်စာတမ်းများနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကဲ့သို့ပင် လိုက်နာဆောင်ရွက်ရမည်။

(ဃ) အဆိုပါသတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းဖော်ပြချက်များကို သတ်မှတ်ကာလအတွင်း ပြုစုတင်ပြနိုင်ခြင်းမရှိခဲ့လျှင် သို့မဟုတ် မှတ်ပုံတင်အရာရှိက အဆိုပါ သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းဖော်ပြချက်များကို ဖတ်ရှုပြီးနောက် မေးမြန်းထားသည့် စာရွက်စာတမ်းတွင် သိလိုသော အကြောင်းအရာများကို ပြုစုတင်ပြမှုမှာကျေနပ်လက်ခံနိုင်ဖွယ်မရှိကြောင်း၊ သက်ဆိုင်သည့်ကိစ္စရပ်အပေါ် ပြည့်စုံမှန်ကန်သည့်ဖော်ပြချက်များ မပါရှိကြောင်းတွေ့ရှိရလျှင် မှတ်ပုံတင်အရာရှိသည် အဆိုပါ အခြေအနေများကို စာဖြင့်ရေးသား၍ ပြည်ထောင်စုဝန်ကြီးထံ အစီရင်ခံတင်ပြရမည်။

(င) ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် မြီရှင်တစ်ဦးဦးက မှတ်ပုံတင်အရာရှိထံသို့ တင်ပြထားသောကိစ္စရပ်များ၌ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းကို မြီရှင်များအပေါ် လိမ်လည်တင်ပြမှုများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သို့မဟုတ် ကုမ္ပဏီနှင့် ဆက်သွယ်လုပ်ကိုင်နေသူများအပေါ် လိမ်လည်တင်ပြမှုများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သို့မဟုတ် လိမ်လည် လှည့်ဖြားလိုသော သဘောဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလာလျှင် မှတ်ပုံတင် အရာရှိသည် စာဖြင့်ရေးသားထားသော အကြောင်းကြားစာဖြင့် ကုမ္ပဏီသို့ ကြားနာဆောင်ရွက်ရန် အခွင့်အရေးပေးပြီးနောက် အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလအတွင်း အကြောင်းကြားစာတွင် သတ်မှတ်ပါရှိသည့်ကိစ္စရပ်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းတင်ပြချက်များအတွက် ကုမ္ပဏီအား ခေါ်ယူမေးမြန်းနိုင်သည်။ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် ပုဒ်မ ၂၇၀ တို့တွင်ပါရှိသော ပြဋ္ဌာန်းချက်များသည် အဆိုပါအမိန့်နှင့် သက်ဆိုင်စေရမည်။ မှတ်ပုံတင်အရာရှိသည် စုံစမ်းစစ်ဆေးမှုပြုပြီးနောက် ဤပုဒ်မခွဲအရအရေးယူ ဆောင်ရွက်ခဲ့သည့် တင်ပြချက်တစ်ရပ်ရပ်သည် အရေးမယူလောက်သောကိစ္စဖြစ်သည် သို့မဟုတ် အနှောင့်အယှက်ဖြစ်စေသော ကိစ္စဖြစ်သည်ဟု တွေ့ရှိရလျှင် မှတ်ပုံတင်အရာရှိသည် အဆိုပါ သတင်းပေးတင်ပြသူ၏ အချက်အလက်များကို ကုမ္ပဏီသို့ အသိပေးရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အခြေခံပညာရေး ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

### အခန်း (၇)
### အရည်အသွေးအကဲဖြတ်ခြင်းနှင့် အာမခံခြင်း

၂၁။ ကောင်စီသည် အမျိုးသားပညာရေးမူဝါဒကော်မရှင်က ချမှတ်ထားသော မူဝါဒများနှင့်အညီ၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီနှင့် ညှိနှိုင်းလျက် အခြေခံပညာအဆင့်အားလုံး၏ အရည်အသွေးအာမခံမှုအတွက် အတွင်းအရည်အသွေးအာမခံမှုနှင့် ပြင်ပအရည်အသွေးအာမခံမှု လုပ်ငန်းနှစ်ရပ်ပါဝင်သော အခြေခံပညာအရည်အသွေးအာမခံမှုစနစ်တစ်ရပ်ကို ထူထောင်ရမည်။

၂၂။ ဝန်ကြီးဌာနသည် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီနှင့် ညှိနှိုင်းလျက် အခြေခံပညာကျောင်းများ၏ ပြင်ပအရည်အသွေးအာမခံမှုအကဲဖြတ်ခြင်းကို ဆောင်ရွက်နိုင်ရန် သီးခြားဦးစီးဌာနတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုအား တာဝန်ပေးရမည်။

၂၃။ အခြေခံပညာကျောင်းများအားလုံးသည် ပြင်ပအရည်အသွေးအာမခံမှုအကဲဖြတ်ခြင်းကို အနည်းဆုံး ငါးနှစ်လျှင် တစ်ကြိမ်ခံယူရမည်။ ထိုအကဲဖြတ်ရလဒ်များကို သက်ဆိုင်ရာဦးစီးဌာနများသို့ တင်ပြရမည့်အပြင် အများပြည်သူ သိရှိနိုင်ရန်လည်း စီစဉ်ထားရမည်။

၂၄။ အခြေခံပညာကျောင်းများ၏ အတွင်းအရည်အသွေးအာမခံမှုကို အကဲဖြတ်ရာတွင်-

(က) မိမိတို့ကျောင်းအလိုက် အကဲဖြတ်သုံးသပ်ခြင်းနှင့်

(ခ) သက်ဆိုင်ရာဦးစီးဌာနများက တာဝန်ပေးအပ်သော ကျောင်းအရည်အသွေးအာမခံမှုအဖွဲ့ များက အကဲဖြတ်သုံးသပ်ခြင်းတို့ပါဝင်ရမည်။

၂၅။ အခြေခံပညာကျောင်းများ၏ အတွင်းအရည်အသွေး စစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်များတွင် ဆရာများ၊ မိဘများနှင့် ရပ်ရွာလူထုတို့ ပူးပေါင်းပါဝင်ခွင့် ရှိသည်။

၂၆။ ဦးစီးဌာနနှင့် သက်ဆိုင်ရာဦးစီးဌာနများသည် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ကော်မတီ၏ သတ်မှတ်ချက်များနှင့်အညီ အခြေခံပညာကျောင်းများ၏ အတွင်း အရည်အသွေးအာမခံမှုအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) အခြေခံပညာကျောင်းများအတွက် အရည်အသွေးစစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်များ ရေးဆွဲသတ်မှတ်ခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့တွင် အတွင်းအရည်အသွေးအာမခံမှု အကဲဖြတ်အဖွဲ့များ ထားရှိတာဝန်ပေးအပ်ပြီး စဉ်ဆက်မပြတ်အကဲဖြတ်ဆောင်ရွက်ရန် လမ်းညွှန်ခြင်းနှင့် ယင်းအဖွဲ့များ၏ တင်ပြချက်များကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) အခြေခံပညာကျောင်းများတွင် အတွင်းအရည်အသွေးအာမခံမှုစနစ် ထူထောင်ထားရှိ ဆောင်ရွက်ရန် ပံ့ပိုးလမ်းညွှန်ခြင်း၊

(ဃ) အခြေခံပညာရေးကဏ္ဍ၏ အတွင်းအရည်အသွေးအာမခံမှုလုပ်ငန်းများကို ဆောင်ရွက်သည့် ဝန်ထမ်းများ၏ စဉ်ဆက်မပြတ်စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) ပြင်ပအရည်အသွေးအာမခံမှု အကဲဖြတ်အဖွဲ့များက လိုအပ်သော အချက်အလက်များ တောင်းခံလာပါက အခြေခံပညာကျောင်းများ၊ ရုံးများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) အရည်အသွေးအကဲဖြတ်မှုရလဒ်ကို အခြေပြု၍ အခြေခံပညာရေးစနစ်၏ အညွှန်းကိန်းများကို လေ့လာသုံးသပ်ရာတွင် အထောက်အကူဖြစ်စေရန် အတွက် ပညာရေးသုတေသန လုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

### အခန်း (၈)
### အခြေခံပညာရေးစီမံခန့်ခွဲမှု

၂၇။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ကောင်စီ၏ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် မိမိတို့နှင့် သက်ဆိုင်သည့် အခြေခံပညာကျောင်းများ၏ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုကို တာဝန်ယူဆောင်ရွက်ရမည်။

၂၈။ ဝန်ကြီးဌာနသည် အခြေခံပညာရေးကဏ္ဍ၏ စီမံခန့်ခွဲမှုကို ဗဟိုချုပ်ကိုင်မှု လျှော့ချပြီး ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျောင်းများတွင် အဆင့်အလိုက် တာဝန်ယူဆုံးဖြတ် လုပ်ဆောင်ခွင့်ရရှိစေရန် ဆောင်ရွက်ပြီး စီမံခန့်ခွဲမှုအဆင့် တစ်ဆင့်ချင်းစီအတွက် လုပ်ပိုင်ခွင့်နှင့် တာဝန်များကို သတ်မှတ်ပေးရမည်။

၂၉။ နိုင်ငံတော်က သတ်မှတ်သည့် အခမဲ့မသင်မနေရ ပညာရေးအပါအဝင် အခြေခံပညာရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များ၌ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေး၊ စီစဉ်ဆောင်ရွက်ရေး၊ ပံ့ပိုးရေးနှင့် လေ့လာကြီးကြပ်ရေးတို့အတွက် ပညာရေးကော်မတီများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းလျက် ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၀။ အခြေခံပညာကျောင်းအသီးသီးတွင် ကျောင်းအရည်အသွေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံဉာဏ်များပေးရန်၊ ပံ့ပိုးဆောင်ရွက်ရန်နှင့် လေ့လာကြီးကြပ်ရန် ကျောင်းစီမံခန့်ခွဲမှုကော်မတီကို ဆရာ၊ မိဘနှင့် ရပ်ရွာလူထုပါဝင်မှုဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၁။ ဝန်ကြီးဌာနသည် ပုဒ်မ ၂၉ နှင့် ၃၀ ပါ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ပညာရေး ကော်မတီများ၊ ကျောင်းစီမံခန့်ခွဲမှုကော်မတီများ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

၃၂။ ဦးစီးဌာနနှင့် သက်ဆိုင်ရာဦးစီးဌာနများသည် မိမိတို့၏ အခြေခံပညာကျောင်းများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ် ပြဋ္ဌာန်းသော သင်ရိုးညွှန်းတမ်းကို အခြေခံပညာကျောင်းအားလုံးတွင် ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် လေ့လာကြီးကြပ်ခြင်း၊

(ခ) အခြေခံပညာကျောင်းများတွင် ပညာရေးဆိုင်ရာ အဆောက်အအုံ၊ အသုံးအဆောင်များ၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီပြီး လုံခြုံမှုရှိသည့် သင်ကြားသင်ယူမှုဝန်းကျင်ဖြစ်ရန် စီမံဆောင်ရွက်ခြင်း၊

(ဂ) အခြေခံပညာရေးကဏ္ဍနှင့် သက်ဆိုင်သည့်ဝန်ထမ်းများ၏ လုပ်ငန်းအလိုက် ရာထူးအဆင့်များနှင့် တာဝန်ဝတ္တရားများ သတ်မှတ်ရေး၊ ခန့်ထားရေး၊ ပြောင်းရွှေ့ရေး၊ ရာထူးတိုးမြှင့်ရေး၊ ရာထူးအဆင့်အလိုက် လိုအပ်သော တာဝန်ယူမှု၊ တာဝန်ခံ မှုရှိရေးနှင့် စဉ်ဆက်မပြတ် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စီမံဆောင်ရွက်ခြင်း၊

(ဃ) အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက သတ်မှတ်ထားသော အမျိုးသားအဆင့်အညွှန်းကိန်းများဖြင့် အခြေခံပညာရေးအဆင့်အလိုက် အကောင်အထည်ဖော်မှုကို လေ့လာကြီးကြပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း၊

(င) စာရင်းအင်းများ တိကျမှန်ကန်ပြီး အရည်အသွေးမြင့်မားသည့် ပညာရေးစာရင်းအင်းစနစ်ကို အကောင်အထည်ဖော်ရန်အတွက် ကျောင်းအဆင့်မှစ၍ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်နှင့် ဦးစီးဌာနအဆင့်တို့တွင် စနစ်တကျ ကြီးကြပ်ကွပ်ကဲမှုဖြင့် တိကျမှန်ကန်သော စာရင်းအင်းများကို ကောက်ယူခြင်း၊ အဆင့်ဆင့် တင်ပြခြင်းနှင့် သတ်မှတ်ကာလများတွင် လိုအပ်သော စာရင်းချုပ်များကို ထုတ်ပြန်ကြေညာခြင်း၊

(စ) အခြေခံပညာရေးအဆင့် စီမံကိန်းနှင့် စီမံချက်များကို ပြည်တွင်း၊ ပြည်ပအဖွဲ့ အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၃၃။ ဦးစီးဌာနသည် အခြေခံပညာကျောင်းအားလုံးနှင့် စပ်လျဉ်းသည့် အောက်ပါလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရမည် -

(က) အခြေခံပညာကျောင်းအားလုံးသို့ ကျောင်းသုံးစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများ အပါအဝင် ကျောင်းအသုံးအဆောင်နှင့် အထောက်အပံ့များကို ဖြည့်ဆည်းပေးခြင်း၊

(ခ) အခြေခံပညာရေးအဆင့်အလိုက် ပြီးမြောက်ကြောင်း စာမေးပွဲများကို တတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲကျင်းပခြင်းဆိုင်ရာ နည်းစနစ်များနှင့်အညီ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) အတွင်းအရည်အသွေး အကဲဖြတ်မှုများနှင့် ပြင်ပအရည်အသွေးအကဲဖြတ်မှု အစီရင်ခံစာများအပေါ် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု အကဲဖြတ် ကော်မတီ၏ သုံးသပ်အကြံပြုချက်များကို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ခြင်း။

၃၄။ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော ဦးစီးဌာနသည် အခြေခံပညာရေးအဆင့်အလိုက် ကောက်ယူသော ပညာရေးဆိုင်ရာ သတင်းအချက်အလက်များကို ဝန်ကြီးဌာန၏ ပညာရေး စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်တွင် ပုံမှန်ထည့်သွင်းတွက်ချက် စိစစ်အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

၃၅။ အခြေခံပညာရေးကဏ္ဍရှိ စီမံခန့်ခွဲသူအားလုံးသည် ဘဏ္ဍာငွေစီမံခန့်ခွဲမှုကို တာဝန်ခံမှု၊ ပွင့်လင်း မြင်သာမှုနှင့် ပြည်သူလူထုအကျိုး ရှေးရှုမှုဟူသော အခြေခံမူများဖြင့် ဆောင်ရွက်ရမည်။

၃၆။ အခြေခံပညာရေးကို သင်ကြားပေးလျက်ရှိသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ ကြီးကြပ်ခြင်းကို သက်ဆိုင်ရာဥပဒေအရဖွဲ့စည်းသည့် ကြီးကြပ်ရေးအဖွဲ့က ဆောင်ရွက်ရမည်။

### အခန်း (၉)
### အခြေခံပညာဆရာများ

၃၇။ ကောင်စီသည် အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်မည့် ဆရာများ၏ အရည်အချင်းနှင့် စွမ်းဆောင်ရည်ဆိုင်ရာစံများကို ပညာရေးအဆင့်အလိုက် ခွဲခြားသတ်မှတ် ပေးရမည်။

၃၈။ ပညာရေးစီမံခန့်ခွဲသူများသည် အခြေခံပညာကျောင်းများ၏ အတွင်းအရည်အသွေး အာမခံမှု လုပ်ငန်းတစ်ရပ်အနေဖြင့် ဆရာများ၏ စွမ်းဆောင်ရည်ကို နှစ်စဉ်အကဲဖြတ်ရမည်။

၃၉။ ဆရာများသည် အောက်ဖော်ပြပါ အခွင့်အရေးများ ရပိုင်ခွင့်ရှိသည် -

(က) သတ်မှတ်ချက်နှင့်ကိုက်ညီပါက မိမိတာဝန်ထမ်းဆောင်နေသော ပညာရေးအဆင့် အတွင်းမှာပင် ရာထူးအဆင့် တိုးမြှင့်ရရှိပိုင်ခွင့်၊

(ခ) သင်ရိုးညွှန်းတမ်းနှင့် ကိုက်ညီသော သင်နည်းစနစ်များကို လွတ်လပ်စွာ ရွေးချယ်ခွင့်၊

(ဂ) မိမိတို့လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရေးအတွက် အစဉ်လေ့လာသင်ယူခွင့်၊

(ဃ) တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော အသင်းနှင့် အဖွဲ့အစည်းများတွင် ပါဝင်ခွင့်။

၄၀။ ဆရာများသည် အောက်ဖော်ပြပါ တာဝန်များကို ထမ်းဆောင်ရမည်-

(က) မိမိလုပ်ငန်းအပေါ်တွင် တာဝန်သိစိတ်၊ တာဝန်ယူစိတ်၊ တာဝန်ခံနိုင်သော စိတ်ဓာတ်ဖြင့် ဆောင်ရွက်ပြီး ကျောင်းသားများအတွက် စံနမူနာကောင်းဖြစ်ရေး၊

(ခ) ကျောင်းစာသင်ချိန်အတွင်း သတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်းများ ပြီးမြောက်သည် အထိ သင်ကြားသည့်အပြင် ကျောင်းသားများအတွက် ခေတ်နှင့်လျော်ညီသော အသိပညာ၊ အတတ်ပညာများနှင့် ကျွမ်းကျင်မှုများ ရရှိစေရန်အတွက် သင်ကြားပေးရေး။

၄၁။ ဝန်ကြီးဌာနသည် အစိုးရကျောင်းများရှိ ဆရာများအား ယင်းတို့ တာဝန်ထမ်းဆောင် နေသော ပညာရေးအဆင့်အတွင်း အရည်အချင်း၊ အတွေ့အကြုံ၊ စွမ်းဆောင်ရည်နှင့် ထူးချွန်မှုအလိုက် ရာထူးအဆင့် တိုးမြှင့်ခြင်း၊ ချီးမြှင့်ခြင်းနှင့် နေရာပြောင်းရွှေ့ခြင်းတို့ကို စီမံ ဆောင်ရွက်ရမည်။

၄၂။ ဆရာများသည် ပညာရေးအဆင့်တစ်ခုမှ အခြားတစ်ခုသို့ ကူးပြောင်းတာဝန် ထမ်းဆောင်လိုပါက ထိုအဆင့်အတွက် လိုအပ်သော သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံမှသာ ထမ်းဆောင်ခွင့်ရှိသည်။

၄၃။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏ သင်ကြားမှုစွမ်းဆောင်ရည် များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောင်းအခြေပြု ဆရာအတတ်ပညာ အစီအစဉ်များ အပါအဝင် လေ့လာသင်ယူရန် အခွင့်အလမ်းများ ဖန်တီးပေးရမည်။

### အခန်း (၁၀)
### ကျောင်းသား၊ မိဘနှင့်ပြည်သူလူထု၏ အခြေခံပညာရေးဆိုင်ရာ အခွင့်အရေးနှင့် တာဝန်များ

၄၄။ အခြေခံပညာကျောင်းများတွင် တက်ရောက်သင်ယူနေသော ကျောင်းသားများသည် အောက်ဖော်ပြပါ အခွင့်အရေးများ ရရှိစေရမည် -

(က) အခြေခံပညာကို ပြီးမြောက်သည်အထိ သင်ယူခွင့်၊

(ခ) သက်ဆိုင်ရာအဆင့်အလိုက် တက်ရောက်နိုင်သော နည်းပညာနှင့်သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးကျောင်းများသို့ ကူးပြောင်းတက်ရောက်လိုက ကူးပြောင်းတက်ရောက်ခွင့်၊

(ဂ) ပညာသင်ဆုနှင့် ထောက်ပံ့ကြေးများကို သတ်မှတ်ချက်များနှင့်အညီ လူမျိုး၊ ဘာသာ၊ အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုမရှိဘဲ ခံစားခွင့်၊

(ဃ) အခြေခံပညာကျောင်းများတွင် ကျောင်းကောင်စီနှင့် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှု အသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခွင့်။

၄၅။ အခြေခံပညာကျောင်းများတွင် တက်ရောက်သင်ယူနေသော ကျောင်းသားများသည် အောက်ဖော်ပြပါ တာဝန်များကို ထမ်းဆောင်ရမည် -

(က) နိုင်ငံတော်ကသတ်မှတ်သည့် အခမဲ့မသင်မနေရ ပညာရေးအဆင့် ပြီးမြောက်သည်အထိ သင်ယူရေး၊

(ခ) ကျောင်းသားတိုင်းသည် ကျောင်းစည်းကမ်းများကို လိုက်နာပြီး ပညာကို ကြိုးစားလေ့လာ သင်ယူ၍ ပူးပေါင်းဆောင်ရွက်ရေး၊

(ဂ) ကိုယ်ကျင့်တရားကောင်းမွန်ပြီး ပြည်သူ့နီတိနှင့် ဒီမိုကရေစီအလေ့အကျင့်များ၊ လူ့အခွင့်အရေးများကို တန်ဖိုးထားသည့်အပြင် တာဝန်သိစိတ်၊ တာဝန်ယူစိတ်၊ စူးစမ်းရှာဖွေ လေ့လာလိုသော စိတ်နှင့် အမြင်ကျယ်မှုရှိသော လူသားကောင်းများဖြစ်လာရန်အတွက် ကြိုးစားအားထုတ်ရေး။

၄၆။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် အောက်ဖော်ပြပါ အခွင့်အရေးများ ရရှိစေရမည်-

(က) ဤဥပဒေ ပုဒ်မ ၇ အရ တည်ထောင်ဖွင့်လှစ်ထားသော မည်သည့်ကျောင်းတွင်မဆို သတ်မှတ်ချက်နှင့် ညီညွတ်ပါက မိမိကလေးကို ကျောင်းအပ်ပိုင်ခွင့်၊

(ခ) အခြေခံပညာကျောင်းများ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကျောင်းအရည်အသွေး မြင့်မားရေးတို့အတွက် ကျောင်းနှင့် ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(ဂ) ကျောင်းသားများကို တာဝန်သိစိတ်၊ တာဝန်ယူစိတ်၊ စူးစမ်းရှာဖွေ လေ့လာလိုသော စိတ်နှင့် အမြင်ကျယ်မှုရှိသော လူသားကောင်းများဖြစ်စေရေးနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိဘဆရာအသင်းက ဆောင်ရွက်သော ဆွေးနွေးပွဲများနှင့် သင်တန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်။

၄၇။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် အောက်ဖော်ပြပါ တာဝန်များကို ထမ်းဆောင်ရမည်-

(က) မိမိတို့၏ ကျောင်းနေအရွယ်ကလေးများကို အခြေခံပညာသင်ယူပြီးမြောက်ရေးအတွက် သက်ဆိုင်ရာကျောင်းသို့ ကျောင်းအပ်နှံရေး၊ ကျောင်းနေမြဲရေးနှင့် ယင်းပညာရေးအဆင့် ပြီးမြောက်သည်အထိ သင်ယူစေရေး၊

(ခ) မိမိတို့ကလေး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ စဉ်ဆက်မပြတ် သင်ယူမှုအခွင့်အလမ်းများ ရှိစေရန်နှင့် သင်ယူမှုဝန်းကျင်ကောင်း ဖန်တီးပေးရန်တို့အတွက် ဆရာ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ရေး။

၄၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာလူထုသည် ကျောင်းဘက်စုံဖွံ့ဖြိုးရေးအတွက် ပံ့ပိုးမှုများနှင့် အကြံဉာဏ်များပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်။

၄၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာလူထုသည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည် -

(က) မိမိရပ်ရွာဒေသရှိ ကျောင်းနေအရွယ်ကလေးများကို အခြေခံပညာပြီးမြောက်ရေးအတွက် ဝိုင်းဝန်းကူညီရေး၊

(ခ) အခြေခံပညာကျောင်းမရှိသော ကျေးရွာများတွင် ကျောင်းပညာရေးနှင့် ကျောင်းပြင်ပနှင့် တစ်သက်သာပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးရေး၊

(ဂ) ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်စေရန်နှင့် အသိဉာဏ်ပညာ မြင့်မားစေရန်တို့အတွက် ရပ်ရွာအခြေပြုပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ရေး။

### အခန်း (၁၁)
### ဘဏ္ဍာရေး

၅၀။ မူကြိုပညာရေး၊ သူငယ်တန်းပညာရေးနှင့် အခြေခံပညာရေးအဆင့်အလိုက် ပညာရေးလုပ်ငန်းများအတွက် နှစ်စဉ်ဘဏ္ဍာငွေလိုအပ်ချက်ကို ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာနများက ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြတောင်းခံရမည်။

၅၁။ ဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများ၊ ရုံးများနှင့် ကျောင်းများသည် ပြည်တွင်းပြည်ပ ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သတ်မှတ်ချက်နှင့်အညီ စိစစ်လက်ခံနိုင်သည်။

၅၂။ ဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများ၊ ရုံးများနှင့် ကျောင်းများသည် -

(က) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီသုံးစွဲပြီး စာရင်းဇယားမှတ်တမ်းများကို အလှူရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

(ခ) ပုဒ်မ ၅၁ အရ လက်ခံရရှိသော ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို ပညာရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် ထိရောက်စွာ သုံးစွဲရမည်။

(ဂ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုကို ခံယူရမည်။

### အခန်း (၁၂)
### အထွေထွေ

၅၃။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို တည်ထောင်ခွင့်ပြုခြင်းနှင့် ပညာရေး လုပ်ငန်းများ၌ ပုဂ္ဂလိကအခန်းကဏ္ဍ၏ ပူးပေါင်းပါဝင်ခြင်းတို့ကို သက်ဆိုင်ရာ ဥပဒေများ နှင့်အညီ ဆောင်ရွက်ရမည်။

၅၄။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ကောင်စီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနတို့ သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၅။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ပညာရေးဆိုင်ရာဥပဒေများအရ ထုတ်ပြန်ခဲ့ သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ဆက်လက်ကျင့်သုံးနိုင်သည်။

၅၆။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအခြေခံပညာရေးဥပဒေ (ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။



# စောင့်ကြည့်ရဦးမယ့် လီဗာပူးရဲ့ ကွက်လပ်နဲ့ ဗန်ဒစ်ရဲ့ အားဖြည့်မှု

● အောင်က

**ဆောင်းရာသီဈေးကွက် မစတင်ခင်ကတည်းက ပရီမီယာလိဂ်ကို လှုပ်ခတ်သွားတာက ဆောက်သမ်တန် ခံစစ်မှူး ဗန်ဒစ်ရဲ့ လီဗာပူးအသင်းကို ပေါင် ၇၅ သန်းနဲ့ပြောင်းရွှေ့မှုဖြစ်ပါတယ်။ ဒီပြောင်းရွှေ့မှုဟာ နောက်တန်းကစားသမားတွေထဲမှာတော့ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့မှုတစ်ခုလည်း ဖြစ်ပါတယ်။ ဆောက်သမ်တန်အသင်းဟာ ပြီးခဲ့တဲ့ နွေရာသီဈေးကွက်က ဗန်ဒစ်ကို ရောင်းထုတ်ဖို့ ငြင်းဆန်ခဲ့ပေမယ့် အခုတော့ စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၇၅သန်းကိုတော့ တွန်းလှန်နိုင်ခြင်းမရှိတော့ဘူးလို့ပြောရမှာပါ။ ဒါကြောင့်လည်း အခုတော့ ဗန်ဒစ်ဟာ အန်းဖီးလ်ကွင်းကို ရောက်နေခဲ့ပြီလည်း ဖြစ်ပါတယ်။**

### လီဗာပူးရဲ့ခံစစ်အခြေအနေ

ပြီးခဲ့တဲ့ ရှစ်နှစ်အတွင်း လီဗာပူးအသင်းဟာ ပရီမီယာလိဂ်မှာ ထိပ်တန်းအဆင့်မှာ ရပ်တည်နိုင်ဖို့အတွက် ကြိုးစားရုန်းကန်နေခဲ့ရတဲ့အသင်း ဖြစ်ပါတယ်။ အဲဒီရှစ်နှစ်ကာလအတွင်းမှာ လီဗာပူးအသင်းဟာ ထိပ်ဆုံးလေးသင်း ဝင်ရောက်နိုင်ခဲ့တာဟာ နှစ်ကြိမ်ပဲရှိပါတယ်။ အဲဒီနှစ်ကြိမ်လုံးမှာ လီဗာပူးအသင်းဟာ တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့ပေမယ့် ခံစစ်ပိုင်းကလည်း ညံ့တဲ့အသင်းအဖြစ် ရှိနေခဲ့ပါတယ်။ ၂၀၁၃-၁၄ ရာသီက ဆိုရင်လည်း လီဗာပူးအသင်းဟာ ဆုဖလားရရှိဖို့အထိ နီးစပ်မှုရှိခဲ့ပါတယ်။ အဲဒီရာသီမှာ လီဗာပူးအသင်းဟာ ရဂိုးအနေနဲ့ ၁၀၁ ဂိုးအထိရှိနေခဲ့ပေမယ့် ပေးဂိုးက ၅၀ အထိရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ ရာသီကဆိုရင်လည်း လီဗာပူးအသင်းဟာ ၇၈ ဂိုးသွင်းယူနိုင်ခဲ့ပေမယ့် ပေးဂိုး ၄၂ ဂိုးရှိခဲ့ပါတယ်။ ဒီနှစ်ရာသီမှာဆိုရင်လည်း ထိပ်ဆုံးခြောက်သင်းထဲမှာဆို သူ့ထက်ပိုပြီး ဂိုးပေးရတဲ့ အသင်းက အာဆင်နယ်တစ်သင်းတည်းသာရှိပါတယ်။ ဒါကြောင့် ဒီနှစ်ရာသီတွေအတွင်း လီဗာပူးအသင်းရဲ့ အဓိကအားနည်းချက်က ခံစစ်လို့ပဲ ပြောရမှာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ လက်ရှိပရီမီယာလိဂ်ထိပ်တန်းအသင်းကြီးတွေထဲမှာ ခံစစ်အညံ့ဆုံးအသင်း လို့ပြောရလောက်အောင်ကို ပေးဂိုးတွေက များလွန်းတယ်။ ဒါကြောင့် မန်နေဂျာ ဂျာဂျင်ကလော့ရဲ့ ဦးဆောင်မှုနဲ့အတူ ဂိုးသမား မစ်နိုလက်၊ လိုဗရန်၊ မိုရီနိုတို့ဟာ ဝေဖန်မှုတွေကို အပြင်းအထန်ခံနေခဲ့ရတာလည်း ဖြစ်ပါတယ်။ ဒါကြောင့် အခုလို အခြေအနေတွေကို ဗန်ဒစ်အနေနဲ့ အကောင်းဆုံးဖြတ်ကျော်ပေးနိုင်မလားဆိုတာကလည်း စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။ ဒါပေမယ့်ပြီးခဲ့တဲ့ ရာသီတွေအတွင်းက ဗန်ဒစ်ရဲ့စွမ်းဆောင်မှုတွေနဲ့ရလဒ်တွေက လီဗာပူးအသင်းအတွက် အပေါင်း လက္ခဏာဆန်တဲ့ ရလဒ်မျိုးတွေကို ရယူပေးနိုင်မယ်လို့ ပြောရမှာ ဖြစ်ပါတယ်။

### ဆောက်သမ်တန်ရဲ့ကြယ်တင်ရှင်

ဆောက်သမ်တန်အသင်းမှာ ဗန် ဒစ်ကစားခဲ့တဲ့ အခြေအနေ အချက်အလက်တွေအရပြောရမယ်ဆိုရင် ဗန်ဒစ်ဟာ လီဗာပူးအသင်းရဲ့ခံစစ်ပိုင်းအတွက် သေချာပေါက် တိုးတက်မှုတွေရရှိအောင် လုပ်ဆောင်ပေးနိုင်မယ့်ကစားသမားတစ်ဦးလို့တော့ ကောက်ချက်ဆွဲရမှာဖြစ်ပါတယ်။ ဗန်ဒစ်ဟာ ၂၀၁၅ ခု နှစ်က စကော့တလန်ကလပ်ဆဲလ်တစ်အသင်းကနေ ဆောက်သမ်တန်အသင်းကို ပေါင် ၁၃ သန်းနဲ့ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး အသင်းနဲ့အတူ ပရီမီယာလိဂ်မှာ ပွဲထွက်ကစားခွင့် ၆၆ ပွဲ ရရှိထားခဲ့တဲ့ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ သူကစားခဲ့တဲ့အတောအတွင်း ဆောက်သမ်တန်အသင်းကို ၄၀ ရာခိုင်နှုန်း အောင်မြင်မှုရရှိအောင်စွမ်းဆောင်ပေးထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဗန်ဒစ်ရဲ့ ဆောက်သမ်တန်အသင်းအပေါ်အကျိုးပြုနိုင်မှုဟာ ကြီးမားလွန်းခဲ့တယ်ဆိုတာကတော့ အမှန်လို့ဆိုရမှာပါ။ ဗန်ဒစ်အနေနဲ့ ပွဲထွက်ကစားခွင့် မရခဲ့တဲ့ ၂၆ ပွဲမှာတော့ အောင်မြင်မှုရာခိုင်နှုန်းဟာ ဇောက်ထိုးကျဆင်းခဲ့ပြီး ၂၆ ပွဲမှာ အောင်မြင်မှုရာခိုင်နှုန်းဟာ ၂၆ ဒသမ ၉၀ သာရှိပါတယ်။ ဒါ့အပြင် ဂိုးပေးရမှုကိုကြည့်မယ်ဆိုရင်လည်း ဗန်ဒစ်မပါဝင်တဲ့ပွဲတွေမှာ ဂိုးပေးရမှုဟာ တစ်ပွဲမှာ ၁ ဒသမ ၄ ရာခိုင်နှုန်းကနေ ၁ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပါတယ်။ ဒါ့အပြင် တိုက်စစ်ပိုင်းကိုကြည့်မယ်ဆိုရင်လည်း ဗန်ဒစ်ပါဝင်တဲ့ ပွဲတွေမှာဆိုရင် တစ်ပွဲမှာဂိုးရရှိမှုဟာ ၁ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပြီး ဆောက်သမ်တန်အသင်းမှာ သူ့ရဲ့စွမ်းဆောင်မှုတွေကို ယှဉ်ပြိုင်နိုင်မယ့် ကစားသမားမရှိဘူးလို့ ပြောရမယ်။




### ကစားသမားတိုင်းနှင့် ယှဉ်နိုင်သူ

ဗန်ဒစ်အနေနဲ့ လီဗာပူးရှာဖွေနေတဲ့ ဆုဖလားတွေကို ရယူနိုင်ဖို့အတွက် ကူညီပေးနိုင်မလားဆိုရင်တော့ သူ့ရဲ့ ယခင်ရာသီတွေက စွမ်းဆောင်မှုတွေကိုကြည့်ပြီး ပြောရမယ်ဆိုရင်တော့ လီဗာပူးအသင်းအတွက် တိုးတက်မှုတွေရယူပေးနိုင်မယ့် ကစားသမားတစ်ဦးအဖြစ် တွေ့ရမှာကတော့ အမှန်လို့ ပြောရမှာပါ။ ဗန်ဒစ်ဟာ ပရီမီယာလိဂ်မှာ ၂၀၁၅ ခုနှစ်ကတည်းက စတင်ပွဲထွက်ကစားခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်ကတည်းက ဗန်ဒစ်ဟာ အမြင့်ဘော ယှဉ် လုနိုင်မှုဟာ ၃၂၁ ကြိမ်ရှိခဲ့ပြီး သူ့ကို ယှဉ်နိုင်တဲ့ အခြား ပရီမီယာလိဂ် ကစားသမားမရှိသေးပါဘူး။ သူဟာ ပရီမီယာလိဂ်မှာ ကစားနေခဲ့စဉ်အတွင်း ကြားဖြတ်လုယူနိုင်မှုပေါင်း ၁၇၉ ကြိမ်ရှိခဲ့ပြီး သူထက်ကြားဖြတ်လုယူနိုင်မှုပိုကောင်းတဲ့ ကစားသမားဟာ ပရီမီယာလိဂ်မှာ ခုနစ်ဦးသာရှိပေမယ့် လီဗာပူးအသင်းကစားသမားတွေတော့ လုံးဝမပါဝင်ပါဘူး။ ဒါကြောင့်လည်း ဗန်ဒစ်ဟာ လီဗာပူးအသင်းရဲ့ အဓိကလစ်ဟာနေတဲ့ခံစစ်ပိုင်းပြဿနာကိုတော့ အကောင်းဆုံးဖြည့်တင်းပေးနိုင်မယ့် ကစားသမားတစ်ဦးအဖြစ်ရှိလာနိုင်တယ်လိုသာ မျှော်လင့်မိပါတော့တယ်။ ။

**ဗန်ဒစ်ဟာ ပရီမီယာလိဂ်မှာ ၂၀၁၅ ခုနှစ်ကတည်းက စတင်ပွဲထွက် ကစားခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန် ကတည်းက ဗန်ဒစ်ဟာ အမြင့်ဘော ယှဉ်လုနိုင်မှုဟာ ၃၂၁ ကြိမ်ရှိခဲ့ပြီး သူ့ကို ယှဉ်နိုင်တဲ့ အခြားပရီမီယာလိဂ် ကစားသမား မရှိသေးပါဘူး။ သူဟာ ပရီမီယာလိဂ်မှာ ကစားနေခဲ့စဉ်အတွင်း ကြားဖြတ်လုယူနိုင်မှုပေါင်း ၁၇၉ ကြိမ်ရှိခဲ့ပြီး သူထက်ကြားဖြတ်လုယူနိုင်မှုပိုကောင်းတဲ့ ကစားသမားဟာ ပရီမီယာလိဂ်မှာ ခုနစ်ဦးသာရှိပေမယ့် လီဗာပူးအသင်းကစားသမားတွေတော့ လုံးဝမပါဝင်ပါဘူး။**

## မန်ယူထက် ရီးရဲကို ဒိုင်ဘာလာ ရွေးချယ်နိုင်ကြောင်း မက်ဆီယူဆထား



ဂျူဗင်တပ်စ်အသင်း တိုက်စစ်မှူး ဒိုင်ဘာလာသည် မန်ယူအသင်းထက် ရီးရဲမက်ဒရစ် အသင်းသို့ ပြောင်းရွှေ့ရန် ရွေးချယ်ဖြစ်နိုင်သည်ဟု ဘာစီလိုနာ အသင်း တိုက်စစ်မှူး လီယွန်နယ်မက်ဆီက ယူဆထားကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အာဂျင်တီးနားကစားသမား မက်ဆီနှင့် တစ်နိုင်ငံတည်းသားဖြစ်သူ တိုက်စစ်မှူး ဒိုင်ဘာလာအား မန်ယူ၊ ရီးရဲမက်ဒရစ်တို့အပြင် ဘာစီလိုနာအသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ မန်ယူအသင်းတိုက်စစ်မှူး လူကာကူ ဒဏ်ရာရရှိသွားခြင်းကြောင့် မန်ယူအသင်းအနေဖြင့် ဒိုင်ဘာလာအား ခေါ်ယူရေး ကြိုးပမ်းမှုကို ပိုမိုအရှိန်မြှင့်ကြိုးစားလာဖွယ်ရှိပြီး ဒိုင်ဘာလာကို ခေါ်ယူနိုင်ရေးအတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၇၀အပြင် တောင်ပံကစားသမား မီခီတာရန်ကိုပါ အလိုက်ပေးကမ်းလှမ်းဖွယ်ရှိသည်ဟု ဆိုသည်။

ရီးရဲမက်ဒရစ်အသင်းအနေဖြင့် လာမည့် နွေရာသီဈေးကွက်ကာလအတွင်းတွင် တိုက်စစ်ကို ပြင်ဆင်မှုများ ပြုလုပ်သွားရန် ရည်ရွယ်ထားပြီး ချယ်လ်ဆီးကစားသမား ဟာဇက်၊ အက်သလက်တီကိုတိုက်စစ်မှူး ဂရစ်ဇ်မန်နှင့် အင်တာမီလန်တိုက်စစ်မှူး အိုင်ကာဒီတို့ကို ခေါ်ယူလိုသည့် စာရင်းတွင် ထည့်သွင်းထားသော်လည်း ဒိုင်ဘာလာသည် ရီးရဲအသင်းက ခေါ်ယူရန် အဓိက ပစ်မှတ်ထားခြင်းခံနေရသူဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

အသက် ၂၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒိုင်ဘာလာသည် ဂျူဗင်တပ်စ်အသင်းနည်းပြ အယ်လီဂရီနှင့် ဆက်ဆံရေးမပြေလည်မှုများ ရှိနေသော်လည်း ယခုနှစ် ဘောလုံးရာသီတွင် ဂျူဗင်တပ်စ်အသင်းအတွက် စုစုပေါင်း ၂၆ ပွဲ ပါဝင်ကစားထားကာ ၁၇ ဂိုး သွင်းယူထားသူ ဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းသည် လာမည့် နွေရာသီဈေးကွက်ကာလအတွင်း အသင်းမှ ထွက်ခွာဖြစ်ဖွယ်ရှိသူ ဝေလ တောင်ပံကစားသမား ဂါရတ်ဘေးလ်၏ နေရာတွင် အစားထိုးရန် ရည်ရွယ်ထားခြင်းဖြစ်သည်ဟု မက်ဆီက ယူဆထားသည်။ တောင်ပံကစားသမား ဂါရတ်ဘေးလ်အား မန်ယူ၊ ချယ်လ်ဆီးနှင့် ဂါရတ်ဘေးလ်၏အသင်းဟောင်း စပါးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး ဒိုင်ဘာလာသည် ၂၀၁၇ ခုနှစ် ဧပြီလအတွင်းတွင် ဂျူဗင်တပ်စ်အသင်းနှင့် ၂၀၂၂ ခုနှစ်အထိ သက်တမ်းရှိ စာချုပ်သစ် ချုပ်ဆိုခဲ့သူဖြစ်သည်။

**ထက်အောင်**

## ၂၀၁၇ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးကစားသမားအဖြစ် မက်ဆီရွေးချယ်ခံရ

စပိန်သတင်းစာ မာကာမှ ကြီးမှူးကျင်းပခဲ့သည့် မဲစစ်တမ်းကောက်ယူမှုတစ်ခုအရ ဘာစီလိုနာအသင်းတိုက်စစ်ကစားသမား လီယွန်နယ်မက်ဆီသည် ၂၀၁၇ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ကစားသမားအဖြစ် မဲပေးရွေးချယ်ခံခဲ့ရကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ အာဂျင်တီးနားကစားသမား မက်ဆီသည် သူ၏ အဓိကပြိုင်ဘက်ဖြစ်သူ ရီးရဲမက်ဒရစ်ကစားသမား ခရစ္စတီယာနိုရော်နယ်ဒိုကို ဖြတ်ကျော်ကာ မဲအများဆုံး ရရှိခဲ့ခြင်းဖြစ်သည်။

စပိန်အားကစားနေ့စဉ်သတင်းစာ မာကာသည် မက်ဒရစ်မြို့တွင် အခြေစိုက်သည့် ထိပ်တန်းသတင်းစာတစ်စောင်ဖြစ်သည်။ မာကာသတင်းစာက ၂၀၁၇ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးကစားသမားအား မဲပေးရွေးချယ်ရာတွင် ဆုဖလားများ ရရှိခြင်းထက်တစ်ဦးချင်း စွမ်းဆောင်ရည်အပေါ် မူတည်ကာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟုဆို သည်။

ပေါ်တူဂီကစားသမား ရော်နယ်ဒို (၃၂နှစ်)သည် ၂၀၁၇ ခုနှစ် Ballon d'Or ဆု ရရှိခဲ့သော်လည်း မာကာသတင်းစာမှ ကောက်ယူခဲ့သည့် စစ်တမ်းအရ မက်ဆီ၏ ဖြတ်ကျော်မှုကို ခံခဲ့ရခြင်းဖြစ်သည်။

မာကာသတင်းစာမှ ကောက်ယူခဲ့သည့် စစ်တမ်းအရ ၂၀၁၇ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးကစားသမား ၁၀၀ ဦးစာရင်းတွင် မက်ဆီ၊ ရော်နယ်ဒိုတို့နောက်၌ အစ္စကို၊ ဟယ်ရီကိန်း၊ မိုဒရစ်၊ အမ်ဘာပီ၊ ဘူဖွန်၊ နေမာ၊ ဆာဂျီယိုရာမို့စ်၊ ကီဗင်ဒီဘရိုင်းစသည့် ကစားသမားများက ရပ်တည်နိုင်ခဲ့ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

**ထက်အောင်**



## အက်ဖ်အေဖလား

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၅-၁-၁၈** |
| လီဗာပူး | - | အဲဗာတန် | နံနက် ၂း၂၅ |
| မန်ယူ | - | ဒါဘီ | နံနက် ၂း၃၀ |
| **စနေနေ့** | | | **၆-၁-၁၈** |
| ဖလိဒ်စ်ဝုဖ် | - | လက်စတာ | ည ၇း၁၅ |
| မစ်ဒယ်ဘရော့ | - | ဆန်းဒါးလန်း | ည ၇း၃၀ |
| အစ်ဝှစ်ချ် | - | ရှက်ဖီးလ်ယူ | ည ၉း၃၀ |
| ဝက်ဖို့ဒ် | - | ဘရစ္စတိုးလ် | ည ၉း၃၀ |
| ဘာမင်ဂမ် | - | ဘာတန် | ည ၉း၃၀ |
| ဗီလာ | - | ပီတာဘရော့ချ် | ည ၉း၃၀ |
| ဘုန်းမောက် | - | ဝီဂန် | ည ၉း၃၀ |
| ကိုဗင်ထရီ | - | စတုတ် | ည ၉း၃၀ |
| ဘော်လ်တန် | - | ဟက်ဒါဖီးလ် | ည ၉း၃၀ |
| ယိုဗေးလ် | - | ဘရက်ဖို့ဒ် | ည ၉း၃၀ |
| ဘရန့်ဖို့ဒ် | - | နော့ကောင်တီ | ည ၉း၃၀ |
| ကျူပီအာ | - | မီလ်တန် | ည ၉း၃၀ |
| အိတ်စ်ထရာ | - | ဝက်စ်ဘရွန်း | ည ၉း၃၀ |
| ဒွန်ကက်စတာ | - | ရိုချာဒဲလ် | ည ၉း၃၀ |
| ဘလက်ဘန်း | - | ဟားလ် | ည ၉း၃၀ |
| ကာဒစ်ဖ် | - | မန်ဖီးလ် | ည ၉း၃၀ |
| မန်စီးတီး | - | ဘန်လေ | ည ၉း၃၀ |
| ဝုဖ် | - | ဆွမ်ဆီး | ည ၉း၃၀ |
| စတီဗင်နေ့ရှ် | - | ရက်ဒင်း | ည ၉း၃၀ |
| ကာဆယ် | - | လူတန်တောင်း | ည ၉း၃၀ |
| မီလ်ဝေါ | - | ဘန်စလေ | ည ၉း၃၀ |
| ဖူလ်ဟမ် | - | ဆောက်သမ်တန် | ည ၉း၃၀ |
| ဝိုင်ကမ်ဘီ | - | ပရက်စတန် | ည ၉း၃၀ |
| ကာလီစလေ | - | ရှက်ဖီးလ် | ည ၉း၃၀ |
| နော့ဝှစ်ချ် | - | ချယ်လ်ဆီး | နံနက် ၀၀း၀၀ |
| **တနင်္ဂနွေနေ့** | | | **၇-၁-၁၈** |
| နယူးပေါ့ | - | လိဒ်စ် | ည ၆း၃၀ |
| ရှူဗီဘရီ | - | ဝက်စ်ဟမ်း | ည ၈း၃၀ |
| စပါး | - | ဝင်ဘယ်ဒန် | ည ၉း၃၀ |
| နော်တင်ဟမ် | - | အာဆင်နယ် | ည ၁၀း၃၀ |
| **တနင်္လာနေ့** | | | **၈-၁-၁၈** |
| ဘရိုက်တန် | - | ပဲလေ့စ် | နံနက် ၂း၁၅ |

..............................................

## လိဂ်ဖလားဆီမီးဖိုင်နယ် ပ-ကျော့

| | | | |
|---|---|---|---|
| **အင်္ဂါနေ့** | | | **၉-၁-၁၈** |
| မန်စီးတီး | - | ဘရစ္စတိုးလ် | နံနက် ၂း၁၅ |
| **ဗုဒ္ဓဟူးနေ့** | | | **၁၀-၁-၁၈** |
| ချယ်လ်ဆီး | - | အာဆင်နယ် | နံနက် ၂း၃၀ |

..............................................

## စပိန်လီဂါပွဲစဉ်(၁၈)

| | | | |
|---|---|---|---|
| **စနေနေ့** | | | **၆-၁-၁၈** |
| အက်သလက် | - | ဂီတာဖေး | ည ၆း၀၀ |
| ဗလင်စီယာ | - | ဂျီရိုနာ | ည ၉း၄၅ |
| လက်ပဲလ်မက်စ် | - | အီဘာ | နံနက် ၀၀း၀၀ |
| ဆီဗီလာ | - | ဘက်တစ် | နံနက် ၂း၁၅ |
| **တနင်္ဂနွေနေ့** | | | **၇-၁-၁၈** |
| လီဂါနက်စ် | - | ဆိုစီဒက်စ် | ည ၅း၃၀ |
| ဘာစီလိုနာ | - | လီဗန်တေး | ည ၉း၄၅ |
| ဗီလာရီးရဲ | - | ဒီပို့တီဗို | နံနက် ၀၀း၀၀ |
| ဘီဘာအို | - | အလာဗက်စ် | နံနက် ၀၀း၀၀ |
| ဆဲလ်တာဗီဂို | - | ရီးရဲ | နံနက် ၂း၁၅ |
| **တနင်္လာနေ့** | | | **၈-၁-၁၈** |
| မာလာဂါ | - | အက်စ်ပန်ညို | နံနက် ၂း၃၀ |

..............................................

## စပိန်ဘုရင့်ဖလား ၁၆ သင်းအဆင့် ဒုကျော့

| | | | |
|---|---|---|---|
| **အင်္ဂါနေ့** | | | **၉-၁-၁၈** |
| အက်သလက်တီကို | - | အက်စ်ပေါ်တီယူ | နံနက် ၁း၀၀ |
| ဗလင်စီယာ | - | လက်ပဲလ်မက်စ် | နံနက် ၃း၀၀ |
| **ဗုဒ္ဓဟူးနေ့** | | | **၁၀-၁-၁၈** |
| အလာဗက်စ် | - | ဖော်မန်တီယာ | နံနက် ၁း၀၀ |
| ဗီလာရီးရဲ | - | လီဂါနက်စ် | နံနက် ၁း၀၀ |
| ရီးရဲ | - | နူမန်စီယာ | နံနက် ၃း၀၀ |
| **ကြာသပတေးနေ့** | | | **၁၁-၁-၁၈** |
| ဆီဗီလာ | - | ကာဒစ်ဇ် | နံနက် ၁း၀၀ |
| လီဗန်တေး | - | အက်စ်ပန်ညို | နံနက် ၁း၀၀ |
| ဘာစီလိုနာ | - | ဆဲလ်တာဗီဂို | နံနက် ၃း၀၀ |

အက်ဖ်အေဖလားပွဲစဉ်တွေကို လာမယ့် ဇန်နဝါရီ ၆ ရက်၊ ၇ရက်၊ ၉ ရက်တွေမှာကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်တွေအထဲမှာတော့ လီဗာပူးနဲ့ အဲဗာတန်တို့ဆုံတွေ့နေတဲ့ မာဆေးဆိုက်ဒ်ဒါဘီပွဲစဉ်ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒါ့ပြင် ဒီပွဲအပြီးမှာ လိဂ်ဖလားဆီမီးပွဲကစားရမယ့် မန်စီးတီး၊ ချယ်လ်ဆီး၊ အာဆင်နယ်တို့လည်း ဂိုးပြတ်နိုင်ပွဲတွေရယူနိုင်ပါ့မလားဆိုတာကိုစောင့်ကြည့်သွား ရဖို့ရှိနေပါတယ်။



# မာဆေးဆိုက်ဒါဘီမှာ အဲဗာတန်ကို ရှုံးပွဲတွေပေးမယ့် လီဗာပူး

## လီဗာပူး vs အဲဗာတန်

| | | | |
|---|---|---|---|
| လီဗာပူး | ၁ | - ၁ | အဲဗာတန် |
| သောကြာနေ့ | ၅-၁-၁၈ | | နံနက် ၂း၂၅ |

ပရီမီယာလိဂ်မှာဆုံခဲ့တုန်းခဲ့တုန်းက လီဗာပူးတို့ သရေသာကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း လီဗာပူးအနေနဲ့ ဒီပွဲမှာတော့ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့အတွက် အားစိုက်ကစားလာမှာသေချာနေပါတယ်။ အဲဗာတန်ကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း ကောင်းမွန်နေကာဒါဘီပွဲဖြစ်တာကြောင့် အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် လီဗာပူးအနိုင်ရနိုင်ပေမယ့်လည်း ဂိုးပြတ်အနိုင်ရဖို့တော့ ခက်ပါတယ်။



## နော်တင်ဟမ် vs အာဆင်နယ်

နော်တင်ဟမ် ၀ ၄ အာဆင်နယ်

နော်တင်ဟမ်ကအိမ်ကွင်းဖြစ်နေလို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့် နော်တင်ဟမ်အနေနဲ့ လိဂ်ချန်ပီယံရှစ်မှာတောင် ခြေစွမ်းပိုင်းတည်ငြိမ်မှုအားနည်းနေပါတယ်။ အာဆင်နယ်ကတော့ နောက်တစ်ဆင့် တက်ရောက်နိုင်ဖို့အမှားခံမှာမဟုတ်ပါဘူး။ အာဆင်နယ် လူစုံသုံးဖို့ခက်ပေမယ့် နိုင်ပွဲရမယ်။

## ဖလိဒ်စ်ဝုဖ် vs လက်စတာ

- - - -

အင်္ဂလန်ရဲ့ အသင်းငယ်လေးဖြစ်နေတဲ့ ဖလိဒ်စ်ဝုဖ်တောင်းအနေနဲ့ အိမ်ကွင်းဖြစ်ပေမယ့်လည်း လက်စတာကိုတော့ ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ အခုအချိန်မှာ လက်စတာခြေကလည်း ကောင်းမွန်နေကာ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့အတွက်လည်း အမှားခံမှာ မဟုတ်ပါဘူး။ အဝေးကွင်းမှာ လက်စတာကသာ နိုင်ပွဲရသွားမှာပါ။

## နော့ဝှစ်ချ် vs ချယ်လ်ဆီး

နော့ဝှစ်ချ် ၁ ၂ ချယ်လ်ဆီး

ချယ်လ်ဆီးအနေနဲ့လည်း နောက်တစ်ဆင့်တက်ဖို့ အမှားခံမှာမဟုတ်ပါဘူး။ နော့ဝှစ်ချ်က အိမ်ကွင်းဖြစ်ပေမယ့် လိဂ်ချန်ပီယံရှစ်မှာတောင် ခြေစွမ်းပိုင်း မငြိမ်တာတွေ့ရပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးက လိဂ်ဖလားဆီမီးဖိုင်နယ်ရှိနေတာကြောင့် လူစုံသုံးဖို့ခက်သလို ဂိုးပြတ်နိုင်ပွဲရယူနိုင်ဖို့လည်းမသေချာဘူး။

## မန်ယူ v ဒါဘီ

ဒါဘီ ၁ ၃ မန်ယူ

လိဂ်ဖလားပွဲကထွက်ခဲ့ရတဲ့ မန်ယူအနေနဲ့ ဒီအက်ဖ်အေဖလားပွဲမှာတော့ နောက်တစ်ဆင့်တက်နိုင်ဖို့ အားစိုက်ကစားလာဖို့ရှိနေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဒါဘီကတော့ လိဂ်ချန်ပီယံရှစ်မှာ ခြေစွမ်းပြနေတဲ့ အသင်းဖြစ်ပေမယ့်လည်း ဒီပွဲမှာတော့ မန်ယူတို့ ဂိုးပြတ်နိုင်ပွဲရသွားနိုင်ပါတယ်။

## ဝက်ဖို့ဒ် vs ဘရစ္စတိုးလ်

ဝက်ဖို့ဒ် ၂ ၃ ဘရစ္စတိုးလ်

ဘရစ္စတိုးလ်အနေနဲ့ လိဂ်ဖလားပွဲမှာ မန်ယူကိုတောင် အနိုင်ကစားနိုင်ခဲ့တာကြောင့် ဒီပွဲမှာလည်း နောက်တစ်ဆင့်တက်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် အဝေးကွင်းဖြစ်နေကာ ဝက်ဖို့ဒ်ကလည်း အိမ်ကွင်းပွဲတွေမှာ ကစားပုံကောင်းမွန်တတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာတော့ ဝက်ဖို့ဒ်ကသာ နိုင်ပွဲရသွားနိုင်ကာ နောက်တစ်ဆင့်တက်ရောက်နိုင်မှာပါ။

## စပါး vs ဝင်ဘယ်ဒန်

- - - -

အိမ်ကွင်းဖြစ်တဲ့အပြင် စပါးတို့နောက်တစ်ဆင့် တက်နိုင်ဖို့ အမှားခံမှာ မဟုတ်ပေမယ့် လူစုံသုံးဖို့တော့ ခက်ပါတယ်။ ဝင်ဒယ်ဒန်ကလည်း အသင်းငယ်တစ်သင်းသာဖြစ်ပေမယ့် ခံစစ်အားပြုကစားလာမှာဖြစ်တယ်။ ဒါကြောင့် ဒီပွဲမှာ စပါးအနေနဲ့ အနိုင်ရမှာဖြစ်ပေမယ့်လည်း ဂိုးပြတ်ဖို့တော့ မသေချာဘူး။

## ဘုန်းမောက် vs ဝီဂန်

ဝီဂန် ၁ ၃ ဘုန်းမောက်

ပရီမီယာလိဂ်မှာ ဘုန်းမောက်ရဲ့ လက်ရှိခြေစွမ်းက ပျက်ယွင်းနေတယ်ဆိုပေမယ့် အိမ်ကွင်းဖြစ်နေတာကြောင့် နောက်တစ်ဆင့် တက်ရောက်နိုင်ဖို့အတွက် အားစိုက်လာမှာဖြစ်သလို ဝီဂန်ခြေကလည်း အားနည်းမှုတွေ ရှိနေတာကြောင့် ဒီပွဲမှာတော့ ဘုန်းမောက်ကသာ နိုင်ပွဲရသွားမှာပါ။

## မန်စီးတီး vs ဘန်လေ

မန်စီးတီး ၃ ၀ ဘန်လေ

ပရီမီယာလိဂ်မှာ ဆုံခဲ့တုန်းက မန်စီးတီးတို့ သုံးဂိုးပြတ်အနိုင်ရခဲ့ပါတယ်။ ဘန်လေအနေနဲ့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေတယ်ဆိုပေမယ့် ခံစစ်ပိုင်း အနည်းငယ်ကျဆင်းလာတာကိုတော့ သတိပြုရမှာပါ။ မန်စီးတီးတို့ လူစုံသုံးဖို့ခက်ပေမယ့် နောက်တစ်ဆင့်တက်နိုင်ဖို့ အမှားခံမှာမဟုတ်ပါဘူး။ မန်စီးတီးတို့အိမ်ကွင်းလည်းဖြစ်လို့ နိုင်ပွဲရဖို့သေချာတယ်။

## ကိုဗင်ထရီ vs စတုတ်

ကိုဗင်ထရီ ၁ ၂ စတုတ်

ကိုဗင်ထရီက အသင်းငယ်လေးတစ်သင်း ဖြစ်တယ်ဆိုပေမယ့် အိမ်ကွင်းဖြစ်နေတာကြောင့် အားစိုက်ကစားလာမှာ ဖြစ်သလို စတုတ်ကလည်း အဝေးကွင်းပွဲတွေဆိုရင် တိုက်စစ်ပိုင်းကစားပုံက အားနည်းမှုတွေရှိတတ်ပါတယ်။ ဒါကြောင့် ဒီပွဲမှာ စတုတ်တို့ နောက်တစ်ဆင့် တက်နိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် နိုင်ရင်တောင် ဂိုးပြတ်ဖို့ခက်တယ်။

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၀၂)

# အိန္ဒိယ၊ မြန်မာ ဥပဒေရေးရာ



**ဦးဟန်ညွန့် (ဥပဒေ)**

**ဥပဒေစာအုပ်ဆိုင်များ**

ဥပဒေကျောင်းသားဘဝတွင် ဥပဒေစာအုပ်များ ဝယ်ယူဖတ်ရှုရသည်။ ရန်ကုန်တွင် ဥပဒေစာအုပ်ဆိုင်များ ပန်းဆိုးတန်းတွင်ရှိသည်။ လမ်းဘေးစာအုပ်ဆိုင်များလည်း များစွာရှိသည်။ အင်းဝ (AVA) စာအုပ်ဆိုင်မှာ ဥပဒေစာအုပ်များ အတော်စုံလင်သည်။

နိုင်ငံခြားက စာအုပ်တွေ အတော်များများရှိသည်။ ဝန်ကြီးဌာနနှင့် ရုံးများ၊ သုတေသီများ အလိုရှိသော (အထူးမှာကြားလျှင်) နိုင်ငံခြားမှပင် မှာယူဝယ်ပေးသည်။ အိန္ဒိယမှ ဥပဒေစာအုပ်များ ထင်ရှားသည်။ လူကြိုက်များသည်။ အိန္ဒိယမှ ဥပဒေပညာရှင်များ၊ တရားသူကြီးများ၊ ရှေ့နေကြီးများ၏ ဥပဒေရေးသားချက်၊ သုံးသပ်ချက်တွေက ထင်ရှားလှသည်။ အသေးစိတ်သည်။ စီရင်ထုံးတွေ၊ ငြင်းချက်တွေကလည်း ပြောင်မြောက်သည်။ နည်းနာယူစရာတွေ ပေါလှသည်။ ယခုအခါ ရှားပါးစပြုလာသော ဥပဒေစာအုပ် (အချို့) ရှိသည်။ အိန္ဒိယရောက်လျှင်တော့ ဝယ်ဦးမည်။ တကယ်ပင် အိန္ဒိယသို့ ခရီးကြုံခဲ့သည်။

**နယူးဒေလီ**

အိန္ဒိယဥပဒေစာအုပ်ဆိုင်များကို (နယူးဒေလီမြို့သို့ ကျွန်တော်ရောက်ခိုက်) ဆိုင်အစုံမသွားနိုင်ခဲ့ပါ။ ၂၀၁၇ နိုဝင်ဘာ ၁၅ မှ ၁၉ အထိ သုံးရက်မျှသော အားလပ်သည့်အချိန်မရှိ။ အစည်းအဝေး ဆက်တိုက် တက်ရသည်။ အားသည့်အချိန်ကလေးမှာ ဥပဒေစာအုပ်ဆိုင်များသို့ အပြေးအလွှားသွားခဲ့ရသည်။ ထင်ရှားသောသမိုင်းဝင်နေရာ၊ ပြတိုက်တွေလည်း လေ့လာချင်သေးသည်။ ဘာပဲဖြစ်ဖြစ် ထင်ရှားသော၊ စာအုပ်တွေ စုံလင်သော JAIN Book AGENEY (4) သို့ရောက်ခဲ့သည်။ Metro Station Gate No: 2 တွင်ရှိသည်။

**အခြေခံဥပဒေ**

အိန္ဒိယအခြေခံဥပဒေသည် ကမ္ဘာကျော်သည်။ လေ့လာစရာတွေ၊ အားကျစရာတွေ များသည်။ စေ့စပ်သည်။ အုပ်ချုပ်ပုံနူးညံ့သည်။ သိမ်မွေ့သည်။ ဒီမိုကရေစီ ပီပြင်သည်။ အခြေခံဥပဒေအကြောင်း ရေးသားသည့် ဥပဒေစာအုပ်တွေကလည်း အများကြီး။ ဥပဒေပညာရှင်များစွာက သုံးသပ်ချက်အစုံ၊ ရှုထောင့်အစုံကရေးသည့် (ဝေဖန်ထားသည့်) စာအုပ်တွေ ဒုနှင့်ဒေး။ သို့ဖြစ်၍ အစိုးရထုတ် အခြေခံဥပဒေစာအုပ်ကိုမှ ရွေးပြီးမေးဝယ်ခဲ့သည်။ ဆိုင်ပိုင်ရှင်က စိတ်ရှည်စွာ ထုတ်ပြသည်။ အဆိုပါစာအုပ်ကို ကျွန်တော်ဝယ်ခဲ့သည်။ (စာအုပ်ပုံ ခေါင်းစီးတွင်ပြထားပါသည်)

**ဥပဒေရေးရာ သိကောင်းစရာ**

အိန္ဒိယနိုင်ငံတွင် အခြေခံဥပဒေကို ၁၉၄၉ နိုဝင်ဘာ ၂၆ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ထိုနေ့ကို **ဖွဲ့စည်းပုံ အခြေခံဥပဒေနေ့**အဖြစ် သတ်မှတ်ထားသည်။ သူတို့နိုင်ငံမှာလည်း အခြေခံဥပဒေကို ပြင်ဆင်ကြတာပါပဲ။ ကြည့်ပါလား။




**၁၀၁ ကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ**ကို တွေ့မြင်ဖတ်ရှုရသည်။ ၂၀၁၆ ခုနှစ်အထိ ဖြစ်ပါသည်။ ၂၀.၁၁.၂၀၁၆ အထိ ပြင်ဆင်ချက်များပါဝင်သော အခြေခံဥပဒေစာအုပ်ဖြစ်ပါသည်။ ပြင်တာ ရက်စရာ မဟုတ်ပါ။

အခန်းပေါင်း ၂၂ ခန်း (ပုဒ်မပေါင်း ၃၉၅) နောက်ဆက်တွဲဇယား ၁၂ ခုပါရှိသည်။

**ပြည်ထောင်စုလွှတ်တော်**

ပြည်ထောင်စုလွှတ်တော်တစ်ခုရှိသည်။ သမ္မတ၊ ပြည်နယ်များကောင်စီ၊ ပြည်သူ့လွှတ်တော် (နှစ်ရပ် ပါဝင်လျက်) ဖွဲ့စည်းထားပါသည်။ [ **ပုဒ်မ ၇၉** ]

**ပြည်နယ်များကောင်စီ**

ပြည်နယ်များကောင်စီတွင် သမ္မတမှ အဆိုပြုသည့် ပုဂ္ဂိုလ် ၁၂ ဦး၊ ပြည်ထောင်စုနယ်မြေနှင့် ပြည်နယ်များမှ ရွေးကောက်ခံကိုယ်စားလှယ် ၂၃၈ ဦး မပိုသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည်။ [**ပုဒ်မ ၈၀** ]

**ပြည်သူ့လွှတ်တော်**

ပြည်သူ့လွှတ်တော်တွင် ပြည်နယ်များရှိ မဲဆန္ဒနယ်များမှ တိုက်ရိုက် ရွေးကောက်တင်မြှောက်သည့် ၅၃၀ ထက် မပိုသည့် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုနယ်မြေအတွက် လွှတ်တော်က သတ်မှတ်သည့် နည်းလမ်းဖြင့် ရွေးချယ်သည့် ကိုယ်စားလှယ် ၂၀ တို့ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။ [**ပုဒ်မ ၈၁** ]

**ဖျက်သိမ်းခြင်းမပြုရ**

ပြည်နယ်များကောင်စီမှ ကိုယ်စားလှယ်သုံးပုံတစ်ပုံက တာဝန်ထမ်းဆောင်သည့်ကာလ နှစ်နှစ်ပြည့်မြောက်၍ အနားယူသည့် ကိစ္စမှအပ ပြည်နယ်များကောင်စီကို ဖျက်သိမ်းခြင်းမပြုရ။ [**ပုဒ်မ ၈၃ (၁)** ]

**၅ နှစ်**

ပြည်သူ့လွှတ်တော်၏ သက်တမ်းသည် ပထမအစည်းအဝေး စတင်သည့်နေ့မှ ၅ နှစ်အထိဖြစ်ကြောင်း သတ်မှတ်သည်။ [**ပုဒ်မ ၈၃ (၂)** ]

**သမ္မတ၏ အခွင့်အာဏာ**

သမ္မတသည် လွှတ်တော်နှစ်ရပ်လုံးကိုဖြစ်စေ၊ လွှတ်တော်တစ်ရပ်ရပ်ကိုဖြစ်စေ ကာလတစ်ခုအထိ အခါအားလျော်စွာ ရပ်နားထားစေနိုင်သည်။ ပြည်သူ့လွှတ်တော်ကို ဖျက်သိမ်းနိုင်သည်။ [**ပုဒ်မ ၈၅(၂)** ]

**ဒုတိယသမ္မတ**

ဒုတိယသမ္မတသည် ရာထူးအလျောက် ပြည်နယ်များကောင်စီ၏ဥက္ကဋ္ဌဖြစ်သည်။ [**ပုဒ်မ ၈၉(၁)** ]

ပြည်သူ့လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကို လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ရမည်။ [**ပုဒ်မ ၉၃** ]

**ဥပဒေကြမ်းများ**

ဥပဒေကြမ်းများကို လွှတ်တော်တစ်ရပ်ရပ်မှ စတင်၍ တင်သွင်းရမည်။ [**ပုဒ်မ ၁၀၇(၁)** ]

ဥပဒေကြမ်းတစ်ရပ်ကို လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုမှသာ ဥပဒေအဖြစ် ထုတ်ပြန်ရသည်။ [**ပုဒ်မ ၁၀၇ (၂)** ]

**လွှတ်တော်သို့ သဝဏ်လွှာ**

ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ လွှတ်တော်တစ်ရပ်က အတည်ပြုပြီး အခြားလွှတ်တော်တစ်ရပ်က အတည်မပြုလျှင်ဖြစ်စေ၊ သဘောမတူလျှင်ဖြစ်စေ၊ သမ္မတသည် လွှတ်တော်ကျင်းပသည့်အချိန်ဖြစ်ပါက လွှတ်တော်သို့ သဝဏ်လွှာပေးပို့၍လည်းကောင်း၊ လွှတ်တော်ကျင်းပသည့်အချိန် မဟုတ်ပါက ကြေညာချက်ထုတ်ပြန်၍လည်းကောင်း ဥပဒေကြမ်းကို ဆွေးနွေးရန်နှင့် မဲပေးရန်အတွက် လွှတ်တော်နှစ်ရပ်ပေါင်း၍ ကျင်းပဆောင်ရွက်ရန် ဆင့်ဆိုနိုင်သည်။ [ **ပုဒ်မ ၁၀၈** ]

**လွှတ်တော်နှစ်ရပ်လုံး**

ဥပဒေကြမ်းတစ်ရပ်ကို လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုပါက သမ္မတထံသို့ တင်ပြရပါသည်။ ထိုဥပဒေကြမ်းကို သမ္မတက အတည်ပြုကြေညာနိုင်ပါသည်။ သို့မဟုတ် သဘောထားမှတ်ချက်ဖြင့် လွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်ပါသည်။ သမ္မတ၏ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်က ပြန်လည်ဆွေးနွေးဆောင်ရွက်ပါသည်။ ထိုသို့ဆောင်ရွက်ပြီးနောက် လွှတ်တော်က သမ္မတထံသို့ တင်ပြလာသည့် ဥပဒေကြမ်းကို သမ္မတက အတည်ပြုထုတ်ပြန်ပါသည်။[ **ပုဒ်မ ၁၁၁** ]

**ရွေးထုတ်**

အိန္ဒိယအခြေခံဥပဒေထဲက (အခန်းပေါင်း ၂၂ ခန်းထဲက) လွှတ်တော်နှင့် ဥပဒေပြုရေးအကြောင်း **သင့်နိုးရာရာ**တို့ကို (ရွေးထုတ်ဘာသာပြန်) ဖော်ပြခြင်းမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် အိန္ဒိယ၊ မြန်မာဥပဒေရေးရာဟု ဆောင်းပါးခေါင်းစဉ်အမည်ကို ယေဘုယျအမည်ပေးလိုက်ခြင်းဖြစ်ပါသည်။

**အိန္ဒိယအခြေခံဥပဒေအကြောင်းကို မြန်မာရှေ့နေတစ်ဦးက လေ့လာအားကျဖော်ပြခြင်းဟုလည်း မှတ်ယူနိုင်ပါမည်။ ပုံတူကူးစေခြင်းမဟုတ်ပါ။**

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ကို ပြင်ဆင်ဖို့ စီမံဆောင်ရွက်နေချိန်မှာ ကောင်းနိုးရာရာ၊ သင့်နိုးရာရာ၊ လေ့လာဆင်ခြင်ဖွယ်ရာ၊ သင်ခန်းစာယူဖွယ်ရာများ၊ မှတ်သားစရာများ မှတ်စုပြု တင်ပြသည့်သဘောဟု ပြောနိုင်ပါသည်။ ဉာဏ်မီသမျှ ဗဟုသုတဝေငှသည့် မေတ္တာဟုလည်း ခံယူနိုင်ပါမည်။ အုတ်တစ်ချပ် သဲတစ်ပွင့်ပမာလည်း ခံယူနိုင်ပါသေးသည်။

**စေတနာ**

(၁) အိန္ဒိယနိုင်ငံသည် ဥပဒေရေးရာတွင် စံပြုရသော နိုင်ငံကြီး။

(၂) ရှေ့နေလောကမှာလည်း ထင်ရှားသည့် ရှေ့နေများ ဒုနှင့်ဒေး။

(၃) ဤအရေး၊ ဤအတွေးများကြောင့် **“အိန္ဒိယ၊ မြန်မာ ဥပဒေရေးရာ”** ဟု အိန္ဒိယအခြေခံဥပဒေမှ ကောက်နုတ်ချက်အချို့ကို ဖော်ပြပေးသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ။ ။

**“အိန္ဒိယနိုင်ငံတွင် အခြေခံဥပဒေကို ၁၉၄၉ နိုဝင်ဘာ ၂၆ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ထိုနေ့ကို ဖွဲ့စည်းပုံအခြေခံဥပဒေနေ့အဖြစ် သတ်မှတ်ထားသည်။။ သူတို့နိုင်ငံမှာလည်း အခြေခံဥပဒေကို ပြင်ဆင်ကြတာပါပဲ။ ကြည့်ပါလား၊ ၁၀၁ ကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေကို တွေ့မြင်ဖတ်ရှုရသည်။ ၂၀၁၆ ခုနှစ်အထိ ဖြစ်ပါသည်”**

# ဆောင်းမြေပဲ မျိုးစေ့ချ ကွင်းသရုပ်ပြပွဲ လက်တွေ့ပြသ



**ခန္တီး ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခန္တီးခရိုင် မိုပိုင်းလွတ်မြို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးကျင်းပသော ဆောင်းမြေပဲ (ဆင်းပဒေသာ- ၁၁) မျိုး BMP ကွင်းသရုပ်ပြစိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက်က ရပ်ကွက် ၁ နေ တောင်သူဦးမောင်ဝင်း၏ လယ်ကွင်းအမှတ် (၇)/နမ်ပွန်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝေက တက်ရောက်လာကြသော ဌာနဆိုင်ရာဝန်ထမ်းများနှင့် တောင်သူများ၊ ကောက်စိုက်သူများအား စိုက်စနစ်မှန်ကန်စေရေးနှင့် ပျိုးပင်စိုက်ပျိုးမှုစနစ်ကျပြီး မှန်ကန်စေရန်၊ သဘာဝမြေသြဇာထည့်ရာတွင် သတ်မှတ်ရက်နှင့် လအလိုက် မှန်ကန်စေရန်နှင့် နည်းစနစ်များ၊ သိရှိလိုသည်များကို အကူအညီ တောင်းခံနိုင်ကြောင်းတို့ကို မှာကြားပြီး ဆောင်းမြေပဲ မျိုးစေ့ချ ကွင်းသရုပ်ပြပွဲအား စုပေါင်းလက်တွေ့စိုက်ပျိုးကြသည်။

အဆိုပါသရုပ်ပြပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ B.C ဦးလှဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူများ စုစုပေါင်း ၅၄ ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ရှိန်းလေး (မိုပိုင်းလွတ်)**

# လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်

**ဂန့်ဂေါ ဇန်နဝါရီ ၄**

နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက်က ဂန့်ဂေါမြို့နယ် သမဝါယမဦးစီးဌာန၌ ကျင်းပရာ အကြီးတန်းပြိုင်ပွဲတွင် ရှစ်ဖွဲ့နှင့် အငယ်တန်းပြိုင်ပွဲတွင် ရှစ်ဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် တစ်ယောက်ချင်းပြိုင်ပွဲများအပြင် နှစ်ယောက်တွဲပြိုင်ပွဲများလည်း ကျင်းပကြပြီး ဆုများကို ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**၁၀၁**

# မူခင်းအသိပညာပေးယာဉ်ဖြင့် ဟောပြော

**မုဒုံ ဇန်နဝါရီ ၄**

မွန်ပြည်နယ်ရဲမှူး ရဲမှူးကြီး ဘိုဘိုဦး၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ပြည်နယ်ရဲတပ်ဖွဲ့ မူခင်းအသိပညာပေး ပြခန်းမော်တော်ယာဉ်သည် ဒီဇင်ဘာလနောက်ဆုံးပတ်က ပြည်နယ်ရဲအကူတပ်ဖွဲ့မှ ဒုရဲမှူး ထွန်းနိုင်ထွေးနှင့် မြို့နယ်ရဲမှူး (မုဒုံ) ရဲမှူး မြအောင်တို့သည် မုဒုံမြို့နယ် ကလော့သော့ကျေးရွာ ကလော့သော့ အထကကျောင်းတွင် မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါး များနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောမှုပြုလုပ်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ရဲအုပ်ညီညီထွေးက သက်ငယ်မုဒိမ်းမှု၊ ရဲအုပ်သိန်းဇော်မြင့်က လူကုန်ကူးမှုခံရခြင်းနှင့်ပတ်သက်၍ ဟောပြောခဲ့ကြောင်း သိရသည်။

**မော်လမြိုင် (ကိုယ်ပွား)**

## မှုခင်းသတင်းတိုများ

### MPT ဆက်သွယ်ရေးတာဝါတိုင်မှ ကျပ်သိန်း၆၀ ခန့်တန်ဖိုးရှိ ဘက်ထရီအိုးများ ပျောက်ဆုံးမှုဖြစ်ပွား

မိတ္ထီလာမြို့နယ်၌ MPT ဆက်သွယ်ရေးတာဝါတိုင်မှ ဘက်ထရီအိုး သိန်း ၆၀ ဖိုးခန့် ပျောက်ဆုံးမှု ဒီဇင်ဘာ ၂၈ ရက်က ဖြစ်ပွားခဲ့၍ ဇန်နဝါရီ ၁ရက်က အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။ မန္တလေး-နေပြည်တော် အမြန်လမ်းမကြီးဘေး မိတ္ထီလာမြို့နယ် ဆပ်ပြာကျင်းကျေးရွာအုပ်စုအတွင်းရှိ MPT ဆက်သွယ်ရေးတိုင်အမှတ် (MDY-00253)၌ တပ်ဆင်ထားသော ဆက်သွယ်ရေးလိုင်း ပြတ်တောက်သွားကြောင်း ရန်ကုန်(ရုံးချုပ်)မှ အကြောင်းကြားသဖြင့် နေပြည်တော် ပန်းတင်ကျေးရွာ ABCT ကုမ္ပဏီမှ အင်ဂျင်နီယာ ကိုဇော်ဇော်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ ထိုတိုင်တွင် တပ်ဆင်ထားသော တစ်လုံးလျှင် ကျပ်သုံးသိန်းတန်ဖိုးရှိ ဘက်ထရီအိုး အလုံးနှစ်ဆယ် ပျောက်ဆုံးနေသည်ကို တွေ့ရသဖြင့် ဇန်နဝါရီ ၁ ရက်တွင် အလယ်ရွာရဲကင်းစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

### ပလောက်မြို့၌စိတ်ကြွရူးသွပ်ဆေးပြားရောင်းချသူတစ်ဦးအား ဖမ်းမိ

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ပြည်ခြားကျေးရွာအုပ်စု မျှစ်ချဉ်စုကျေးရွာအနီး ရာဘာတောထဲ၌ မူးယစ်ဆေးဝါး ရောင်းဝယ်ဖြန့်ဖြူးနေကြောင်း သတင်းအရ နယ်မြေရဲစခန်းမှ ရဲအုပ်ဝဏ္ဏနှင့်တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၁ ရက်က စောင့်ဆိုင်းရှာဖွေမှုများပြုလုပ်စဉ် နေနိုင်ကျော် ဆိုသူအား စစ်ဆေးရာမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ ပြားပါ တစ်ထုပ်နှင့် ဆေးပြား ၂၀၀ ပြားပါ တစ်ထုပ်၊ စုစုပေါင်းဆေးပြား ၃၉၀ ကို ဖမ်းမိခဲ့၍ ပလောက်မြို့နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**နိုင်ဦး(ပြန်/ဆက်)**

### မိုးကောင်းမြို့နယ်တွင်စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ရေရှင်ကျေးရွာအုပ်စု ညောင်ထောက်ကလေးကျေးရွာအနီးတွင် လမ်းလျှောက်လာသူတစ်ဦးထံမှ စိတ်ကြွဆေးပြားများ ဇန်နဝါရီ ၁ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ မိုးကောင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဇော်ဝင်းနှင့်အဖွဲ့က ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်စဉ် မောင်မြတ်(ခ)အောင်မြတ်(၃၆ နှစ်)ထံမှ 88/1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀ ကို ဖမ်းမိခဲ့၍ ၎င်းအား မိုးကောင်းမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

### ယာဉ်ပြန်နောက်ဆုတ်စဉ် ယာဉ်တိုက်မှုဖြစ်ပွားပြီး နှစ်ဦးဒဏ်ရာရ

တနင်္သာရီမြို့တနင်္သာရီတံတားအနီး၌ ယာဉ်နောက်ပြန်ဆုတ်စဉ် နောက်မှဆိုင်ကယ်အား တိုက်မိ၍ လူနှစ်ယောက်ဒဏ်ရာရရှိမှု ဇန်နဝါရီ ၂ ရက်က ဖြစ်ပွားခဲ့သည်။ ယာဉ်မောင်း ဝေယံစိုး(၂၃ နှစ်)မောင်းနှင်သည့် ကျောက်သယ်ကားသည် တံတားကိုဖြတ်ကူးစဉ် မျက်နှာချင်းဆိုင်ဘက်မှ ကားတစ်စီးဝင်ရောက်လာသဖြင့် ကားကိုနောက်သို့ပြန်ဆုတ်ရာ ကားနောက်မှကပ်၍ လိုက်ပါလာသော ဆိုင်ကယ်ကို တိုက်မိကာ ဆိုင်ကယ်မောင်းသူနှင့် ဇနီးတို့တွင် ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်သယ်ယာဉ်မောင်းသူ ဝေယံစိုးအား အမှုဖွင့်ထားကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

### ဆိုင်ကယ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်၍ မောင်းသူသေဆုံး

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တိုက်ကြီး-ဂျိုးဖြူလမ်းတွင် ဇန်နဝါရီ ၁ ရက်က ဆိုင်ကယ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သဖြင့် မောင်းနှင်သူ သေဆုံးခဲ့ကြောင်း သိရသည်။ ကျော်ဝင်း(၃၆ နှစ်)မောင်းနှင်လာသော ဆိုင်ကယ်သည် အဆိုပါလမ်းပေါ် မိုင်တိုင်အမှတ်(၄/၆)နှင့် (၄/၇)ကြား၌ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့၍ ဆိုင်ကယ်ပျက်စီးပြီး ကျော်ဝင်းမှာလည်း ဒဏ်ရာများရရှိ၍ တိုက်ကြီးဆေးရုံသို့တင်ပို့စဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ တိုက်ကြီးမြို့မရဲစခန်း၌ အမှုဖွင့်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**ထွန်းလှိုင်(မြိုင်)**

# အင်းတော်မြို့တွင် မျက်စိဝေဒနာရှင်များအား အခမဲ့ ကွင်းဆင်းကုသပေး

**အင်းတော် ဇန်နဝါရီ ၄**

မန္တလေးမြို့ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခဒေါက်တာရီရီအောင်နှင့် ဆရာဝန် ၁၀ ဦးပါ မျက်စိရောဂါကုဆရာဝန်များအဖွဲ့သည် အင်းတော်မြို့ အောင်မေတ္တာရပ်ကွက် မြို့မပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ အခြေပြု၍ အင်းတော်မြို့နယ်အတွင်းမှ မျက်စိရောဂါဝေဒနာရှင်များအား ဒီဇင်ဘာ ၃၁ ရက်နှင့် ဇန်နဝါရီ ၁ ရက်က အခမဲ့ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

အင်းတော်မြို့နယ်အတွင်းရှိ မျက်စိရောဂါဝေဒနာရှင်များအား ယခုလို ဒေသအရောက် လာရောက်၍ ဆေးကုသပေးသည့်အတွက် ဆရာဝန်ကြီးများအဖွဲ့နှင့်အတူ ကုသနိုင်ရန်စီစဉ်ပေးသည့် အင်းတော်မြို့မှစေတနာရှင်၊ အလှူရှင်များကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ ကျေးရွာများမှ ဝေဒနာရှင်များအနေဖြင့် မြို့ကြီးများသို့ သွားရောက်ကုသရန် ငွေကြေးမပြည့်စုံကြသဖြင့် ယခုလို ကွင်းဆင်းကုသပေးခြင်းကြောင့် ဆင်းရဲနွမ်းပါးသူများအတွက် အဆင်ပြေကြောင်း ကုသမှုလာရောက်ခံယူသည့် ဝေဒနာရှင်တစ်ဦးက ပြောသည်။



မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးရာတွင် နှစ်ရက်အတွင်း မျက်စိဝေဒနာရှင်ပေါင်း ၁၈၀၀ ခန့်အား အခမဲ့ စမ်းသပ်ကုသပေးနိုင်ခဲ့ကြောင်း၊ အဆိုပါအဖွဲ့အနေဖြင့် မျက်စိဝေဒနာရှင်များအား အခမဲ့ဆေးကုသခြင်း၊ မျက်မှန်များ အခမဲ့တပ်ဆင်ပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့သလို ခွဲစိတ်ရန်လိုအပ်သည့် မျက်စိဝေဒနာရှင်များကိုလည်း မန္တလေးသို့ခေါ်ဆောင်၍ အခမဲ့ ခွဲစိတ်ကုသခြင်းများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝ၆၉**

# ပဲစင်းငုံ အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ပဲစင်းငုံအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက်က မြောက်ဥက္ကလာပမြို့နယ်ရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမော်က အမှာစကား ပြောကြားသည်။

အဆိုပါ ပဲစင်းငုံအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၂ ရက်နေ့မှ ၆ ရက်နေ့အထိ ဖြစ်ကြောင်း သိရသည်။



ယခုဖွင့်လှစ်သော သင်တန်းမှာ စားသုံးသူပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းသည့် တန်ဖိုးမြှင့် ပဲစင်းငုံအခြေခံ စားသောက်ကုန်များ ထုတ်လုပ်တတ်စေရန် ရည်ရွယ်ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သင်တန်းတွင် ပဲစင်းငုံကို အခြေခံ၍ ပဲကွတ်ကီး၊ ပဲကိတ်လိပ်၊ ပဲရွှေကြည်၊ ဆနွင်းမကင်း၊ ပဲလမုန့်၊ တို့ဟူးခြောက်၊ ပူတင်း၊ ပဲခေါက်ဆွဲ၊ ပဲချောင်း၊ အချိုကြော်၊ အစပ်ကြော်၊ ပဲအာဟာရမုန့်၊ ပဲဟင်းခတ်မှုန့် တို့ကို လက်တွေ့ထုတ်လုပ်တတ်အောင် လက်ထောက်အင်ဂျင်နီယာ ဦးရဲဇော်ထွန်း၊ ဒုတိယဦးစီးမှူး ဒေါ်ပေရယ်ဖြိုးနှင့် သုတေသနလက်ထောက်(၄) ဒေါ်တင်ချိုဝင်းတို့က စာတွေ့ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ကြံမျိုးသစ် မျိုးပွားစိုက်ခင်း တောင်သူပညာပေး ကွင်းသရုပ်ပြပွဲပြုလုပ်

**ရေတာရှည် ဇန်နဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ စပါးပြီးလျှင် တောင်သူများ ဒုတိယအများဆုံး စိုက်ပျိုးကြသည့် ကြံစိုက်ပျိုးမှုတွင် အထွက်နှုန်းကောင်းမွန်ရေးနှင့် မျိုးကောင်း မျိုးသန့်များ စဉ်ဆက်မပြတ်ရရှိနိုင်ရေးအတွက် ရေနီမြို့နှင့်ဝန်းကျင်ရှိ တောင်သူများအား DAR-4 ကြံမျိုးသစ်မျိုးပွားစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို သရက်ကုန်းကျေးရွာ၌ ဇန်နဝါရီ ၂ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းမြင့်နှင့် ဝန်ထမ်းများက ကြံမျိုးသစ် မျိုးပွားစိုက်ပျိုးခြင်းအကြောင်းကို မြို့လှ၊ ငွေတောင်၊ ဆပ်သေ၊ ရေနီ၊ ဒေါင်းနန်းကျ ကျေးရွာအုပ်စုများမှ တောင်သူများအား လက်တွေ့ ရှင်းလင်းပြသခဲ့သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက "ကြံမျိုးတစ်မျိုးတည်းကို နှစ်ကာလကြာကြာ စိုက်ပျိုးတဲ့အခါမှာ အရည်အသွေးပိုင်းနဲ့ ထွက်နှုန်းကျဆင်းသွားမယ်၊ ဒါကြောင့် ဒေသနဲ့ကိုက်ညီမယ့် မျိုးသစ်တွေကို ပြောင်းလဲစိုက်ပျိုးခြင်းအားဖြင့် သီးနှံတွေ အထွက်တိုးလာတော့ တောင်သူတွေအကျိုးရှိမယ်၊ လက်ရှိ စိုက်ပျိုးရရှိလာတဲ့မျိုးသစ်တွေကို တောင်သူအချင်းချင်း ဖြန့်ဝေစိုက်ပျိုးနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ကြံသီးနှံမှာ လက်ရှိဈေးကွက်အနေအထားအရ ကောင်းမွန်လျက်ရှိ၍ ယခင်နှစ်က စိုက်ဧကပေါင်း ၁၃၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီး ကြံတောင်သူများ၏ ရေရှည်အကျိုးစီးပွားကို ရှေးရှု၍ ထွက်နှုန်းကောင်းမွန်သော ကြံမျိုးသစ်များရရှိနိုင်ရန် မျိုးသစ်မျိုးပွားစိုက်ခင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# အချိန်အခါမဟုတ်ရွာသည့်မိုးကြောင့် သီးနှံအချို့ပျက်စီးနိုင်

**ပခုက္ကူ ဇန်နဝါရီ ၄**

မကွေးတိုင်းဒေသကြီးအတွင်း၌ ဒီဇင်ဘာ ၃၁ရက် ညနေပိုင်းမှစ၍ ဇန်နဝါရီ ၂ ရက်အထိ အချိန်အခါမဟုတ် မိုးများရွာသွန်းခဲ့ရာ အဆိုပါမိုးရွာသွန်းမှုကြောင့် ပခုက္ကူမြို့နယ်တွင် သီးနှံအချို့ပျက်စီးနိုင်ကြောင်း တောင်သူများက ပြောသည်။

မြို့နယ်အတွင်းမှ ပဲစင်းငုံသီးနှံစိုက်ပျိုးထားသည့် တောင်သူများအနေဖြင့် ရိတ်သိမ်းရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်းနှင့် အပင်ခုတ်ပြီး အပုံများကို မိုးကာအုပ်ထားခြင်းတို့ ပြုလုပ်ထားသော်လည်း မိုးအဆက်မပြတ်ရွာပါက ပဲများအညှော်ပေါက်ပျက်စီးခြင်းများဖြစ်နိုင်ကြောင်း ဒေသခံတောင်သူများ၏ ပြောကြားချက်အရ သိရသည်။ အဆိုပါ အခါမဟုတ်မိုးကြောင့် သီးနှံများထွက်နှုန်းကျဆင်းခြင်း၊ အရည်အသွေး ကျဆင်းခြင်းများလည်း ဖြစ်ပေါ်နိုင်ကြောင်းသိရသည်။ ထို့အတူ စိုက်ပျိုးထားသော ကြက်သွန်စိုက်ခင်းများကိုလည်း ထိခိုက်လာနိုင်ကြောင်း သိရသည်။

**ကိုဇော်(ခါတု)**

# သုဝဏ္ဏဝတီမြို့၌ ပထမဦးဆုံးအကြိမ် ဖူဆယ်ပြိုင်ပွဲ ကျင်းပ

**သုဝဏ္ဏဝတီ ဇန်နဝါရီ ၄**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ အထက(သိမ်ဆိပ်)ဘောလုံးကွင်း၌ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့်လည်းကောင်း၊ ဖူဆယ်ဘောလုံးအားကစားနည်းကို လူငယ်များ စိတ်ပါဝင်စားလာစေရန်အတွက်လည်းကောင်း ရည်ရွယ်ချက်ဖြင့် မြို့၏ ပထမဦးဆုံးအကြိမ် ဖူဆယ်ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ ကျင်းပခဲ့သည်။

ဘောလုံးပြိုင်ပွဲကို ပစ်တိုင်းထောင်ဖောင်ဒေးရှင်းက ဦးဆောင်၍ ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် အသင်းပေါင်း ၁၂ သင်း ပါဝင်ကာ အုပ်စု (က)၊ (ခ) ခွဲ၍ ဇန်နဝါရီ ၂ ရက်နှင့် ၃ ရက်တွင် တစ်ရက်လျှင် ခြောက်ပွဲစီ ယှဉ်ပြိုင်ကစားခဲ့သည်။ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို ဇန်နဝါရီ ၄ ရက်တွင် ကျင်းပခဲ့ပြီး ဆုရရှိသည့်အသင်းများအား ချီးမြှင့်ဂုဏ်ပြုငွေများကိုလည်း ထိုနေ့တွင် ပေးအပ်ခဲ့သည်။ ထို့အပြင် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း သင်တန်းဖွင့်၍ နှစ်လကြာ သင်ကြားပေးခဲ့သည့် သက်ငယ်အခြေခံဘောလုံးသင်တန်းမှ သင်တန်းသား ကလေးငယ်များ၏ ဘောလုံးအားကစား စွမ်းရည်ပြိုင်ပွဲကိုလည်း ကျင်းပ၍ ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိမ်ဆိပ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ထိုက်က ပြောသည်။

**ခွန်(ဝင်းပ)**

## ကော်ဖီ၊ ဖာလာနှင့် အခြားဥယျာဉ်ခြံသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးသင်တန်းဖွင့်

**သံတောင်ကြီး ဇန်နဝါရီ ၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ ထိုကော်ကိုးငြိမ်းချမ်းရေးဒေသမှ တောင်သူများ၏ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် (KNU/ KNLA.PC) လေ့လာရေးအဖွဲ့ဝင် ရှစ်ဦးအား ကော်ဖီ၊ ဖာလာနှင့် ဥယျာဉ်ခြံသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးသင်တန်းတစ်ရပ်ကို သံတောင်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၌ ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

အဆိုပါသင်တန်းကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်အေးမေက လာရောက်ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းဆရာများအဖြစ် ကျောက်တိုင်ကော်ဖီခြံတာဝန်ခံ ဒေါ်မီမီမြင့် (လက်ထောက်ညွှန်ကြားရေးမှူး)က ကော်ဖီထုတ်လုပ်မှုဆိုင်ရာ နည်းပညာများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းထိုက်မင်းက ဖာလာသီးနှံ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာများကို လည်းကောင်း၊ ကျောက်တိုင်ကော်ဖီခြံခွဲမှ ဒေါ်အေး သီတာရွှေ (ဦးစီးအရာရှိ) က မှိုစိုက်ပျိုးမွေးမြူနည်းပညာသင်တန်းနှင့် လက်တွေ့နည်းပညာများကိုလည်းကောင်း၊ ကျောက်တိုင်ကော်ဖီခြံခွဲမှ ဦးစိုးမြင့် (ဦးစီးအရာရှိ)က ကော်ဖီပင်ကြီးများကို ပင်အိုကက်သစ်ပြုစုပျိုးထောင်ခြင်း နည်းပညာများကိုလည်း ကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစောမူးကပေါ် (လ/ထဦးစီးမှူး)က ဥယျာဉ်ခြံသီးနှံများကို ကိုင်းကူး/ကိုင်းဆက်မျိုးပွားခြင်း နည်းပညာများကို လည်းကောင်း သင်ကြားပို့ချပေးခဲ့သည်။

သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂ ရက်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံးခန်းမအတွင်း၌ ပြုလုပ်ခဲ့ပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကချင်ပြည်နယ်နေ့ ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပမည်

**မိုးကောင်း ဇန်နဝါရီ ၄**

အသင်းတစ်သင်းလျှင် မြန်မာ့လက်ရွေးစင် (ပြည်ပပွဲကစားဖူးသူ)တစ်ဦး ပါဝင်သော ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ (ဝမ်းစီ)ကို ဇန်နဝါရီ ၈ ရက်မှစ၍ မိုးကောင်းမြို့အရှေ့ရပ် မြို့လယ်စေတီဘုရားဝင်းအတွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို Xkamax မော်တော် ဆိုင်ကယ်ကုမ္ပဏီ၏ ပံ့ပိုးမှုဖြင့် မြို့နယ်ပိုက်ကျော်ခြင်းပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီက ဦးဆောင်၍ ကျင်းပခြင်းဖြစ်ကာ ဇန်နဝါရီ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဖိတ် ခေါ်ထားသော မြို့နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၂၈ သင်း ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ပြိုင်ပွဲတွင်အသင်းတစ်သင်းလျှင် မြန်မာ့လက်ရွေးစင်(ပြည်ပကစားဖူးသူ) တစ်ဦး ပါဝင်ခွင့်ရှိပြီး ကစားသမားလေးဦးနှင့် အသင်းအုပ်ချုပ်သူတစ်ဦးတို့သည် ပြိုင်ပွဲဖြစ် မြောက်ရေးကော်မတီထံသို့ ဇန်နဝါရီ ၇ ရက်အရောက် စာရင်းပေးသွင်းရမည်ဖြစ်ကာ ပထမဆုအဖြစ် Xkamax မော်တော်ဆိုင်ကယ်တစ်စီး၊ ဒုတိယဆု ကျပ်သုံးသိန်း၊ တတိယဆု ကျပ်နှစ်သိန်း၊ စတုတ္ထဆု ကျပ်တစ်သိန်းနှင့် နေရာအလိုက် အကောင်းဆုံးဆု တစ်ဆုလျှင် ကျပ်ငါးသောင်းကျပ်နှုန်းဖြင့် သုံးဆု ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ၆ ရက်အကြာ ဇန်နဝါရီ ၁၀ ရက်တွင် မြစ်ကြီးနားမြို့ စီတာပူမနောကွင်း၌ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသမ္မတကြီး စဝ်ရွှေသိုက်ကိုယ်တိုင်တက်ရောက်၍ ကချင်ပြည်နယ်အစိုးရကို ဖွဲ့စည်းပေးကာ ဇန်နဝါရီ ၁၀ ရက်ကို ကချင်ပြည်နယ်နေ့ဟု သတ်မှတ်အတည်ပြုပေးထားခဲ့ခြင်းဖြစ်သည်။ **မင်းမင်းဦး**

## ထိန်းချုပ်ဓာတုပစ္စည်းများအသုံးပြုခြင်းနှင့်ပတ်သက်၍ ပညာပေးဆွေးနွေး

**မန္တလေး ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီးအတွင်းမှ လုပ်ငန်းရှင်များအား ထိန်းချုပ်ဓာတုပစ္စည်းများ အသုံးပြုခြင်းနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးပြီး ဇန်နဝါရီ ၂ ရက်က တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက အမှာစကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး မန္တလေးတိုင်းဒေသ ကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ဦးနှင့် ထိန်းချုပ်ဓာတုပစ္စည်းများစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးခင်ဇော်တို့က တက်ရောက်လာကြသော လုပ်ငန်းရှင်များအား ထိန်းချုပ်ဓာတုပစ္စည်းများအကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲသို့ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ လုပ်ငန်းရှင်များ စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ကြပြီး လုပ်ငန်းရှင်များက ထိန်းချုပ်ဓာတုပစ္စည်းများအသုံးပြု ခြင်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးကာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့သည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ကသာမြို့မဈေးနှင့် သီရိခေမာဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ကသာ ဇန်နဝါရီ ၄**

ကသာမြို့နယ် စည်ပင်သာယာရေးကော်မတီပိုင် မြို့မဈေးနှင့် သီရိခေမာဈေးတို့တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ဇန်နဝါရီ ၁ ရက်က ဆောင်ရွက်ခဲ့ကြသည်။

မီးဘေးလုံခြုံရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြသမှုကို မြို့မဈေးကြီးနှင့် သီရိခေမာဈေးတို့၌ ကသာမြို့နယ် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းအောင်၏ ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှဝေနှင့် ကော်မတီဝင်များ၊ စည်ပင်ဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးမင်းညွန့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ဖြိုးသူနှင့် မီး သတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်မှ တာဝန်ရှိသူများနှင့် မြို့နယ်ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မီးငြိမ်းသတ်မှု လေ့ကျင့်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်မှုကို သရုပ်ပြခဲ့သည်။

ထို့နောက် စည်ပင်သာယာဝန်ထမ်းများနှင့် ဈေးသူဈေးသားများအား မီးငြိမ်းသတ်နည်းများကို မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့ပြသပြီး အရေးပေါ် မီးလောင်မှုကြုံတွေ့ပါက မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်းကို လက်တွေ့လေ့ကျင့်စေခဲ့ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**



## ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

**ဟားခါး ဇန်နဝါရီ ၄**

ချင်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၂)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက်မှစ၍ ဟားခါးမြို့ ဝမ္မသူးမောင်အားကစားကွင်း၌ ကျင်းပလျက်ရှိကြောင်းနှင့် ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကောက အမှာစကား ပြောကြား၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီးက ပြိုင်ပွဲဝင်အသင်းများအား ထောက်ပံ့ကြေး ကျပ်နှစ်သိန်းစီကို ပေးအပ်သည်။ ထို့နောက် အုပ်စု(က)အသင်းမှ တီးတိန်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သုံးဂိုးစီဖြင့် သရေကျခဲ့သည်။ ပြိုင်ပွဲကို ဇန်နဝါရီ ၈ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



**ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ ထန်းပင်ကုန်းရပ်ကွက် ကိုးမုခ်ရှင်ဒီပါ အေးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့် သတ္တမအကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော်ကို ဇန်နဝါရီ ၁ရက်က ကျင်းပရာ အလှူရှင်များနှင့်လာရောက်စားသောက်သူများဖြင့် စည်ကားနေစဉ်။**

သန်းဝင်း(သန်လျင်)

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် မူလတန်းအဆင့် ပြိုင်ပွဲကျင်းပ

**ကလော ဇန်နဝါရီ ၄**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မူလတန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ဒီဇင်ဘာလ နောက်ဆုံးပတ်က Community Centre ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သင်းသင်းမော်က မူလတန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ အမှတ်ပေး စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် နှစ် ၇၀ ပြည့်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မူလတန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုရရှိသူများနှင့် ပြိုင်ပွဲဝင်ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**နည်းပညာတက္ကသိုလ်(သန်လျင်)**
**(၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအတွက်**
**ဘွဲ့နှင်းသဘင်ကြေညာချက်**

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(သန်လျင်)၏ (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို နည်းပညာတက္ကသိုလ်(သန်လျင်)၏ ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အကြိုလေ့ကျင့်ခြင်း** - ၁၇-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၉နာရီ
**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၁၈-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီ

၂။ ဘွဲ့နှင်းသဘင် အခမ်းအနားသို့ နည်းပညာတက္ကသိုလ်(သန်လျင်)မှ ၂၀၁၇ခုနှစ် စက်တင်ဘာလတွင် ကျင်းပပြီးစီးခဲ့သောအင်ဂျင်နီယာနည်းပညာဘွဲ့ အပ်နှင်းရန် လိုအပ်သော သင်တန်းများ တက်ရောက်အောင်မြင်ပြီးစီးပြီး B.Tech ဘွဲ့ယူခွင့်ရှိသောသူများတက်ရောက်နိုင်သည်။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-
(က) **တက်ရောက်ဘွဲ့** - B.Tech ဘွဲ့အတွက် ကျပ်၁၅၀၀ (ကျပ်တစ်ထောင့်ငါးရာတိတိ)
(ခ) **အဝေးရောက်ဘွဲ့** - B.E/B.Archနှင့် B.Techဘွဲ့အတွက် ကျပ်၁၀၀၀ (ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော(တစ်လမခွဲ×နှစ်လက်မ) အရွယ်ဓာတ်ပုံ(၅)ပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ် ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ၈-၁-၂၀၁၈ရက်(တနင်္လာနေ့)မှစ၍ နည်းပညာတက္ကသိုလ်(သန်လျင်)ကျောင်းသားရေးရာဌာနတွင် ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၂၄-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီးလျှောက်ထားရမည်။

၆။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်း အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။(အဆိုပါ အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် အလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့် ပြုမည်မဟုတ်ပါ။)

၇။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟုလျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

မှတ်ချက်။ ။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ်(သန်လျင်) ကျောင်းသားရေးရာဌာန (ဖုန်း-၀၉-၂၆၄၈၃၃၃၉၂၊ ၀၉-၂၆၄၈၃၃၃၉၃) တို့တွင် စုံစမ်းနိုင်ပါသည်။

**ဌာနမှူးသင်တန်းရေးရာ**
**နည်းပညာတက္ကသိုလ်(သန်လျင်)**



**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာအမျိုးသားလေကြောင်း**
**ကြော်ငြာအမှတ်(၁/၂၀၁၈)**
**လေယာဉ်မောင်/လေယာဉ်မယ်**
**လျှောက်လွှာခေါ်ယူခြင်း**

၁။ မြန်မာအမျိုးသားလေကြောင်းလိုင်း၏ပြည်တွင်း/ပြည်ပ ခရီးစဉ်များတွင် တာဝန်ထမ်းဆောင်ရန် နုပျိုလန်းဆန်း ထက်မြက်တက်ကြွသော လေယာဉ်မောင်မယ်များ ခန့်အပ်မည်ဖြစ်ပါသဖြင့် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်-
(က) ၁-၁-၂၀၁၈ရက်တွင် အသက် ၁၈နှစ်ပြည့်ပြီး ၂၄နှစ်အတွင်းရှိသူများသာ၊
(ခ) အိမ်ထောင်မပြုသေးကြောင်း/အပျို လူပျိုဖြစ်ကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံစာ
(ဂ) အနည်းဆုံးတက္ကသိုလ် ဒုတိယနှစ်တက်ရောက်သောသူ (သက်ဆိုင်ရာတက္ကသိုလ်၏ ပထမနှစ်အောင်မြင်ပြီးကြောင်း ထောက်ခံစာ(သို့မဟုတ်)ဒုတိယနှစ်ကျောင်းသား ကတ်မိတ္တူ တင်ပြရပါမည်။)
(ဃ) အမျိုးသားများအတွက် အရပ်အမောင်း ၅' ၆"အနည်းဆုံးရှိပြီး အရပ်နှင့် လိုက်ဖက်သော ကိုယ်အလေးချိန်ရှိရပါမည်။
(င) အမျိုးသမီးများအတွက် အရပ်အမောင်း ၅'၄"အနည်းဆုံးရှိပြီး အရပ်နှင့် လိုက်ဖက်သော ကိုယ်အလေးချိန်ရှိရပါမည်။
(စ) ကျန်းမာရေးကောင်းမွန်ပြီး မျက်မှန်တပ်ဆင်သူမဖြစ်ရပါ။
(ဆ) ရေကူးတတ်ရမည်။
(ဇ) အင်္ဂလိပ်စကား သင့်တင့်စွာ ပြောဆိုနိုင်ရမည်။
(ဈ) လူအများနှင့် ပေါင်းသင်းဆက်ဆံရေးပြေပြစ်သူဖြစ်ရမည်။
(ည) ရွေးချယ်ခြင်းခံရပါက မြန်မာအမျိုးသားလေကြောင်းတွင် ငါးနှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၂။ စိတ်ဝင်စားပါက ကိုယ်တိုင်ရေး CV၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ သန်းခေါင်စာရင်း မိတ္တူ၊ ရဲစခန်း၊ ရပ်ကွက်ထောက်ခံစာများနှင့် လိုအပ်သော စာရွက်စာတမ်းများပူးတွဲလျက်ရေ့နှင့် ညာဘက်မှ ရိုက်ကူးထားသော ကိုယ်လုံးပြည့်အလှဓာတ်ပုံတစ်ပုံစီ၊ Passport Size ဓာတ်ပုံ သုံးပုံနှင့်အတူ ၂၈-၂-၂၀၁၈ရက် မွန်းလွဲ ၄း၃၀နာရီနောက်ဆုံးထား၍ မြန်မာအမျိုးသားလေကြောင်း (ရုံးချုပ်) အမှတ် (၁၀၄)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ အသေးစိတ် သိရှိလိုပါက ဖုန်း-၀၁-၃၇၉၄၇၁သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ မြန်မာအမျိုးသားလေကြောင်းရုံးစိုက်ရာ နယ်ရုံးခွဲများတွင် ၂၈-၂-၂၀၁၈ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

**မြန်မာအမျိုးသားလေကြောင်း**
**Human Resources Department**

ရွှေလမ်းခရီး
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
ကားဆိုဒ်စုံနှင့် လုပ်သားပါ
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444808899
09-444808877
09-444808855

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9L/1824 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၆၀၇၀၃ Jinshan 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိမ့်သဇင်ဦး ၉/ခအဇ(နိုင်) ၀၂၁၃၆၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃) ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊စီးပွားဇုန်အကွက်၊ ဦးပိုင်အမှတ်(F-၁၉၈)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိမြေကို ဦးငွေထွန်းအမည်ဖြင့် မြေငှားဂရန်(အသစ်) ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**နေပြည်တော်၊ မျက်စိ၊ နား၊ နှာခေါင်း၊**
**လည်ချောင်းရောဂါအထူးကုဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ နေပြည်တော်ရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါ အထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၅-၁-၂၀၁၈ ရက် (သောကြာနေ့) နံနက် ၉း၀၀ နာရီ
**တင်ဒါပိတ်မည့်ရက်** - ၃၁-၁-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ**
၀၆၇-၄၁၇၁၆၀၊ ၀၉-၉၇၄၇၈၉၀၀၅

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ADSP စီမံကိန်းတွင်ပါဝင်သော ဆင်သေလက်ဝဲမြောင်းမကြီး ရေသောက်စနစ်ပြုပြင်ခြင်းလုပ်ငန်း၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအတွက် တည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဌာနသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံများရောင်းချမည့်ရက်** - ၅-၁-၂၀၁၈ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၁-၂၀၁၈ရက်၊ မွန်းတည့် ၁၂ နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၁၉-၁-၂၀၁၈ရက် နံနက် ၁၀း၀၀ နာရီ
(ဃ) **တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်နေရာ** - ညွှန်ကြားရေးမှူးရုံးဝင်း (ဓမ္မာရုံ)ဘဲကုန်းဝင်း၊ ထိန်းသိမ်းရေး၊ပျဉ်းမနားမြို့၊ တင်ဒါကော်မတီ

၂။ လျှောက်လွှာပုံစံများကို ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၂၅၉၄၁၊ ၀၆၇-၂၂၀၄၈၊ ၀၉-၄၃၀၁၇၁၁၀၊ ၀၉-၄၃၁၅၂၈၅၄တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**နေပြည်တော်**

## CLAIMS DAY NOTICE

**M.V SPRING WIND VOY: NO (26)**

Consignees of cargo carried by M.V ASIAN LEADER VOY:NO(26) are here by notified that the vessel will arrive on about 8-1-18 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အကျိုးတစ်ရပ်တည်းတွင် သက်ဆိုင်သူအားလုံးကိုယ်စား တစ်ဦးတစ်ယောက်က တရားစွဲဆိုရန် (သို့မဟုတ်)ခုခံချေပနိုင်ရန်ချအပ်သည့် နို့တစ်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်းဥပဒေ ၈) မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၄၁

| | | |
|---|---|---|
| ၁။ ဦးမောင်မောင်ဦး | **နှင့်** | ၁။ ဦးမင်းမင်းဆွေ |
| ၂။ ဦးဖိုးတူ | | ၂။ ဦးဝေယံလွင် |
| **တရားလိုများ** | | **တရားပြိုင်များ** |

တရားလို ဦးမောင်မောင်ဦးပါ-၂ဦးက တရားပြိုင်ဦးမင်းမင်းဆွေပါ-၂ဦးတို့အပေါ် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမှူးကျေးရွာရှိ ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့စည်းမျဉ်း(မူကြမ်း)ကို အတည်ပြုပေးပါရန် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ အရ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ အဆိုပါလျှောက်ထားချက်အပေါ် သက်ဆိုင်သည်ဟု အဆိုရှိသူခပ်သိမ်းတို့အား ယင်းအမှုတွင် လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၇ရက်(၁၃၇၉ခုနှစ် တပို့တွဲလဆန်း ၁ရက်) နံနက် ၁၀း၀၀ နာရီတွင် ဤတရားလွှတ်တော်တရားခွင်(၁)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်လည်းကောင်း လာရောက်ဆိုင်ဆိုရန် မိန့်ကြားဆင့်ဆိုလိုက်သည်။ ၄င်းကဲ့သို့ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော တရားလို ဦးမောင်မောင်ဦးပါ-၂ဦး၏လျှောက်လွှာအပေါ်၌ ဆက်လက်စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြေညာထုတ်ဆင့်လိုက်သည်။

၂၀၁၇ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(ဒေါ်မာလာ)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**အငယ်တန်းအင်ဂျင်နီယာ-၂ ရာထူးနေရာများအတွက်**
**ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်းထုတ်ပြန်ခြင်း**
**ကြော်ငြာစာအမှတ်(၀၀၁/၂၀၁၈)**
**၁၃၇၉ခုနှစ် ပြာသိုလပြည့်ကျော် ၂ရက်**

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းလက်အောက်တွင် လစ်လပ်လျက်ရှိသော အငယ်တန်းအင်ဂျင်နီယာ-၂ရာထူးနေရာများတွင် ခန့်ထားရန် ၂၅-၁၁-၂၀၁၇ရက်တွင် ပြုလုပ်ခဲ့သောရေးဖြေစာမေးပွဲ၌ အောင်မြင်ခဲ့သူများ၏ စာရင်းကို အောက်ပါအတိုင်းထုတ်ပြန်ကြေညာလိုက်သည်-

(က) **၁၅-၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၉း၀၀ နာရီတွင် လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ**

| စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | EP-1 | ၉ | EP-277 | ၁၇ | EP-600 | ၂၃ | EC-30 | ၂၇ | MP/MC-20 |
| ၂ | EP-30 | ၁၀ | Ep-283 | ၁၈ | EP-736 | ၂၄ | EC-31 | ၂၈ | MP/MC-93 |
| ၃ | EP-32 | ၁၁ | EP-325 | ၁၉ | EP-747 | ၂၅ | EC-67 | ၂၉ | MP/MC-106 |
| ၄ | EP-57 | ၁၂ | EP-392 | ၂၀ | EP-777 | ၂၆ | EC-130 | | |
| ၅ | EP-58 | ၁၃ | EP-426 | ၂၁ | EP-816 | | | | |
| ၆ | EP-69 | ၁၄ | EP-456 | ၂၂ | EP-842 | | | | |
| ၇ | EP-94 | ၁၅ | EP-468 | | | | | | |
| ၈ | EP-202 | ၁၆ | EP-535 | | | | | | |

**သတင်းပို့ရမည့်နေ့ရက်နှင့်အချိန်** - ဖြေဆိုမည့်နေ့ရက်မတိုင်မီ တစ်ရက်ကြိုတင်၍ နံနက် ၉း၀၀နာရီမှ ၁၆း၀၀နာရီအတွင်းသတင်းပို့ရန်။
**သတင်းပို့/ဖြေဆိုမည့်နေရာ** - လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ၂၇ လမ်း၊ ၇၇×၇၈လမ်းကြား၊ မန္တလေးမြို့။
**ဆက်သွယ်ရန်ဖုန်း** - ၀၂-၄၀၇၃၅၁၇

၂။ လူတွေ့ဖြေဆိုမည့်သူများသည် သတ်မှတ်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါစာရွက်စာတမ်းများနှင့်အတူ အချိန်မီသတင်းပို့ရမည်ဖြစ်ပါသည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း/မိတ္တူ)
(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း+မိတ္တူ)
(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းသက်သေခံကတ်ပြား(သို့မဟုတ်)သက်ဆိုင်ရာတာဝန်ခံအရာရှိ ထောက်ခံချက်။
(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်
(၁) အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)။
(၂) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံချက်(မူရင်း)။
(၃) ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်(မူရင်း)။
(လွန်ခဲ့သော ခြောက်လအတွင်းရယူထားသောထောက်ခံချက်ဖြစ်ရမည်)

၃။ လူတွေ့ဖြေဆိုမည့်သူများသည် သတ်မှတ်ရက်များတွင် မပျက်မကွက်လာရောက် သတင်းပို့/ဖြေဆိုကြပါရန်နှင့် ပျက်ကွက်ပါက ခန့်ထားရေးတွင် ထည့်သွင်းစဉ်းစားမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## ဥယျာဉ်ခြံဟင်းသီး၊ ဟင်းရွက်နှင့်အပင်ဇီဝနည်းပညာဌာနခွဲ

စိုက်ပျိုးရေးဦးစီးဌာန၊ ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်းတွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကို ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ တောင်သူများ/ပုဂ္ဂလိက လုပ်ငန်းရှင်များအား တက်ရောက်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**သင်တန်းဖွင့်လှစ်မည့်နေရာ** - ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်း ထုံးဘို၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
**သင်တန်းဖွင့်လှစ်မည့်ရက်** - ဇန်နဝါရီလ (၁၆-၁-၁၈)မှ(၁၈-၁-၁၈)ထိ
ဖေဖော်ဝါရီလ (၁၄-၂-၁၈)မှ(၁၆-၂-၁၈)ထိ
မတ်လ (၂၈-၃-၁၈)မှ(၃၀-၃-၁၈)ထိ
**ဆက်သွယ်ရန်** - ဖုန်း-၀၉-၅၃၂၂၅၄၅၊ ၀၉-၄၃၀၆၀၆၉၂၊
၀၉-၃၃၈၅၀၅၉၄၊ ၀၉-၉၆၅၂၄၅၀၉၆၊
၀၉-၈၉၆၅၀၃၈၆၉

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၀)၊ ဦးပိုင်အမှတ်(၅)၊ ၆၃လမ်း×၆၄လမ်းကြား၊ ပျူစောထီး×ကျန်စစ်သားလမ်းကြားရှိ ဒေါ်အုန်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးနေအောင်မြင့် ၉/မရမ(နိုင်)၀၈၄၄၃၀မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ ပျဉ်းမမြိုင်လမ်း၊ မြေကွက်အမှတ်-(၉၁၁)၊ အလျား ပေ ၄၀×အနံပေ၆၀ ခန့် အကျယ်အဝန်းရှိ ဒေါ်ပွင့်နွယ်အောင် ၁၂/လမန(နိုင်)၁၄၃၄၁၀ အမည်ပေါက် နှစ် (၆၀)ဂရန်မြေကွက်ကို အမည်ပေါက်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေ ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဆန်နီ (ပျဉ်းမနား)**
**အထက်တန်းရှေ့နေ(စဉ်-၁၆၉၅၁)**
**၁၀၃၇၊ သင်းဝင်(၅)လမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၇၃၀၄၆၉၀၆၊ ၀၉-၇၉၅၆၂၈၁၃၀**

**ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ဘိုကလေးမြို့နယ်တရားရုံးတော်**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၂၄ နှင့်ဆက်နွှယ်သည့်**
**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၃၀**

| | | |
|---|---|---|
| ဦးဌေးဝင်း | **နှင့်** | ၁။ ဦးတင်ထွန်း |
| | | ၂။ ဒေါ်သန်းသန်းစိုး |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

(၁)ဦးတင်ထွန်း၊ (၂) ဒေါ်သန်းသန်းစိုး (အတူနေလင်မယား)၊ အမှတ်(၁၃၃၀)၊ ၅လမ်း၊ (ဂ)ရပ်ကွက်၊ ဘိုကလေးမြို့ (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဦးဌေးဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ်၊ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၂ရက်၊ (၁၃၇၉ ခုနှစ် တပို့တွဲလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၇ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်နီလာထွန်း)**
**မြို့နယ်တရားသူကြီး**
**ဘိုကလေးမြို့နယ်တရားရုံး**

# ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်နေ
ဦးညွန့်စိန်(ဒု-တိုင်းဥပဒေအရာရှိ-ငြိမ်း)၊ တရားလွှတ်တော်ရှေ့နေ၊
အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိကောင်စီဝင်-ဒေါ်မြင့်မြင့်သန်း(အလပြ-ငြိမ်း)တို့၏သား

**ဒေါက်တာသော်ဇင်ညွှန့်**

**M.B.,B.S(Ygn),3rd Year(M.Med.Sc)(Medical Oncology) M.R.C.P (Part I) (UK)**
**လက်ထောက်ဆရာဝန် (ကင်ဆာရောဂါဆေးပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)**

**နှင့်**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နေ
သီရိပျံချီ ဦးစဝ်အောင်မြတ်(ရှမ်းပြည်နယ်ဝန်ကြီးချုပ်-ငြိမ်း)
ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော်-ဒေါ်ဖြူဖြူညွှန့် တို့၏သမီး

**ဒေါက်တာစုမြတ်ဖြူ**

**M.B.,B.S(Ygn),M.R.C.P(Part II)(UK)**
**ဦးစီးအရာရှိ(အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန)**

တို့၏ ၁-၁-၂၀၁၈ရက်တွင် SEDONA HOTEL Grand Ballroom ၌ ကျင်းပသော မင်္ဂလာညှိ့ခံပွဲ အခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော သရေစည်သူဒေါက်တာစိုင်းမောက်ခမ်း(နိုင်ငံတော် ဒုတိယသမ္မတ-ငြိမ်း)နှင့်ဇနီး ဒေါ်နန်းရွှေမုံ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့်ဇနီး ဒေါ်ခင်သန်းနွဲ့၊ မင်္ဂလာအောင်စပယ်ပန်းကုံး ဆင်မြန်းပေးပါသော သီရိပျံချီ ဦးဝဏ္ဏမောင်လွင် (ပြည်ထောင်စုဝန်ကြီး-ငြိမ်း)နှင့်ဇနီး ဒေါ်လင်းလင်းတင်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဒေါက်တာသန်းထွန်း (ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန)နှင့်ဇနီး ဒေါက်တာဆွေဆွေအောင်၊ ဦးသိန်းဇော်(ဗဟိုအတိုင်ပင်ခံ)နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ အကြီးအကဲများ၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးမှ အငြိမ်းစားအကြီးအကဲများ၊ စစ်တက္ကသိုလ် အပတ်စဉ်(၂၆)မှ ကျောင်းဆင်းအရာရှိများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအရာရှိ အကြီးအကဲများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ညှိ့ခံပွဲသို့မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးခိုင်မြဲသာ၊ မင်္ဂလာအခါတော်ပေး သီချင်းသီဆိုပေးပါသော ဒေါ်နှင်းရည်သန့်၊ မင်္ဂလာပန်းကြဲပေးပါသော မပြည့်ပြည့်ကျော်ဇော၊ မင်္ဂလာအောင်စံပယ်ကုံး ကိုင်ဆောင်ပေးပါသော ဒေါက်တာစုမြတ်သန္တာ၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော ဒေါက်တာခိုင်ခိုင်မင်း၊ မင်္ဂလာသတို့သားအရံ မောင်ရဲလင်းအောင်နှင့် ဒေါက်တာထွန်းနိုင်အောင်၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာဆောင်းဟေမာန်ဖူးနှင့် ဒေါက်တာမေမြတ်နိုးခိုင်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံနှင့် ဓာတ်ပုံနှင့်ဗီဒီယို wedding palace အဖွဲ့အားလည်းကောင်း၊ မင်္ဂလာတေးဂီတစောင်း ဒေါ်နှင်းရည်သန့်နှင့်အဖွဲ့၊ လက်ဝတ်ရတနာဆင်မြန်းပေးပါသော စကြာရွှေရည် စိန်ရွှေရတနာဆိုင်အားလည်းကောင်း၊ မိတ်ကပ် မေဦးနှင့် မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပိုးပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ ၃၀-၁၂-၂၀၁၇ရက်တွင် မင်းဓမ္မကွန်ဒို၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဦးအောင်နိုင် (ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး)နှင့် ကျေးဇူးတင်ထိုက်သူများအား လှိုက်လှဲစွာ ကျေးဇူးဥပကာရအထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့် ဒေါက်တာသော်ဇင်ညွှန့်-ဒေါက်တာစုမြတ်ဖြူ**

# မွေးနေ့မင်္ဂလာဆုတောင်းလွှာ

## ချစ်မေမေ ဒေါ်မြကြည်

**(မြို့သစ် ၃လမ်း ကျောက်မြောင်း ရန်ကုန်မြို့)**

ချစ်မိခင်ကြီးရဲ့ ကျရောက်တဲ့ (၈၆)နှစ်ပြည့်မွေးနေ့မင်္ဂလာမှ နောင်နှစ်ပေါင်း(၁၂၀)တိုင် ဗုဒ္ဓဘုရားရှင်၏ တရားတော်များကို နာကြားရင်း အသက်ရှည်ရှည် ကုသိုလ်ရရ ကျန်းမာစွာ လျှောက်လှမ်းနိုင်ပါစေ-

**သမီးကြီး-အေးအေးမာ**
**ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့**

# အထက(၄) ကမာရွတ်၊ ဒသမအကြိမ် အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

အထက(၄) ကမာရွတ်၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၄-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ပူဇော်ပွဲမြောက်ရေးကော်မတီ**

# မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ကုန်လုပ်ငန်းဌာန)

(၁၆)ကြိမ်မြောက် ဝန်ထမ်းဟောင်းများ တွေ့ဆုံဆွမ်းကပ်လှူဒါန်းပွဲကို ဗိုလ်တထောင်ဘုရားဝင်း၊ ဆိပ်ကမ်းလုပ်သားများခမ်းမရုံ၌ ၇-၁-၂၀၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၇း၀၀နာရီမှ ၁၁း၀၀နာရီအထိ ကျင်းပပြုလုပ်ပါမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ဦးဆောင်ဝန်ထမ်းဟောင်းများ**

**အမည်ပြောင်း**

ဦးကျော်ခိုင်ထူး ၇/ပခန(နိုင်)၂၀၇၉၃၃၏သမီး ပဲခူးတိုင်းဒေသကြီး၊ အထက(၃) Grade (8)A မှ မကြည်ချမ်းမြလင်းအား မထက်အိန္ဒြာလင်းသို့ ပြောင်းလဲခေါ်ဆိုပါရန်။ **မထက်အိန္ဒြာလင်း**

# အထက ဘီးလင်း (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ဘီးလင်းမြို့ အထကတွင် ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစားဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများမှ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ကြွရောက်ကြပါရန် လေးစား/ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၄-၁-၂၀၁၈ ရက်
**အချိန်** - နံနက် ၈ နာရီ

အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက အောက်ပါ ဖုန်းနံပါတ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ဦးထွန်းမြင့် (ရန်ကုန်) ဖုန်း-၀၉-၂၅၀၂၇၅၆၈၀
၂။ ဦးအောင်ကျော်ဦး (ဘီးလင်း) ဖုန်း-၀၉-၄၅၀၇၆၁၀၄၉
၃။ ဒေါ်ဝါဝါရှိန် (ရန်ကုန်) ဖုန်း-၀၉-၄၂၁၀၃၇၄၁၇
၄။ ဒေါ်နွယ်နွယ်ထွန်း (ရန်ကုန်) ဖုန်း-၀၉-၂၅၁၀၁၇၄၃၀
၅။ ဒေါ်ပန်းဆီဇာဦး (ဘီးလင်း) ဖုန်း-၀၉-၄၂၆၆၀၃၃၀၀

**ဇလွန်မြို့နယ်အသင်း(ရန်ကုန်)**
**၂၀၁၈ခုနှစ် (၅၄)ကြိမ်မြောက် ဘိုးဘွားကန်တော့ပွဲ**
**ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး**

# ဖိတ်ကြားလွှာ

**နေ့ရက်** - ၂၁-၁-၂၀၁၈ ရက်
**အချိန်** - နံနက် ၉း၀၀ နာရီ
**နေရာ** - ဧရာဝတီတိုင်းဒေသကြီးခန်းမရုံ

ဘိုးဘွားကန်တော့ပွဲ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို အထက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ (၇၅)နှစ်ပြည့်မီသော ဘိုးဘွားများ ၂၀၁၇ခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရကျောင်းသား ကျောင်းသူများသည် ၁၅-၁-၂၀၁၈ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြပါသည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဇလွန်အသင်းသူ အသင်းသားများနှင့် မိသားစုဝင်များအားလုံး ပျော်ပျော်ရွှင်ရွှင် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**နံနက်စာဖြင့် ညှိ့ခံပါမည်**

**ဆက်သွယ်ရန်-**
ဦးမောင်မောင်ဝင်း ဖုန်း-၀၉-၅၀၀၃၃၁၆၊ ဦးလှမြင့်ဦး ဖုန်း-၀၉-၄၄၄၇၈၀၆၂၂
ဦးအေးကျော် ဖုန်း-၀၉-၅၁၅၈၂၄၃၊ ဦးအေးစန်း ဖုန်း-၀၉-၄၂၀၀၂၅၆၅၆

**အမှုဆောင်အဖွဲ့**
**ဇလွန်မြို့နယ်အသင်း(ရန်ကုန်)**












## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1M/2965 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၂၃၈၄၅ Jian She 110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြင့် ၉/လဝန(နိုင်)၁၁၀၃၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄(ကမာရွတ်)သုခမြိုင်အိမ်ရာ၊ မြေကွက်အမှတ် (၇၂/က)၊ ဧရိယာ ဝ.ဒသမ၆၂၉၈ဧက နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဦးခွန်နောင်မြင့်ဝေ၊ ဦးကျော်ကျော်နိုင်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ် ၃၈၀၇/၂၀၁၇ ရက်စွဲ ၅-၁၂-၁၇ တင်ပြ၍ ဦးခွန်နောင်မြင့်ဝေ ၁၂/အစန(နိုင်)၀၂၀၄၇၅ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

ဒေါ်မြသူဇာထွန်း ၉/မရမ(နိုင်)၀၁၂၃၀၂နှင့်

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ အောင်ဇေယျာလမ်း၊ အမှတ် ၅/အေ၊ (၇-ဘီ)နေ ကျွန်တော် ဦးကျော်ကျော်ဦး ၈/မကန(နိုင်)၀၀၉၇၇၆နှင့် ဒေါ်မြသူဇာထွန်း ၉/မရမ(နိုင်)၀၁၂၃၀၂တို့သည် အစ္စလာမ်တရားတော်နှင့်အညီ ၁၉၉၉ခုနှစ်မှစတင်၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ သားတစ်ဦးနှင့် သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ ဒေါ်မြသူဇာထွန်းသည် ၂၁-၁၂-၂၀၁၇ရက်က ကျွန်တော်၏ခွင့်ပြုသိရှိခြင်းမရှိဘဲ နေအိမ်မှထွက်ခွာကာ ယနေ့တိုင် အဆက်အသွယ်ပြုလုပ်ခြင်းမရှိပါသဖြင့် ကျွန်တော်က အခြားအစ္စလာမ်ဘာသာဝင်လူကြီးများရှေ့တွင် ဒေါ်မြသူဇာထွန်းအား(တလာက်)(သုံးကြိမ်)ပေးကြောင်းမြွက်ဟကြေညာ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်းကို ဒေါ်မြသူဇာထွန်းနှင့် အများသိစေရန်ကြေညာလိုက်ပါသည်။ **ဦးကျော်ကျော်ဦး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/6802 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8E/2394,KZL L/T Track (kzl-01)p/u(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးသူ ၁၄/ငပတ(နိုင်)၀၃၇၅၂၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

မြန်မာ့အလင်းသတင်းစာ ၁-၁-၂၀၁၈ရက် (စာ-၂၆)နှင့် ၂-၁-၂၀၁၈ ရက် (စာ-၂၅)တို့တွင် ပါရှိသော ကျောက်ဆည် အထွေထွေရောဂါကုဆေးရုံကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းမှ တင်ဒါစတင်ရောင်းချမည့်ရက် ၂-၁-၂၀၁၈ရက်နှင့် တင်ဒါပိတ်မည့်ရက် ၁၅-၁-၂၀၁၈ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အကယ်ဒမီ ဂီတမှူး-စန္ဒယား ဦးလှထွတ်
### (အမျိုးသားစာပေဆုရှင်)
### (၁၈)နှစ်ပြည့်အလွမ်း

အစ်ကိုရေ…ချို့နှင့်တကွ မိသားစု၊ ဂီတ၊ ရုပ်ရှင်၊ စာပေနဲ့ ဓမ္မမိတ်ဆွေများအားလုံးကို နှုတ်မဆက်ဘဲ ရုတ်တရက်ခွဲခွာသွားခဲ့သည်မှာ ဒီနေ့ ၅-၁-၂၀၁၈ဆိုရင် (၁၈)နှစ်တင်းတင်း ပြည့်သွားခဲ့သော်လည်း ချို့အဖို့မှာတော့ (၁၈)မိနစ်မျှ မေ့မရခဲ့ပါ။

သို့ပါ၍ အစ်ကို့အားရည်စူးပြီး ပြုလုပ်သမျှ ကောင်းမှုများ၊ လှူဒါန်းသမျှသောအလှူများကို သာဓုခေါ်ဆိုနိုင်ပါစေရန် အမျှပေးဝေပါတယ်။

ဝါဆိုလပြည့် ချို့မွေးနေ့တုန်းကလည်း အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းမှာလည်း သံဃာတော်အရှင်မြတ်တို့အား ဝါဆိုသင်္ကန်းကပ် လှူဖွယ်ဝတ္ထု ဆွမ်း၊ ဆေး၊ သင်္ကန်း၊ ထီး၊ ယပ်အစရှိသော လှူဒါန်းမှုအစုစုတို့၏အကျိုးအား လှူဒါန်းအမျှပေးဝေခဲ့ပါတယ်။ ပြုလုပ်သောကောင်းမှုအစုစုတို့ကို လှူဒါန်းပူဇော်အမျှပေးဝေပါတယ်။ အစ်ကိုရောက်ရာဘုံဘဝမှနေ၍ သာဓုခေါ်နိုင်ပါစေ။

အစ်ကိုရေ အမျှ အမျှ အမျှ ပေးဝေပါတယ်။

**ချစ်ဇနီး ချို့ဝေလွင်(ခ)ခင်ချို့ချို့နှင့်**
**မိသားစု**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၂၇၉)နေ ဦးမြလွင် ၁၂/ပဘတ(နိုင်)၀၂၄၈၀၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာလိုက်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြလွင် ၁၂/ပဘတ(နိုင်)၀၂၄၈၀၃ မှ ဒေါ်ခင်ထွေးရီ ၁၃/တကန(နိုင်)၀၆၆၀၇၆အား ၄င်း၏ကိစ္စအရပ်ရပ်များကို ကိုယ်စားဆောင်ရွက်နိုင်ရန်အတွက် ၂၈-၁၁-၂၀၁၁ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ်-၂၁၆၄၅/၂၀၁၁ကို လွှဲအပ်ခဲ့ပါသည်။ ဦးမြလွင်မှာ ယနေ့ချိန်ထိ သက်ရှိထင်ရှားရှိနေပါကြောင်းနှင့် ဒေါ်ခင်ထွေးရီထံသို့လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ်-၂၁၆၄၅/၂၀၁၁ကိုလည်း ပြန်လည်ရုပ်သိမ်းခြင်းမရှိ ဆက်လက်လွှဲအပ်ထားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာဝင်း (တရားလွှတ်တော်ရှေ့နေ) စဉ်-၉၉၆၇/၂၀၁၄**
**CHERRY LEGAL GROUP CO., LTD.**
**အမှတ်(၂၉၅) ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြို့မရပ်ကွက်၊**
**တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၁-၂၃၇၉၉**

## (၃)နှစ်ပြည့်လွမ်းဆွတ်သတိရ အမျှပေးဝေခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
### ဒေါ်တင်တင်မိုး (ဖျာပုံ)
### (၅-၁-၂၀၁၅)-(၅-၁-၂၀၁၈)

ခွဲခွာသွားသည်မှာ ၅-၁-၂၀၁၈ ရက်တွင် သုံးနှစ်ပြည့်သော်လည်း အောက်မေ့သတိရလျက်ရှိပါသည်။ ဇနီးအားရည်စူး၍ နှစ်စဉ် အလှူဒါနများပြုလုပ်ပေးခဲ့ပြီး ယခုနှစ်တွင် သုဝဏ္ဏမြို့၊ စစ်ကိုင်းစာသင်တိုက်ရှိ စာသင်သံဃာများ၊ စာချဆရာတော်များ၊ နာယကဆရာတော်ကြီးများ၊ သံဃာအပါး ၃၀၀ ကျော်အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်၍လည်းကောင်း၊ လှူဖွယ်နှင့် နဝကမ္မအလှူငွေများ ဆက်ကပ်၍လည်းကောင်း အလှူပေးဝေပါသည်။ ဤကောင်းမှုအစုစုတို့၏ အဖို့ဘာဂကို ကွယ်လွန်သူ ဒေါ်တင်တင်မိုးအားရည်စူး၍ အမျှပေးဝေပါ၏။ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ထို့မှတစ်ပါး သုံးဆယ့်တစ်ဘုံရှိ သတ္တဝါများအားလုံးတို့ကိုလည်း အမျှပေးဝေပါ၏။ အမျှရကြ၍ ဝမ်းမြောက်စွာသာဓုခေါ်ဆိုနိုင်ကြပါစေကုန်သတည်း။

**ခင်ပွန်း-ဦးဆန်းထွန်း**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ မိသားစု**
**ပြည်တွင်းအခွန်များဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ မြဝတီရပ်ကွက်၊ အကွက်အမှတ် ၃၇၊ ကနောင်စုအနောက်ရပ်၊ ဦးပိုင်အမှတ် ၂၁၇၊ ဧရိယာ ဝ ဒသမ ၀၅၅ ဧကရှိမြေကို ဦးမောင်မောင်သန်းအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ဟင်္သာတမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဟင်္သာတမြို့**

**ဥတုရာသီ တောကိုမှီ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်သန်း(ခ)ဒေါ်ခင်လတ်
### အသက်(၈၆)နှစ်

ရန်ကုန်မြို့နေ(ဦးလှမောင်-ဒေါ်လှတင်)တို့၏သမီး၊ (ဗိုလ်မှူးဘတင့်-လေ)၏ဇနီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ငွေဝတ်မှုံရိပ်သာ၊ အမှတ်(၇၀)သ/၂နေ ဦးဗထူးချစ်-မဟိန်းဟိန်းမြတ်၊ ဦးဘသန်းချစ်-ဒေါ်ခင်မူမူကျော်၊ ဦးကျော်ဇင် - ဒေါ်ခင်စန္ဒာတင့်တို့၏မိခင်၊ မောင်သော်ထင်ဘသန်းချစ်၊ မောင်အောင်ကျော်ဇင်၊ မောင်ချမ်းမြေ့ထူးတို့၏အဘွားသည် ၁-၁-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၀၀း၀၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ကျေးဇူးတင်လွှာ
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြင့်ဆွေ (Rosie Toe) ရွှေကျင်မြို့
## အသက်(၈၂)နှစ်

၂၆-၁၂-၂၀၁၇ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်မြင့်ဆွေ သက်ရှိထင်ရှားရှိစဉ်က စောင့်ရှောက်ကုသပေးခဲ့သော ဆီးနှင့်ကျောက်ကပ်အထူးကုသမားတော်ကြီး ပါမောက္ခဒေါက်တာဒေါ်ခင်သီတာသွင်၊ သမားတော်ကြီး ပါမောက္ခဒေါက်တာဒေါ်လှိုင်မြဝင်း၊ နှလုံးအထူးကုသမားတော်ကြီး ပါမောက္ခဒေါက်တာဒေါ်နွယ်နွယ်နှင့် ဦးနှောက်နှင့်အာရုံကြောဆေးကုဌာနမှ ဆရာဝန်ကြီးများ၊ လုပ်ဖော်ကိုင်ဖက်များအားလုံး၊ မိခင်ကြီးစျာပန ကိစ္စအဝဝအား ကူညီဆောင်ရွက်ပေးပါသော လူမှုကူညီရေးအဖွဲ့အစည်းများ၊ မိတ်ဆွေသူငယ်ချင်းများနှင့် ဝိသာခါဖောင်ဒေးရှင်းအဖွဲ့ဝင်များ၊ TMW နှင့် ABC-MIB Group မှ ဝန်ထမ်းများအားလုံး၊ ရပ်ဝေးရပ်နီးမှ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ သတင်းစာများ၊ ဖုန်းနှင့် လူမှုဆက်သွယ်ရေးကွန်ရက်များမှတစ်ဆင့်လည်းကောင်း နှစ်သိမ့်အားပေး ဝမ်းနည်းစကားပြောကြားပေးကြသော၊ လွမ်းသူ့ပန်းခြင်းပန်းခွေပေးပို့ကြသော၊ သင်္ကန်းနှင့်လှူဖွယ်များပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ကျေးဇူးတင်ထိုက်သူအားလုံးကို အထူး ကျေးဇူးတင်ရှိပါသည်။

**ခင်ပွန်း ဦးရဲခေါင်ညွန့်**
**သမီး ဒေါ်ခင်ဆွေသစ်-ဗိုလ်မှူးဦးထွန်းမောင်(ငြိမ်း)မိသားစု**
**သမီး ဒေါက်တာ ဒေါ်ဝင်းမင်းသစ်-ဦးဝေလွင် မိသားစု**
**မြေး၊ မြစ်၊ တီ၊ တွတ်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မမ
### အသက်(၉၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နေ (ဦးဖေကြီး)၏ ချစ်လှစွာသောဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း-ဒေါ်သန်းသန်းနွယ်တို့၏မိခင် ဒေါ်မမသည် ၂-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ်ကျော်ဆန်း(ငြိမ်း)နှင့် ဒေါ်ကြည်ကြည်ဝင်း မိသားစု**

## ဦးကြည်ပိန်
### (ယခင် ကျားပုံဆေးတိုက်၊ ဖျာပုံမြို့)
### အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ပထမသီရိရိပ်သာ၊ အမှတ် ၁၆၂/၁နေ (ဒေါ်စိန်ညွန့်)၏ခင်ပွန်း၊ ဦးစိန်ဝင်း-ဒေါ်နီနီအေး(USA)၊ ဒေါက်တာဦးမောင်မောင်ဦး-ဒေါ်လီလီဝင်း(USA)၊ မြေးသုံးယောက်တို့၏အဘိုးသည် ၃-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၃၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၈ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်မမ
## အသက်(၉၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နေ (ဦးဖေကြီး)၏ ချစ်လှစွာသောဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း-ဒေါ်သန်းသန်းနွယ်နှင့် မန္တလေးမြို့နေ ဗိုလ်မှူးချုပ်တင်မောင်အုန်း(ငြိမ်း)-ဒေါ်အေးအေးတို့၏မိခင် ဒေါ်မမသည် ၂-၁-၂၀၁၈ရက် မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်သန့်စင်**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးသောင်း အသက်(၈၆)နှစ်
### B.S.Cer.Engg (U.S.A), KERAMOS (Missouri Chapter,57)
### (ဒု-ညွှန်မှူး၊ စက်မှု ကြွေ/မြေ)(အငြိမ်းစား)

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နေ (ဦးဆင်-ဒေါ်ကျင်မယ်)တို့၏သား၊ ရွှေလောင်းမြို့နေ ဒေါ်မြကြည်၏မောင်၊ ရန်ကုန်မြို့နေ (ဒေါ်တင်တင်လွင်)၊ ဒေါ်ငွေငွေဦး(Ex-ဌာနခွဲမှူး၊ စက်မှုကြွေ/မြေ)တို့၏ခင်ပွန်း၊ ဦးစိုးမြတ်(B.E, Mechanical)-ဒေါ်သီသီဆွေ(စင်ကာပူ)၊ဒေါ်ချိုချိုသောင်း(B.E, Mechanical)-ဦးမေအောင်(တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်သီတာသောင်း(B.Sc,Botany Q)၊ ဦးကျော်ကျော်စိုး(B.E,Mechanical)(Zeya & Associates Co.,Ltd)-ဒေါ်ခိုင်ဟေမာန်လွင်၊ ဦးဇော်ဇော်ထွန်း(B.E, Mechanical)-ဒေါ်ခိုင်သဉ္ဇာဝင်း(စင်ကာပူ)တို့၏ဖခင်၊ မစိုးသီရိဆွေ(စင်ကာပူ)၊ မောင်ကျော်ဇေယျာဝင်း(စင်ကာပူ)၊ မသီရိမေဇင်(ရန်ကင်း TTC)၊ မောင်ဝေယံကျော်စိုး(ရန်ကင်း TTC)တို့၏အဘိုးသည် ၄-၁-၂၀၁၈ရက်(ကြာသပတေးနေ့)ညနေ ၅း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၁-၂၀၁၈ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့၊ မြေနုလမ်း၊ အမှတ် ၃၃၊ အခန်း C-2၊ ပထမထပ်နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်ငွေ (သန်လျင်)
### အသက်(၇၅)နှစ်

သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ် ၄နေ (ဦးချစ်စိန်-ဒေါ်အေးကျင်)တို့၏သား၊ (ဦးအုန်းမောင်-ဒေါ်ယဉ်ကြူ)တို့၏သားသမက်၊ ဒေါ်ခင်စန်းနွဲ့၏ခင်ပွန်း၊ ဦးသန်းထွဋ်-ဒေါ်မိုးမိုးသင်း(ရွှေသရဖူ စက်သုံးဆီရောင်းဝယ်ရေး)၊ ဦးကိုကိုအောင်-ဒေါ်သန်းသန်းလှ၊ ဦးညီညီအောင်-ဒေါ်ဝင်းဝင်းအေး၊ ဦးတက်တိုးလင်း-ဒေါ်ဖူးပွင့်သင်းတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၄-၁-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၈ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၈၈၂၅၅၊ Honda Dream 125M/ ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူအမည် ဦးကျော်ဝင်း မှတ်ပုံတင်အမှတ် ၁၀/မလမ(နိုင်)၁၀၄၀၄၅မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## အများသိစေရန်ကြေညာချက်

၁။ သာကေတမြို့နယ်၊ (၆/အရှေ့)ရပ်ကွက်၊ ဝေဇယန္တာ(၁၅)လမ်း၊ အမှတ် (၈၈၆/က)တွင် ၁ခန်းတည်း (၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ရန် မြေရှင် ဦးသိန်းဦး (SP) ဦးကျော်မျိုးလွင်၊ လိုင်စင်ရ ကန်ထရိုက်တာ ဦးသန်းလှိုင်ဦး (LC-1179)၊ လိုင်စင်ရအင်ဂျင်နီယာ ဦးကျော်ဝင်းသိန်း (LS-460) တို့အား ဤဌာန၏ (၂၉-၇-၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၇၉၃/၇၉၄/စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ ၁ခန်းတည်း (၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်အား ဆောက်လုပ်ရန် ဆန္ဒမရှိတော့သဖြင့် ဆောက်လုပ်ခွင့်ပြုမိန့်အား ပယ်ဖျက်ခွင့်ပြုပါရန် မြေရှင်၏(SP) လိုင်စင်ရကန်ထရိုက်တာနှင့် လိုင်စင်ရအင်ဂျင်နီယာတို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစံအောင်
### အသက်(၈၆)နှစ်

ဦးဝင်းရွှေ(ညွှန်ကြားရေးမှူး၊ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန)-ဒေါ်ဝင်းဝင်းကြည်တို့၏ဖခင် ဦးစံအောင် အသက်(၈၆)နှစ်သည် ၄-၁-၂၀၁၈ရက်တွင် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ မြောက်ကြိတ်စုကျေးရွာနေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာတင်သိန်း
### Ph.D (Sorbonne University Paris)
### အမျိုးသားစာပေဆု(သိပ္ပံ)၊ သိပ္ပံပညာထူးချွန်ဆု
### ဘူမိဗေဒပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်
### (အချိန်ပိုင်းပါမောက္ခ)

လေးစားချစ်ခင်ရပါသော ဆရာကြီး ၂၉-၁၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဒဂုံတက္ကသိုလ်နှင့်**
**ဘူမိဗေဒမိသားစု၊ ဒဂုံတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း မျိုးမင်းသန့်(Raffles Ship Management)၏ဖခင် ဦးတင်မြင့် (အမျိုးသားစာပေဆုရ ဆရာနေမျိုးသန့်/တင်မြင့်)သည် ၃၁-၁၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**C.D.21 မှ သူငယ်ချင်းများ**

## အထူးကျေးဇူးတင်ရှိခြင်း
## ဒေါက်တာငင်ကျင်ခိုင်
### အသက်(၄၇)နှစ်

၂၈-၁၂-၂၀၁၇ရက်(ကြာသပတေးနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားသော ဒေါက်တာငင်ကျင်ခိုင်၏ နာမကျန်းဖြစ်ခဲ့စဉ် တစ်လျှောက်တွင် ကူညီစောင့်ရှောက်ကုသပေးခဲ့ကြပါသော မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ University Malaya, Sunway Medical Center နှင့် Tzu Chi Medical Association မှ ပါရဂူကြီးများ၊ ဆရာဝန်ကြီးများ၊ သူနာပြု ဆရာ၊ ဆရာမများ၊ မလေးရှားနိုင်ငံရှိ မြန်မာဆရာဝန်ကြီးများ၊ သူနာပြုဆရာ၊ ဆရာမများနှင့် မလေးရှားနိုင်ငံ Kuala Lumpur Baptist Churchမှ သင်းအုပ်ဆရာမကြီးနှင့်တကွ အသင်းသူအသင်းသားများ၊ အစဉ်မပြတ်ဆုတောင်းပေးနေခဲ့ကြသော ပြည်တွင်းပြည်ပရှိ အသင်းတော်အသီးသီးမှ ခမ္မမိတ် ဆွေညီအစ်ကိုမောင်နှမများ၊ နှစ်သိမ့်အားပေးခဲ့ကြသော သူငယ်ချင်းမိတ်ဆွေအပေါင်းအသင်းများ အားလုံးအား ကျေးဇူးတင်ရှိပါကြောင်းနှင့် ခေါ်တော်မူခြင်းခံရပြီးနောက် ဈာပနကိစ္စအဝဝအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြသော မြန်မာနိုင်ငံရှိ Immaunel Baptist Church, Chin Baptist Churchနှင့် Siyin Baptist Churchမှ ဆရာတော်ကြီးများနှင့်တကွ ခမ္မမိတ်ဆွေညီအစ်ကိုမောင်နှမများ၊ မလေးရှားနိုင်ငံရှိ Nrivana Association နှင့် မြစ်ကြီးနားမြို့၊ မန္တလေးမြို့၊ နေပြည်တော်၊ ကလေးမြို့နယ်နှင့် ပြည်တွင်းပြည်ပနယ်အသီးသီးမှ လာရောက်မေတ္တာပြသပေးကြသော မိဘညီအစ်ကိုမောင်နှမများအားလုံးနှင့် ဈာပနကိစ္စအဝဝအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးသူရအောင်(ခ)ကိုပေါက်
### စိန်ဂျွန်းကျောင်းသားဟောင်း
### အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်းကြီးလမ်း၊ အမှတ် ၇၂(ပ-A)နေ (ဦးသိန်းအောင်-ဒေါ်မြမေ)တို့၏သား၊ (ဦးကြည်ပင်ဝှမ်-ဒေါ်ခင်သိန်း)တို့၏သားသမက်၊ ဒေါ်ကြည်ကြည်လှိုင်၏ခင်ပွန်း၊ မောင်ဇော်ဇော်အောင်-မအိမ့်နှန်ကျော်အောင်၊ မောင်မျိုးသန်းထိုက်၊ မထက်အိအိထွန်းတို့၏ဖခင်၊ ဦးသူရအောင်(မြို့နယ်သမဝါယမအသင်းစုလီမိတက်၊ အုပ်ချုပ်မှုဒါရိုက်တာ၊တိုင်းသမဝါယမဒါရိုက်တာအဖွဲ့ဝင်၊အိုးဘိုသမဝါယမအသင်းဥက္ကဋ္ဌ)သည် ၄-၁-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင်ထိန်ပင်အေးဘိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဖိုးဇော်မြင့်(ခ)
### Inkahing Bon
### (ပုသိမ်စီးပွားရေးလမ်းညွှန်၊ သုံးရောင်ခြယ်ကျောင်းသား၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)
### (မေတ္တာရိပ်လူမှုကူညီရေးအသင်းအမှုဆောင်)
### (ကရုဏာနာရေးကူညီမှုအသင်းအမှုဆောင်ဟောင်း)
### အသက်(၅၀)

ပုသိမ်မြို့၊ ပြည်တော်သာတိုက်(၇)၊ အခန်း (၆)နေ ဦးစန်းတင့် (ဆလက၊ ငြိမ်း)-(ဒေါ်ခင်လေးမြင့်)တို့၏ တစ်ဦးတည်းသောသား၊ (ဦးဦးကြွယ်-ဒေါ်ခင်ခင်ညွန့်)၊ (ဦးတင်ဇော်)၊ ဒေါ်ခင်လေးတင့်၊ဦးကြည်ဝင်း၊ဦးသန်းထွဋ်၊(ဦးမြင့်မောင်)၊ ဦးမြင့်ထွေး၊ (ဦးဝင်းမောင်)တို့၏တူ၊ ဦးပြည်ဟိန်း၊ ဒေါ်ခင်စံပယ်ဦး၊ ဒေါ်ခင်သီတာဦး၊ ဒေါ်ခင်သန္တာဦး၊ ဒေါ်အေးအေးအောင် (မြန်မာစာဌာန၊ ပုသိမ်တက္ကသိုလ်)တို့၏မောင်၊ ဦးကျော်စွာလင်း၊ ဒေါ်ရီရီလွင်၊ ဒေါ်သီတာအောင်၊ ဦးကျော်စိုးနိုင်၊ ဒေါ်ညွန့်သင်း၊ ဒေါ်ချိုယမင်း၊ ဦးကျော်ထက်၊ ဦးညွန့်မင်း၊ ဒေါ်နှင်းအေးမွန်၊ ဒေါ်နွယ်နွယ်ဝင်းမွန်၊ ဒေါ်ဥမ္မာအောင်၊ ဒေါ်အိအိမောင်၊ ဒေါ်မို့မို့မောင်၊ ဦးကျော်တင့်၊ ဦးဆုပိုင်ထက်တို့၏အစ်ကို၊ တူ၊တူမ ၁၀ယောက်တို့၏ဦးလေးသည် ၃-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၅နာရီတွင်ကွယ်လွန်သွားပါ၍ ၅-၁-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ပုသိမ်မြို့၊ ရေကြည်မင်္ဂလာကျောင်းလမ်း၊ အမှတ် (၆၆-ဖ)နေအိမ်မှ သရက်ချောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၈ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်ဇော်မင်း(ခ)
## ကိုဘဲလေး
### (B.Sc Chemistry)
### (အလုပ်ရုံစုမှူး)
### ကျောက်ဆည်(မှန်စက်ရုံ)
### အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ လှော်ကားဓာတ်အားခွဲရုံဝင်းနေ [ဦးတင်မြင့်(ခ)ဦးကျော်အေး] - ဒေါ်ခင်စန်းတို့၏သား၊ ဦးအောင်ကျော်ညွန့် (လှော်ကားခွဲရုံ)၊ (ဦးမြင့်ဇော်)-ဒေါ်တင်တင်ခိုင်၊ မသီဂီလွင်တို့၏ညီ/မောင်၊ဒေါ်ကေသီမိုး (ထောက်ကြန့်လျှပ်စစ်ရုံး)တို့၏ အစ်ကို၊ မောင်ပေါ်ဦးထွန်း၏ ဦးလေးသည် ၃-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၈ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါ လျှပ်စစ်ဝင်းဝန်ထမ်းအိမ်ရာသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်အေး (ဝဲလောင်)
### အသက်(၉၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ဝဲလောင်မြို့နေ (ဦးမောင်ငယ်-ဒေါ်ဖွားရှုံ)တို့၏သမီး၊ ဦးမျိုးတင့်(ကော်မတီဝင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်ချိုချိုမြင့်၊ (ဦးနိုင်ဝင်း)-ဒေါ်သောင်းသောင်းဦး၊ ဒေါ်ဝင်းမြင့်အေး၊ (ဗိုလ်မှူးတင်ထွန်း)-ဒေါ်သန့်ဇင်အေး၊ ဦးဉာဏ်မြင့်-ဒေါ်မေသန္တာ၊ ဦးခင်ဇော်မြင့်-ဒေါ်ကြည်ကြည်ငြိမ်း၊ ဦးထင်ကျော်-ဒေါ်သန်းသန်းစိန်၊ ဗိုလ်ကြီးဝင်းကြိုင်-ဒေါ်နှင်းနှင်းခိုင်တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီး၊ [ဗိုလ်ကြီးအောင်မြင့်(ငြိမ်း)]၏ ချစ်လှစွာသောဇနီးသည် ၄-၁-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၈ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်အေး(ဝဲလောင်) အသက်(၉၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ဝဲလောင်မြို့နေ (ဦးမောင်ငယ်-ဒေါ်ဖွားရှုံ)တို့၏သမီး၊ (ဒေါ်စန်းကြည်)၊ (ဒေါ်ပုကြီး)တို့၏ညီမ၊ ဒေါ်တင်ဖြူ၊ ဒေါ်တင်ညို၊ ဗိုလ်မှူးကြီးသိန်းအောင်(ငြိမ်း)၊ (ဦးသိန်းကြည်)တို့၏အစ်မ၊ မိတ္ထီလာမြို့၊ အမှတ်(၂) သာယာကုန်းရပ်နေ [ဗိုလ်ကြီးအောင်မြင့်(ငြိမ်း)]၏ချစ်လှစွာသောဇနီးသည် ၄-၁-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၈ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစီရွှေလှ
### အသက်(၉၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီအုန်ကုန်းလမ်း၊ အမှတ် ၁၀၆(ဘီ)နေ (ဦးပီရွှေလှ-ဂျဲဂန်ဒို)တို့၏ချစ်လှစွာသောသား၊ ဒေါ်သန်းကြည်၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ဖလော်ရင့်စ်)၊ (မန်းလိုင်နင်လှ)တို့၏ ညီ/မောင်၊ ဂျဲမေဘယ်၏အစ်ကို၊ ဦးစခင်နိုင်-နော်အဲလ်နောဝေ၊ ဦးစထွန်းလှိုင်-ဒေါ်မေရီဘဲလ်လှ၊ ဝေါင်ကျင်စိန်-နန့်ယဉ်ယဉ်အေး၊ (ဦးဝင်းတင်)-ဒေါ်နုနုထွေးတို့၏ ချစ်လှစွာသောဖခင်၊မြေးကိုးယောက်တို့၏အဘိုး၊မြစ်ခြောက်ယောက်တို့၏အဘေးသည် ၄-၁-၂၀၁၈ရက် နံနက် ၀၀း၅၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၁-၂၀၁၈ရက် (သောကြာနေ့)တွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးလှသိန်း(ငြိမ်း) အသက်(၈၃)နှစ်
### လေ-၁၃၁၆၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ MEPE
### (ပန်းတနော်)

ရန်ကုန်မြို့နေ (ဦးကိုကိုကြီး-ဒေါ်သန်း)တို့၏သား၊ (ဒေါ်လှလှ)၏မောင်၊ ဒေါ်ခင်စီ၊ (ဒေါ်ခင်အေးမြင့်)တို့၏အစ်ကို၊ ဒေါ်ဆွေဆွေမြင့်၏ချစ်လှစွာသောခင်ပွန်း၊ (ဦးသိန်းထွဋ်)-ဒေါက်တာခိုင်ဆွေသိန်း၊ ဦးဇင်အောင်ဆွေ-ဒေါ်ဝင်းမာသိန်း၊ ဦးမင်းဆွေသိန်း-ဒေါ်မာလာနွယ်တို့၏ချစ်လှစွာသောဖခင်၊ ဒေါက်တာအာကာမင်း၊ မဝင့်မွန်ဆွေ၊ မသန္တာသိန်း၊ မပွင့်မွန်ဆွေတို့၏အဘိုးသည် ၃-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)ည ၈း၀၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁း၂၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်း (ဆောမြို့)
### အသက်(၇၈)နှစ်

မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၊ ဇေယျာရပ်ကွက်နေ (ဦးသိန်းထွန်း)(မူ/အုပ်၊ ငြိမ်း)၏ဇနီး၊ ဦးမြင့်လွင်-ဒေါ်မွေးမွေးလွင်(ခေတ္တ-စင်ကာပူ)၊ ဦးငွေးလွင်-ဒေါ်သီတာ၊ ဒေါ်ခင်မာလာမြင့်(လ/ထစက်ရုံမှူး၊ ဓာတ်မြေသြဇာစက်ရုံ၊ စလေ)၊ ဒေါ်ခင်သီသီခိုင်(အလပြ၊ အထက၊ ဆောမြို့)၊ ဦးမျိုးမြင့်သန်း၊ ဒေါ်ခင်မော်မော်နိုင်(သူနာပြုဆရာမကြီး၊ ခုတင်-၅၀၀ အထူးကုဆေးရုံကြီး)၊ ဦးမျိုးမြင့်ဝင်း-ဒေါ်အေးအေးထူး(ခေတ္တ-စင်ကာပူ)တို့၏ ချစ်လှစွာသောမိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၄-၁-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၅း၄၅နာရီတွင် ခုတင်-၅၀၀ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဟန်း၊ သိမ်၊ ကျောင်း၊ အလှူ့ဒါယိကာမကြီး
## ဒေါ်စိန်လှိုင်
### အသက်(၇၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နေ (ဦးကျင်ဟုတ်-ဒေါ်ကျင်မွေး)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ (ဦးအေးဖေ-ဒေါ်သန်းကြည်)တို့၏သမီး၊ [ဦးကြိုင်လွင်(ခ)ဦးမောင်မောင်]၏ဇနီး၊ ဦးခင်မောင်အေး-(ဒေါ်ခင်မာရီ)၊ ဦးသန်းဇော်-ဒေါ်ခင်မာလွင်၊ ဦးမောင်ကြီး-ဒေါ်ခင်မာစိုး၊ သူရမောင်မောင်-မလဲ့ဝတ်ရည်တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၃-၁-၂၀၁၈ရက် ည ၁၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၈ရက် နံနက် ၉နာရီတွင်ရေဝေးသုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ လမ်းမတော်မြို့နယ်၊ လမ်းမတော်အောက်လမ်း၊ အမှတ် ၈၁၊ ညောင်ပင်လေးဈေးအနီးနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှလှသန်း (ရေးမြို့)
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းသွယ်၊ အမှတ် (၅၉/၆၁-B)နေ(ဦးကြူး-ဒေါ်ခင်သန်း)တို့၏သမီး၊ (ဦးခိုင်-ဒေါ်ခင်သန့်)တို့၏သမီးချွေးမ၊ (ဦးမျိုးခိုင်)၏ဇနီး၊ မမေသန့်စင်ခိုင်၊ (မဆွေသန့်စင်ခိုင်)၊ မသင်းသန့်စင်ခိုင်တို့၏မိခင်၊ ဦးမျိုးဆွေ-ဒေါ်ခင်မူ၊ ဦးမြင့်ဆွေ-ဒေါ်မြင့်မြင့်သန်း၊ ဦးမျိုးညွန့်-ဒေါ်လှလှမြင့်၊ ဦးညွန့်ဆွေ-ဒေါ်နီနီသန်းတို့၏ညီမ၊ ဒေါ်နုနုသန်း၏အစ်မသည် ၄-၁-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၁း၁၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၈ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု



နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်

# လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၁၈ ခုနှစ် နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှေ့၌ ကျင်းပသည်။

အခမ်းအနားကို ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရ ငြိမ်းချမ်းရေး" ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး၊ စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေးဟူသည့် အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ☆

# KBZ Bank Women's League ပြိုင်ပွဲတွင် ဇွဲကပင်အသင်း နှစ်ပွဲဆက် ဂိုးပြတ်နိုင်

**ရန်ကုန် ဇန်နဝါရီ ၄**

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၂) တတိယနေ့အဖြစ် တက္ကသိုလ်အသင်းနှင့် ဇွဲကပင်အသင်းတို့ ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ ဇွဲကပင်အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။**




ဇွဲကပင်အသင်းနှင့် တက္ကသိုလ်အသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

ဇွဲကပင်အသင်းသည် အသင်းခေါင်းဆောင် သန်းသန်းထွေး၊ လဲ့လဲ့လှိုင်၊ စန်းသော်သော် စသည့်အမာခံကစားသမားများဖြင့် ပွဲထွက်ခဲ့ပြီး ဒုတိယပိုင်း သွင်းဂိုးများဖြင့် နှစ်ပွဲဆက် အနိုင်ရခဲ့ခြင်း ဖြစ်သည်။ တက္ကသိုလ်အသင်းသည် ပထမပွဲထက် ကစားပုံပိုကောင်းခဲ့ပြီး ပထမပိုင်းတွင် ဇွဲကပင်တိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ဂိုးများပေးခဲ့ရာ ရှုံးပွဲဆက်ခဲ့သည်။

ဇွဲကပင်အသင်းအတွက် အနိုင်ဂိုးများကို ၆၁ မိနစ် နှင့် ၈၄ မိနစ်တွင် စန္ဒာထွေး၊ ၇၆ မိနစ်တွင် စန်းသော်သော်၊ ၉၀+၂ မိနစ်တွင် သန်းသန်းထွေးတို့က သွင်းယူခဲ့သည်။ ဇွဲကပင်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ထိပ်ဆုံးမှ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းကို အမှတ်တူဖြင့် လိုက်လံဖိအားပေးလျက်ရှိသည်။ ပွဲစဉ်(၂) နောက်ဆုံးနေ့အဖြစ် ဇန်နဝါရီ ၅ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ သစ္စာအားမာန်အသင်းနှင့် ဂန္ဓမာအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ရဲရင့်ရှိုင်း**

**ဘူးခင်းလေးကစလိုက်တဲ့ အတွေးက အခုဆိုရင် နိုင်ငံအကျိုးပြုတဲ့ ပရောဂျက်တစ်ခုကိုရခဲ့၊ မြန်မာတွေ မည့်ဘူးဆိုတာကို သက်သေပြနိုင်ခွင့်ရလို့ အမိမြေအတွက်လည်း အကျိုးရှိတဲ့ပွဲ ဖြစ်ပါတယ်**

*တွေ့ဆုံမေးမြန်း* စာ ၈

**ရန်ကုန်မြို့တွင် ကျင်းပမည့် ကလေးစာပေပွဲတော် မည်သူမဆို ပါဝင်ဆင်နွှဲနိုင်** စာ ၁၀

